www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မြတ်သုစံ(ဝါးခယ်မ)
စီစဉ်သည်

တစ်ပြည်လုံးဖြန့်ချိရေး

စာအုပ်တိုက်

Asia PLaza Shopping Centre

ပထမထပ်၊ အခန်းအမှတ်(၁၅)၊ ဉာဏလမ်းနှင့် ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း။ ၀၁-၃၉၁၀၇၀၊ (လိုင်းခွဲ-၁၁၇)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၁၄၄၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၂၀၃၀၆၀၂ |
| မျက်နှာဖုံးသရုပ်ဖော် | ထက်မိုး |
| ကွန်ပျူတာစာစီ | မျိုးကြီး |
| ထုတ်ဝေသူ | ဒေါ်အေးကြည်ပြာ(၁၀၂၁)<br>မော်ဒန်စာပေ<br>၂၆၊ အခန်း(၂၀၃)<br>၈-လမ်း(ဘီ)၊ ယုဇနဥယျာဉ်မြို့တော်<br>ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့ |
| မျက်နှာဖုံး/အတွင်းပုံနှိပ် | ဒေါ်အေးအေးခိုင်(၀၃၈၈၅)<br>စိန်ကြယ်ပုံနှိပ်တိုက်<br>အမှတ်-၇၂၊ လမ်း(၃၀)၊ ရန်ကုန်မြို့ |
| စာအုပ်ချုပ် | ဦးတင်လှ |
| စာအုပ်တိုက်အမှတ်တံဆိပ် | ပန်းချီနေဝင်းအောင် |
| အတွင်းဖလင်နှင့်ကာလာခွဲ | ကိုမျိုးညွန့်<br>(၁၄လမ်းအထက်)<br>Empire Colour Repro |
| အတွင်းသရုပ်ဖော် | ဝီမောင်၊ ထက်မိုး၊ ဇော်ပေါက် |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်၊<br>၂၀၀၆ခုနှစ်၊ ဇွန်လ |
| စောင်ရေ | ၅၀၀ |
| တန်ဖိုး | ၈၀၀ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# မကြည်ပြာ

## ကြောက်ရတဲ့အဖြစ်တလေးတွေ

နှင့်

ဝေါ့ဝေါ့ဝါးဝါး ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

“

ပြော (ဂျ)ဂျက် နိုင်ယာဂျီ

www.burmeseclassic.com

www.burmeseclassic.com

## --- မာတိကာ ---

၁။ ဧပြီ ၇ ရက် ဒိုင်ယာရီ
၂။ ကြောက်ရတဲ့အဖြစ်ကလေးတွေ
၃။ သေခြင်းတရား
၄။ အချစ်အိပ်မက်
၅။ စိတ်ကျေနပ်
၆။ အချစ်၏ နေ့သစ်များ
၇။ မြစိမ်းရောင် မိုးစက်ပွင့်
၈။ နှင်းပွင့်သံစဉ်များ
၉။ မရနိုင်တော့သော လိုအပ်ခြင်း
၁၀။ သူမသည်
၁၁။ ချစ်ပုစ္ဆာအဖြေလေးတစ်ခု
၁၂။ ငြိမ်းချမ်းရာ
၁၃။ ပန်းဖျော့နှင်းဆီ
၁၄။ အရိပ်မဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတွေ ပြာဝေသွားသည်။ နလုံးသွေးလည်ပတ်မှု တခဏမျှ ရပ်သွားသလိုပင်။ သို့သော် ရပ်ပျက်မသွားခင် ကိုယ့်ကိုကိုယ် ပြန်ထိန်းလိုက်နိုင်၏။ မေးခွန်းစာရွက်ပေါ်မှ အကြည့်ကိုဖယ်ပြီး ဘေးဘီကို မျက်စိကစားလိုက်သည်။

သန်းနိုင်၊ ခင်ခင်ငြိမ်း၊ တင်တင်အောင်နှင့်အတူ မိမိမသိသော သူများ။

သူတို့လည်း ကိုယ့်လိုပင်ဖြစ်မည်၊ အားလုံးမေးခွန်းကိုကြည့်၍ ကြောင်နေကြပုံရသည်။ ဘေးမှာ ကိုယ်မသိသောကောင်လေးတစ်ယောက်။ သူကတော့ တစ်မျိုးပင်ဖြစ်သည်။ (၁၀)တန်း စာမေးပွဲဖြေနေခြင်းကိုမျှ သတိရပာန်မတူ။

ဇော်ဒန်အနုပညာချစ်ချင်ရေး

www.burmeseclassic.com

www.burmeseclassic.com



အခန်းစောင့်ဆရာမနှစ်ဦးကို လှမ်းကြည့်လိုက်၏။ ကိုယ့်တီချယ်များ ဖြစ်နေမလားလို့။

သို့သော်မြင်ကွင်းက ကံသည်ကိုယ့်ဘက်မှာမရှိမှန်း လုံးလုံးသိသာသွားသည်။ တစ်ယောက်ကတောင် ကိုယ့်ကျောင်းကမဟုတ်။ တစ်ခုခုလုပ်ချင်လျှင် ကိုယ့်ကျောင်းသိက္ခာကို ငဲ့ရမည်ပဲ။

စိတ်ထဲက ကိုရီးယားကျင်ဆန်းမီ ပိတ်စလို လျှောခနဲ ကျချင်နေ၏။

" ကဲ...အချိန်မရှိဘူး။ မြန်မြန်ဖြေမှ"

ကိုယ့်ကိုကိုယ် ခပ်ဆတ်ဆတ်လေး အားပေးလိုက်၏။

မေးခွန်းကို စတင်၍ဖတ်လိုက်သည်။ ဆက်ရှင်ဝမ်း လေးမှတ်တန် ,အပိုင်းတစ် နံပါတ်တစ်အပုဒ် လုံးဝမရ။ နှစ်အပုဒ်၊ ဘာဖြေခိုင်းထားမှန်းမသိ။ သုံးအပုဒ် အဲ...ဝမ်းသာလွန်း၍ထပင် ခုန်ချင်သွားသည် မဟုတ်ပါလား။ နောက်လေးအပုဒ်၊ သင်တုန်းကတော့ ကျက်ဖူးသည်။ ရသေးသလား၊ စဉ်းစားစမ်း။ ဟင်း...ဘာတွေမှန်းလဲမသိ၊ ဗိုးတိုးဝါးတား ရိပ်တိတ်တိတ်။ နံပါတ်ငါးအပုဒ်လည်း လုံးဝမရပြန်။

တဖြည်းဖြည်းရင်ခုန်လာ၏။ အသက်ပင် ရှဲရှဲမရှူရဲတော့။

"ကဲပါလေ၊ ကိုယ်ရတာပါချင်ပါ့ဘူးပေါ့။ အားတင်းစမ်း။ စိမ်မရောက်ခင် မြူ...ဒုန်တာ ရှုံးခြင်းတစ်မျိုးပဲ "

ခေါင်းကို ပြန်မော့လိုက်သည်။ ပြီး ဆတ်ခနဲ ခါလိုက်၏။ အားအင်တွေ ရင်ထဲပြန်တိုးဝင်လာ၏။

နံပါတ်ခြောက်၊ "ဟင်...သူ့ကိုလည်း ပြန်စဉ်းစားလို့မရတော့ပါလား"

"အို...ဘုရား...ဘုရား။ ဒုက္ခပါပဲလား၊ ငါတော့ မလွယ်ဘူးနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ခုနစ်။

"အမယ်လေး။ တော်ပါသေးရဲ့ ဒီအပုဒ်ကို ငါလုံးလုံးရတယ်"

ရှစ်နဲ့ကိုးကိုတော့ လုံးလုံးမရပြန်။ သွားပြီဆိုတာ ဒီကတည်းက သိလိုက်သည်။ အောင်ဖို့ဆိုတာ လွယ်ကိုမလွယ်တော့။

ဆက်ရှင်ဘီ။ ဆယ့်ခြောက်မှတ်တန် ခြောက်ပုဒ်ထဲမှ လေးပုဒ် ဖြေခွင့်ရှိသည်။ နံပါတ်တစ်။ တစ်ပုဒ်လုံးကို ခြုံပြီးဖတ်လိုက်သည်။

"ဟုတ်ပြီ၊ ဒါကိုးတန်းပိုင်းကပဲ သွားပြန်ပြီတစ်ပုဒ်၊ ကိုးတန်း ကိုးတန်းဆိုရင် လုံးလုံးမှမတတ်"

နံပါတ်နှစ်။ "ဟာ···ငါတော့သေပြီ၊ ဒါလည်း လုံးလုံးပြန် မကြည့်ခဲ့ဘူး"

စိတ်ထဲမှ မေးခွန်းထုတ်သူကို ကျိန်ဆဲလိုက်သည်။ မနှစ်ကတော့ တစ်ခန်းတည်းက တစ်ပုဒ်ပြည့်ပြည့်လုံးလုံးမမေးခဲ့ အကုန်လုံးကို လွတ်ငြိမ်း ချမ်းသာလုပ်ပြီး နှစ်ခန်းမှ တစ်ပုဒ်သာမေးခဲ့သည်။ခုတော့ မနှစ်ကမေးခဲ့သော အခန်းမှ တစ်ပုဒ်ပြည့်ပြည့် မေးထားသည်။ ကဲ···ဘယ်သူထင်မလဲ၊ နောက်တစ်ပုဒ်လည်း ဒီလိုပဲကိုယ်လွှတ်တဲ့ အခန်းမှ သူက ရက်ရက် စက်စက်။

" ဟူး "

သက်ပြင်းချလိုက်သည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲနေသဖြင့် မျက်နှာကို လက်ကိုင်ပုဝါနှင့် တစ်ချက်သုတ်လိုက်သည်။ လေတဟူးဟူး တိုက်နေသော လေးထပ်ဆောင်ထဲတွင် အသက်ရှူရ၍မဝ၊ မွန်းကျပ်နေ၏။ စိတ်ဓာတ်က ကျချင်နေပြီ၊ မနည်းကြိုး တုတ်ကောင်းကောင်းနှင့် ထောက် ပေးနေရ၏။ နောက်တစ်ပုဒ်ကလည်း ကျက်ထားသော်လည်း ပြန်မနွှေးခဲ့ရ နာမည်မှ မထွက်တာ။ မေးမယ်လည်း မထင်ဘူးလေ။ အရေးကြီးတယ် ဆိုတဲ့ အပုဒ်တွေပြန်ကြည့်နေတာနဲ့ပဲ အချိန်ကကုန်သွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်ပုဒ်ကိုတော့ရသည်။ နည်းနည်းနေသာသလို ရှိသွား၏။

သေသေချာချာ ပြန်တွေးကြည့်လျှင်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပြန်။ သည် ၁၆ မှတ်တန်တစ်ပုဒ်တည်းနဲ့လည်း အမှတ် ၄၀ ဘယ်လိုမှ မရနိုင်။ ကိုယ့်ကိုယ်ကို သိနေ၏။ တဖြည်းဖြည်း စိတ်ညစ်သွားသည်။ အစကောင်းမှ အနှောင်းသေချာဆိုသော စကားသည် သည်နေရာရောက်မှ လွဲတော့မည်ထင်သည်။

နှစ်စကတည်းက စာမှန်မှန်ကျက်၊ ကျောင်းမှန်မှန်တက်ခဲ့သည်။ အားလုံး သူများထက်မသာတောင် တန်းတူတော့ရှိမည်။ အများတကာကျက်တာတွေ ကိုယ်လည်း အားလုံးရသည်။

"ဘယ်လိုလဲ လောကကြီးရယ်၊ အပတ်တကုတ်ကြိုးစားခဲ့သမျှ ဒီတစ်ချီတည်းနဲ့ အလဲထိုးတော့မှာလား။ ငါ ဆယ်တန်းကျတော့မှာလား"

ပထမနှစ်ဆိုမမှု၊ လုံးလုံးမမှု၊ ခုတော့ ၁၀တန်းကို ဒုတိယနှစ်။ ဒီနှစ်မှမအောင် အပြင်ကိုရောက်မည်။ ငါ့ဘဝက တကယ်ပဲ အောက်ကျတော့မှာလား။ ဝမ်းနည်းစိတ်တွေ ရင်ထဲမှာ ပြည့်လျှံလာသည်။ စိတ်ထဲ လုံးလုံးမှမကောင်း။

အပေါ်ကိုမော့ကြည့်လိုက်သည်။ ခေါင်မိုးအုတ်ပြားကြီးသည် တဖြည်းဖြည်းပို၍ နိမ့်လာသလို ထင်လိုက်မိသည်။

◈ ◈ ◈

ဘေးကကောင်လေးကို ကြည့်လိုက်တော့ ခေါင်းချကာ အိပ်နေ၏။ ထိုစဉ် အခန်းစောင့်ဆရာမက စာတုဗေဒဆရာမကြီးကို ခေါ်လိုက်သည်။ ဝင်လာသည့် တီချယ့်မျက်နှာလည်း လုံးလုံးမကောင်းရှိ။ ဘေးကကောင်လေးနားကို လျှောက်လာ၏။ တီချယ်သည် ထိုကောင်လေး၏ ဂုတ်ကို ပွတ်သပ်လျက်...

ဒေါ်ဒနှဒနု၊ ဦးကျော်ကျော်ရေး

www.burmeseclassic.com



"သား ဖြေလေ၊ ဘာလုပ်နေတာလဲ၊ မရ ရအောင်ဖြေ"

ညင်သာသောလေသံနှင့် ပြောနေရှာသည်။ ဆရာမက အားပေးနေသော်လည်း သူ့ကိုယ်တိုင် အားရှိပုံမပေါ်။

ရင်ထဲမှာ ဆို့၍တက်လာ၏။

"ကျွန်တော် ဘာမှမရဘူးဆရာမ၊ တစ်ပုဒ်မှ မရဘူး"

ကောင်လေးက ငိုသံပင်ပါလာ၏။

ကိုယ်ကလည်း "ဟုတ်တယ် တီချယ်၊ သမီးလည်းဘာမှမရဘူး၊ ဘာတွေမေးထားမှန်းလဲ မသိဘူး" ဟုပြောကာ ဖက်၍ငိုလိုက်ချင်သည်။ သို့သော် အများရှေ့မို့ အောင့်ထားလိုက်ရ၏။

"စာရွက်ကို ဒီအတိုင်းတော့မထားနဲ့ သားရယ်၊ မရရင်မေးခွန်းပဲ ပြန်ကူးသွား"

တီချယ်က ကိုယ့်ကိုကိုင်း၍ ခေါင်းလေးငုံ့ကာ ကျောကိုသပ်ပြီး ချော့မော့နေသည်။ ပြီးတော့ ပြန်ထွက်သွား၏။

ထိုစဉ် မျက်ရည်က ဝဲတက်လာ၏။ စိတ်ကို မနည်းပြန်တင်းလိုက်ရသည်။

ဆရာမက ဖြီးဖြန်းဖို့ ဘယ်ပြောပုံမလဲလေ။ အမှန်က ခုအင်္ဂလိပ်လိုဖြေရတော့ ဖြီးဖို့မပြောနဲ့ အကြောင်းအရာကို သိလျက်နဲ့ပင် ချပြီးမရေးတတ်။ တစ်ခါတစ်ရံ မေးခွန်းကိုဖတ်ပြီး နားမလည်၍ ဘာမေးမှန်းမသိ၍ မဖြေခဲ့။ အပြင်ရောက်မှ သူမေးထားသည်က ကိုယ်သေသေချာချာရသည့် အပုဒ်ဖြစ်နေမှန်း သိရသည်။ ယူကျုံးမရဖြစ်ရတာတွေလည်း (၃)နှစ်သက်တမ်းမှာ မနည်းတော့။ ကိုးတန်းတစ်နှစ်၊ ဆယ်တန်းနှစ်နှစ် ထုသားလည်း ကျနေပြီ။

"အို…ငါလည်း ရတာဖြေမယ်၊ မသိဘူး၊ ဟုတ်တာ မဟုတ်တာ အပထား သိသမျှ အကုန်ချရေး"



www.burmeseclassic.com

www.burmeseclassic.com



မေးတာတလွဲ ဖြေတာတခြား။

"အမှတ်ပေးတာ မပေးတာ ငါ့အလုပ်မဟုတ်ဘူး၊ ဖြေဖို့က ငါ့အလုပ်"

အစွမ်းကုန် ထုတ်ညှစ်ပြီး ဖြေတာတောင် စာရွက်က နှစ်ရွက်ပဲ ကုန်သည်။ စိတ်ထဲလုံးလုံးကို မကြိုက်။

ခေါင်းလောင်းထိုးဖို့ အချိန်က နီးကပ်လာသည်နှင့်အမျှ စိတ်ထဲမှာ ယူကျုံးမရဖြစ်ရသည်။ ဒေါကန်လာသည်။ ကျက်လိုက်ရသည့် စာတွေ၊ ကျောင်းဖွင့်သည့် ဇွန်တစ်ရက်မှ ဧပြီ ၇ ရက်အထိ တစ်ရက်မှ မနားခဲ့ရ။ ည · · ·ည ခြင်ဆိုသော အကောင်ကြီးတွေကိုက်၍ ခြေထောက်လည်း အနာတွေနှင့် ရွတ်တွနေပါပြီ။ ဒါတွင်နည်းလား။ မျက်နှာကိုလည်း ကြည့်ဦး။ နေရာမရွေး၊ ဒေသမရွေး စာအုပ်နှင့် အပ်ထားရ၍ ပါဝါမျက်မှန်က ခုဆိုလေးလုံးမက ၆၄လုံးပင် ဖြစ်နေပြီ လားမသိ။

မြန်မာစာနေ့က အားရသည်။ အင်္ဂလိပ်စာနေ့ကိုလည်း ကျေနပ် ခဲ့၏။ သင်္ချာကိုလည်း နှစ်သက်သည်။ အမှတ်ကို အတင်းဖြတ်ပြစ်တောင် ၆၆ အထက်ကသေချာသည်။ ခုတစ်ဘာသာမှ ကောင်းကောင်းခံနေရ၏။

ဒီတစ်ဘာသာနဲ့ပဲ သေတော့မှာလား။

ရီပို့ကတ်ထဲက အမှတ်တွေကို မြေးမြင်မိသည်။ ၆၅၊ ၇၀ ကျောင်းကောင်းမို့ ဒီကျောင်းကအမှတ်တွေကို စိတ်ချရသည်။

တဖြည်းဖြည်းနှင့် ရင်ထဲမှာ လေးလာ၏။ မေမေ့မျက်နှာကို အလျင်ဆုံး မြေးမြင်မိသည်။ မိမိကို အောင်စေချင်သူများ။

"ရအောင်ဖြေလေ" ဟုပိုင်းဝန်းအားပေးနေကြ၏။

ကံကလည်း ဆိုးလိုက်တာမတရား။ ၁၀ တန်းတွင် ၁၄ ခန်းရှိ၍ ၃ ခန်းက တချို့ကျောင်းများတွင် လုံးဝမသင်။ ခုမေးထားတာက လွဲ၍



www.burmeseclassic.com

www.burmeseclassic.com



၁ ခန်းမှ တစ်မှတ်ဖိုးမှပင် မပါ။ မိမိကျက်ထားတာက အခန်း ၁ မှ ၇ အထိ၊ နောက် ၉, ၁၄, ၁၅, ၁၆ တို့ဖြစ်သည်။ အခန်း ၁၄ မှ ဘုရိမင်းကို လွှတ်ထားလိုက်သည်။ ဒါကိုမေးထားသည်။ သူမေးတာကိုမှ ကိုယ်ကလည်း ရှောင်နေမိသည့်အဖြစ်။

" ဒေါင်...ဒေါင်...ဒေါင်..."

ခေါင်းလောင်းသံက နားထဲကို ဆူညံစွာတိုးဝင်လာသည်။

စာရွက်ကို ပြန်ကြည့်ချင်စိတ်ပင် အလျှင်းမရှိတော့။ အောင်ချင်အောင်၊ မအောင်ချင်လည်း နေတော့။ အစွမ်းကုန်တော့ ဖြေထားသည်။ မိမိတစ်နှစ်ပတ်လုံး ကြိုးစားကျက်မှတ်ထားတာတွေကို ကိုယ်စောင့်နတ်တော့ သိလိမ့်မည်။ မတတ်နိုင်တော့။ သည်အချိန်ရောက်မှတော့ ဘာမှလုပ်လို့ မရပြီ။

စာရွက်ကို ဆရာမလက်ထဲ ထည့်လိုက်၏။ မပေးချင်လည်း ပေးရပေဦးမည်။

အားလုံးပြီးသွားသည်နှင့် တစ်ခန်းလုံး ဆူညံသွား၏။

"ဘာတွေ မေးထားမှန်း မသိဘူး။ ကျမှာပဲ သွားပြီ"

ကောင်လေးတွေ တချို့က မေးခွန်းထုတ်သူကို ကျိန်ဆဲသွား၏။ ကိုယ်ကတော့ အသံပင်မထွက်ချင်တော့။

"မနက်ဖြန် လာဖြေဦးနော်၊ သားတို့သမီးတို့ရေ၊ စိတ်လည်း မပျက်ကြပါနဲ့၊ ဒီလောက်လည်း မခိုးပါဘူး"

ဆရာမက အပေါက်ဝမှလှမ်း၍ နှစ်သိမ့်အားပေးနေ၏။

ခြေမလှမ်းချင် လှမ်းချင်ဖြင့် တရွေ့ရွေ့လာခဲ့ရာ ကျောင်းအောက် ဆုံးထပ်ကို ရောက်လာ၏။ ဘယ်သူ့မှလည်း မကြည့်ချင်၊ ဘာကိုမှလည်း မမြင်။ ခေါင်းကိုငုံ့ကာ လျှောက်လာခဲ့သည်။ ထိုစဉ်မှ တားမရသော မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြ၏။ လက်ကိုင်ပဝါဖြင့် သုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်တင်းကာ ခေါင်းမော့သော်လည်းမရ။ တားမနိုင် ဆီးမရ တစ်ပေါက်ပေါက်ကျနေ၍ လူမမြင်အောင် ခေါင်းကို ငုံ့ထားရသည်။

ယခင်က ပျော်ရွှင်တက်ကြွသော ကျောင်းသားများနှင့် ဆူညံနေသော ကျောင်းသည် ယခု ကျောင်းသားတွေရှိပါလျက်နှင့် ခြောက်သွေ့လွန်းနေသည်။

ဖန်ဒါပင်လေးများက အလိုလိုနေရင်း မျက်နှာမဲ့နေ၏။ အစီအရီချထားသော ကျောက်ခုံတန်းလေးများ၏ ပိုင်ရှင်တွေလည်း ထိုင်ချင်စိတ်ပင်ရှိကြတော့ဟန် မတူ။ ယခင်က သုံးမိနစ်နှုန်း လျှောက်ခဲ့သော လမ်းသည် နှစ်နာရီမျှ ကြာနေ၏။ ခဲလုံးတွေလည်း ရှိရင်းထက် ပို၍များနေသည်။

ဂိတ်ဝမရောက်ခင် အနည်းငယ်အကွာတွင် ဆရာမဒေါ်သန်းသန်းကို တွေ့လိုက်သည်။ ဆရာမမျက်နှာလေးသည် အိုးဖင်မည်းကဲ့သို့ မည်း၍ ရှုံ့မဲ့နေသည်။ချစ်သောဆရာမကို ပြေး၍ ပြောလိုက်ချင်၏။ သို့သော် ကိုယ့်ထက်ဦးသူရှိနေပြီ။

ခင်ခင်သန်း။

သူကလည်း ကိုယ့်လိုပါပဲ။ မျက်ရည်ပေါက် ကြီးငယ်ဖြင့် အားပါးတရ ငိုနေ၏။ ကိုယ်ကလည်း ငိုချင်ရက် လက်တို့ဆိုသလို ဖြစ်နေ၍ သွား၍ မဖြစ်နိုင်မှန်း သိလိုက်သည်။

ကျောင်းသားအားလုံး၏ မျက်နှာချင်းဆိုင်မှ မျှော်၍ ကြည့်လိုက်သည်။ မျက်နှာကောင်းသူ တစ်ဦးမှမရှိကြ။

အလွန် ကြေကွဲဖွယ်ရာကောင်းနေ၏။ သူတို့ကိုကြည့်၍ ကိုယ်လည်း စိတ်မထိခိုက်ဘဲ ဘယ်လိုမှ မနေနိုင်။

"ခြေ့...ကိုယ်တစ်ယောက်တည်း မဟုတ်ပါလား။ အများနဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ကြိုးစား၍ ဖြေလိုက်သည်။ အနည်းငယ် ပေါ့သွားသလို ရှိ၏။

မေးခွန်းထုတ်သူ၏ ပညာကတော့ နည်းနည်းနောနော ဟုတ်မည်မထင်။ သည်လိုမှန်းသိလျှင် ဂ တန်းကို ကြိုးစားပမ်းစားတောင် မဖြေ။ ခုတော့ ကြိုးစားပမ်းစားဖြေလို့ သိပ္ပံလိုင်းကို ရခဲ့သည်။ ပျော်လို့မှ မဆုံးသေး။ ၉ တန်းလည်းရောက်ရော၊ ဖတ်သီ ဖတ်သီနဲ့ ဖင်မနိုင် ခေါင်းမနိုင်၊ ပဝါမနိုင်၊ ထဘီမနိုင်၊ စာပင်လယ်ထဲ ကူးခတ်ဖို့ နေနေသာသာ စာဝိမသေအောင် မနည်းကြိုးစားနေရသည်။ သို့သော် ကြာကြာမခံ။ ၁၀တန်းလည်းရောက်ရော စာမေးပွဲကျပါလေတော့သည်။

ပြေလ၏ နေမွန်းတည့်သည် ပူခြောက်ကပ်လှ၏။ သို့သော် သည့်ထက်တော့ပို၍ ပူနိုင်တော့မည်မထင်။

[၁၉၈၈ နိဝင်ဘာလ ပန်းဝေသီမဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

# “ ကြောက်ရတဲ့ အပြစ်ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လမ်းထိပ်ကင်းစခန်းမှ နာရီသံချောင်းခေါက်သံ ဆယ့်နှစ်ချက်ကြားရသည်။ တိတ်ဆိတ်သောအချိန်မို့ အသံက ပွင့်လင်းလျက်ရှိသည်။ အချက်ရေကို မရေလိုက်သော်လည်း နာရီကို ခန့်မှန်းမိသော ကျွန်မသည် အိပ်မပျော်တပျော်ရှိရာမှ အနည်းငယ်လိုမ့်လိုက်သည်။

ဆယ့်နှစ်နာရီတောင်ရှိပြီဟု ပြောလိုက်မိသလား၊ မပြောသလား မသေချာပဲ မေးကာနဲ ပြန့်ဖြစ်သွားသည်။ ကျွန်မအတွက် သေချာသည်က အိမ်လယ်ခန်းမီး မပိတ်သေးခြင်းနှင့် အိပ်ရာပေါ်သို့ မောင်ရောက်မလာခြင်းပဲ ဖြစ်သည်။

မောင့်ကို စိတ်မချသဖြင့် အတော်ကြာသောအခါ တစ်ကြိမ်ပြန်နိုးရပြန်သည်။ မောင်ဟု ခပ်ကျယ်ကျယ် ခေါ်ကြည့်၏။ ဟော ဟူမော



www.burmeseclassic.com

www.burmeseclassic.com



ထူးသံကို လတ်ဆတ်စွာ ကြားရ၏။ ကျွန်မ အိပ်ရာပေါ်မှမဆင်း…

"မအိပ်သေးဘူးလားဟင်"

ထိုမေးသံအဆုံးတွင် ဒေါင်ဟူသော တစ်ချက်တည်းသော သံချောင်းသံကို ကြားရသည်။

"တစ်နာရီတောင်ရှိပြီ။ မောင်အိပ်တော့ကွာ"

"အေး…ခုပဲ အိပ်တော့မလို့"

ပြောသံနှင့်အတူ မီးခလုတ်ပိတ်သံ အိပ်ရာဆီသို့ တံခါးဂျက်စစ်ရန် သွားသံတို့ကို ကြားရသည်။ အောက်ထပ်မှ လှမ်းခွဲရသော လှေခေါင်းလောင်းသံကိုတော့ မကြားရ။ ခေါင်းလောင်းဆွဲကြိုးကို တင်ပြီးပြီ ထင်သည်။

ခဏအကြာတွင် ခုတင်ဆီသို့ လျှောက်လာသော ခြေသံကို ကြားရပြီး ခုတင်မှ ပျဉ်မြည်သံကြောင့် မောင်ရောက်လာပြီဟု သိရ၏။

"ညဥ့်နက်လှပြီ"

ကျွန်မကို ဘာမှပြန်မပြော။ အိပ်ရန် ခန္ဓာကိုယ် လှဲချလိုက်လေသည်။

"မနက်ကျမှ လုပ်…"

"ရှူး…"

ကျွန်မ စကားသံက လမ်းခုလတ်တွင် ရပ်သွား၏။ မောင့်ပုံစံက ထူးဆန်းနေသဖြင့် မျက်လုံးကျယ်သွားရသည်။

"လူတွေ စကားပြောသံကြားတယ်ကွ။ နားထောင်စမ်း"

လမ်းပေါ်မှ လူအချို့၏ စကားသံ ခပ်ကျယ်ကျယ်ကို မသဲကွဲသော်လည်း ထပ်မံကြားရပြန်သည်။ အိပ်ချင်စိတ်များ လွင့်စင်သွား၏။ မောင်နှင့်အတူ ဝရန်တာသို့ တိတ်ဆိတ်စွာ လိုက်သွားမိသည်။

"မီးမဖွင့်နဲ့ ငြိမ်ငြိမ်နေ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ရော၊ အမူရာဖြင့်ပါ ဟန့်တားနေသဖြင့် အသားလေးအနေအောက် နားတွင် ကပ်နေရသည်။ စိုးရိမ်ထိတ်လန့်မှုကြောင့် ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေမိသည်။

"ဟုတ်လား မောင်၊ ဟုတ်လား"

ဖြေသံကို ပြန်မကြားရသော်လည်း စိတ်မှာတော့ နောင်တရနေမိပြီဖြစ်သည်။ နေ့ခင်းက တစ်ယောက်တည်းရှိခိုက်မှာ ရပ်ကွက်မှူးက တစ်အိမ်တက်ဆင်း တံခါးခေါက်ကာ ယနေ့ည ဧည့်စာရင်းစစ်မည်။ မမေ့မလျော့ မပေါ့မဆတဲ့ ဧည့်သည်ရှိက လာစာရင်းသွင်းပါဟု ပြောသွားသည်။ ရိုးရိုးပြောသွားခြင်း မဟုတ်။ အကြောင်းကြားပြီးဖြစ်ကြောင်း စာအုပ်တွင် လက်မှတ်ထိုးလိုက်ရသေး၏။

အပြစ်ဒဏ်ကိုလည်း သေသေချာချာ ပြောသွားခဲ့သေးသည်။ အိမ်ရှင်ရော ဧည့်သည်ပါ အချုပ်ထဲသွင်းမည်တဲ့။ ကန့်ထရိုက် တိုက်ပိုင်ထံမှ ငှားနေသူဖြစ်သဖြင့် အမြဲဧည့်တိုင်နေသူဖြစ်ရာ (ရက်ကလည်း လွန်နေပါပြီ) ညနေ မောင်ပြန်လာလျှင် သွားတိုင်ဖို့ ပြောမည်ဟု တွေးသည်။

သို့သော် တကယ်တမ်းမှာတော့ သူပြန်လာချိန်က ရှစ်နာရီခွဲနေလေပြီ။ ခုနစ်ထပ်ကို တက်လာပြီးသော သူ့အား ပြန်ဆင်း ဧည့်စာရင်း သွားတိုင်ပါဟု ပြောသောအခါ သူမတိုင်နိုင်တော့ပေ။

"တစ်ရက်တော့လည်း မဖြစ်လောက်ပါဘူးကွာ"

ကြောက်ပင် ကြောက်သော်လည်း သူလိုပင် မဖြစ်လောက်ဟု ပေါ့မိသည်။

"ဟုတ်မယ် ထင်တယ်၊ ဟိုဘက်လမ်းထဲကို သေနတ်တွေနဲ့ ဝင်သွားတယ်ကွ"

"အဲဒါမှ ဒုက္ခပဲ"

ချက်ချင်းဆိုသလို အချုပ်ခန်းကြီးကို မြင်ယောင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်း ညဦးပိုင်းမှ ဧည့်သည်တွေက ရောက်နေခဲ့သေးသည်။ ဧည့်သည်က မထောင်းသာလှသော်လည်း အိမ်ရှင်အမည်ခံ ကိုယ့်ယောက်ျားမှာသာ -

"ဒုက္ခပါပဲ မောင်ရယ်။ သွားတိုင်ပါလို့ အတန်တန်ပြောရက်နဲ့။ ဒုက္ခပါပဲနော်"

"ဘယ်လိုလုပ်မလဲ။ မောင်လည်း မလုပ်တတ်ဘူး။ လုပ်ပါဦး"

မောင်မှာ ကျွန်မထက် ကြောက်တတ်သူဖြစ်သဖြင့် ကျွန်မကပဲ ပြန်ပြီး ချုပ်တည်းလိုက်ရသည်။

"သေချာရဲ့လား။ ဧည့်စာရင်း စစ်ရင် ဘယ်လိုလာတယ်ဆိုတာ မောင်မြင်ဖူးရဲ့လား"

"ဟာ မြင်ဖူးတာပေါ့။ ဟိုဘက်လမ်းကို သေနတ်ကိုင်ပြီး ရဲနှစ်ယောက်ဝင်သွားတယ်။ မောင် သေသေချာချာ မြင်လိုက်တယ်။ အစွန်အဖျားလောက် မြင်လိုက်ရပေလို့ပဲ"

"ဒါဆို ဒီလိုလုပ်။ ညက ရောက်လာတဲ့ မောင်ငယ်ကို နှိုးပြီး အောက်ကိုဆင်း ဒေါ်ဒေါ်နဲ့ ကောင်မလေးရယ်၊ ကျွန်မရယ်ကို သော့ပိတ်ခဲ့။ ကျွန်မတို့ လုံးဝမလှုပ်ဘဲ နေမယ်။ ဒါဆိုရင် လူရှိတာ ဘယ်သူမှ မသိတော့ဘူးပေါ့"

"တို့က လမ်းပေါ်ဆင်းနေရမယ် ဟုတ်လား"

မောင်က ထိတ်လန့်စွာ မေးသောအခါ ကျွတ်ခနဲ စုတ်သတ်မိသည်။

"အေးလေ···အဲလိုမှ မလုပ်လို့ မောင်ဘယ်လိုလုပ်ချင်သေးလဲ။ လမ်းပေါ်ဆင်းပြီး အလကားနေနိုင်းတာတော့ ဘယ်ဟုတ်မလဲ။ ဟိုနား ဒီနားသွား လမ်းလေးဘာလေး လျှောက်ပေါ့။ သူတို့နဲ့တွေ့တော့ ပြောလိုက်ပေါ့။ အိပ်မရလို့ လမ်းဆင်းလျှောက်တာ လို့လေ ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်။ ဒီနည်းပဲ ရှိတော့တယ်။ ကဲ…သွားသွား။ အချိန်သိပ်မရဘူး။ အိမ်ကလူ ကျွန်မ တာဝန်ထားလိုက်"

"တို့နှစ်ယောက်ပါသွားရင် ဘယ်နဲ့လုပ်မလဲ"

"ဩော်…ဒုက္ခပါပဲ။ အကုန်မပါဘဲ နှစ်ယောက်ပါတော့ အချုပ်ကပြန်ထွက်ရအောင် ကျန်တဲ့လူ လိုက်လုပ်ပေးမှာပေါ့။ ကဲ သွားပါတော့ဆိုမှပဲ"

ရတ်တရက် မောင်ငယ်က မနီး၊ ညည့်စာရင်း စစ်နေပါသည်ဆိုမှ စောင်ခေါင်းမြီးခြုံ၍ တစ်ဖက်လှည့် အိပ်နေပြန်သည်။ အတင်းဆွဲထူ ရိုက်ပုတ်နှိုးမှ မျက်လုံးမဖွင့်ဘဲ မတ်တပ်ရပ်လေသည်။

"လက်ဆွဲပြီးခေါ်သွား။ တော်နေကြာ ပလက်ဖောင်းကို အိပ်ရာမှတ်ပြီး ထိုးအိပ်နေဦးမယ်"

သော့ခလောက်ယူခြင်း၊ သော့ဖွင့်ခြင်း၊ ဝရန်တာမှ အဝတ်သိမ်းခြင်းတို့အား အသံမထွက်အောင် ပြုလုပ်ရ၏။ သူတို့နှစ်ယောက်ထွက်သွားသော အခါ ကျွန်မတို့ မိန်းမသုံးယောက်မှာ မှောင်ထဲတွင် ကုပ်ကုပ်ကလေး-

သူတို့ရင် ဘယ်လိုရှိမည် မပြောတတ်သော်လည်း ကျွန်မရင်မှာ တုန်လှုပ်မှုပေါင်းများစွာနှင့်။ တပေါင်းတစည်းတည်း ကြဲကြဲမခံတဲ့ လမ်းပေါ် လွှတ်လိုက်မိတာ မှားသွားပြီလား။ တည့်တည့်တိုးလို့ အဖမ်းဘဲခံရမလား နှင့် လားပေါင်းများစွာတို့ ခြောက်လှန့်နေသည်။

ဝတ်ထားသည့် အရောင်ခပ်နုနု အင်္ကျီပေါ်မှ အနက်ရောင်အင်္ကျီကို ထပ်ဝတ်ကာ ဝရန်တာတွင် သူနိုးထိုင် ထိုင်မိသည်။

"လာနေပြီလား။ ဘယ်နားမှာလဲ"

လေသံလေးနှင့် တီးတိုးမေးတာဖြစ်သော်လည်း ကျွန်မရင်ထဲ ဒိန်းခနဲ။ အဒေါ်ဖြစ်သူကို လှည့်၍မှ မကြည့်အား။ လမ်းမသို့သာ မျက်လုံး ကျွတ်ကျမတတ် ငုံ့ငေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ သမီးကြောက်တယ်။ သူတို့က ဖမ်းမှာလားဟင်"

"ဩော် . . . ဒီကလေးကလည်း တိတ်ဆိတ်နေစမ်းပါဆိုတာ။ သွား မီးဖိုဆောင်ထဲက ရေချိုးခန်းနားမှာ သွားနေ"

ဒေါ်ဒေါ်က ခပ်ကျိတ်ကျိတ် ဝေါက်လိုက်သောအခါ ကောင်မလေးမှာ အသံမထွက်ရဲဘဲ ကိုယ်ချင်းထိမတတ် လာကပ်ရပ် နေသည်။ ညက တိတ်ဆိတ်မှောင်မည်းလှ၏။ လမ်းမပေါ်ရှိ ခွေးတစ်ကောင် နှစ်ကောင်၏ လှုပ်ရှားမှုမှအပ အရာအားလုံးသက်မဲ့ကဲ့သို့ အိပ်ပျော်နေသည်။

"ကြားလား။ စကားပြောသံတွေ ကြားလား။ စောစောကတော့ အသေအချာ တွေ့လိုက်တာ"

"ဩော် . . . စပ်ပါတယ်၊ ဖမ်းပါတယ်ဆိုမှ သူတို့က ဘယ် အော်ကျယ်ကျယ်လုပ်ပြီး လာမှာလဲ"

ခြင်များကလည်း အရေးရယ် အကြောင်းရယ်မို့ ခြင်ထောင်ထဲမှ ထွက်လာလျှင် သူတို့က အငမ်းမရ။ သွေးဆာနေသည့်သွေးစုပ်ဖုတ် ကောင် အကြီးစားများပီပီ အဝတ်လွတ်သော ခြေထောက်၊ လက်၊ နားရွက်၊ ပါးပြင်တို့အား ဝိုင်းအုံလာကြသည်။ အနားမှာ သူတို့၏ အသံတွေက ဝီခနဲ၊ စီခနဲ။ မီးကလည်း ဖွင့်မရပြန်သောအခါ ပွဲကြီး ပွဲကောင်းဖြစ်နေတော့၏။

"လေတောင် မလည်ရဲဘူး"

"မလည်နဲ့ မလည်နဲ့။ ဖြစ်နိုင်ရင် အသက်တောင် မရှူနဲ့။ တော်ကြာ အကုန်လုံး ကားနေအောင် ပါသွားမယ်။ ကိုယ်က ဘာမဟုတ်တာမှ လုပ်တဲ့လူလည်း မဟုတ်"

"လည်ချင်တယ်ဟဲ့"

"ကျွတ် သွား သွား နောက်ဖေးကိုသွား"

"ဘူ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြောနေကာမှ တိုးတိုးလုပ်ပါဆို"

"အောင့်လို့မရတော့ဘူး"

ခြင်ထောင်ထဲ ပြန်ဝင်မှေးလိုက်ချင်သော်လည်း မိမိ၏ စိုးရိမ်ကြောင့်ကြသော စိတ်က ခွင့်မပြုပြန်။ ကင်းကျနေသူသဖွယ် နေရာမှာသာ တပ်စွဲလျက်ရှိသည်။ ကြည့်ရလွန်း၍ မျက်လုံးအစုံလည်း ညောင်းညာလေးလံနေပြီ ဖြစ်၏။

"ဒေါင်...ဒေါင်..."

"နှစ်နာရီတောင် ထိုးပြီ။ ဒီလူတွေ မလာကြသေးဘူးလား။လာရင်လည်း မြန်မြန် လာကြတော့ကွာ။ အိပ်ချင်ပြီ"

ဖမ်းသူတွေကို မျှော်ရတာ နည်းနည်း။ ကိုယ့်လူတွေကို ပူပန်ရတာ ကများများ။ ဘာပဲဖြစ်ဖြစ် ခုလောက်တော့ တစ်ပတ်ပတ်ပြီး သင့်ပါပြီ။

ကုန်စိမ်းများသယ်ဆောင်သည့် ဆိုက်ကားတစ်စီးကလည်း တကျိမ်းကျိမ်း အသံပေး၍ ခပ်သွက်သွက် နင်းသွားပြန်သည်။ ခွေးတွေက တစ်ကောင်နှင့်တစ်ကောင် အဓိပ္ပာယ်မဲ့ သွားလာပြေးလွှားလျက် ငြိမ်းချမ်းနေသည်။ ကိုယ့်မှာတော့ ရင်ထဲမှာ ပူပင်သောကနှင့် နှစ်စက္ကန့်လောက် မျက်လုံးမှိတ်ပြီး အနားမယူရဲ။

ညှိသည်ဖြစ်သည့် ဟိုနှစ်ယောက်က အိပ်ပျော်သွားချေပြီ။ ကြည့်ရင်းနှင့် မကျေမနပ် ဖြစ်လာ၏။ မြင်လိုက်ပါသည်၊ ဟုတ်ပါသည်၊ သေချာပါသည် ဆိုသော စကားကို ယုံစားမိ၍ ဆင်းရဲသော ဝဋ်ဒုက္ခကို ခံနေရ၏။ ခုချိန်ကျမှ မလာတော့ပါဘူးဟု သိသော်လည်း "ပုဂ္ဂိုလ်" နှစ်ဦးကို မျှော်ရ၏။ မျှော်ရင်းနှင့် ကျိန်ဆဲနေမိတော့သည်။

"ဖတ်...ဖတ်...ဖတ်"

ဟော လေ့ကားကို တက်လာတဲ့ ခြေသံတွေ။ နားပေါ်တင်၍ ငိုက်နေဆဲ ခေါင်းက မတ်ခနဲဖြစ်သွားသည်။ ဒေါသတွေ ရင်ထဲသို့စုပြုံ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာ၏။ လမ်းပေါ်သို့ တစ်ကြိမ်တစ်ခါ လွှတ်လိုက်ပါသည်။ ခြေနင်းစကြာက တော်တော်မြန်သည်ပဲ။ သည်မှာတော့ ပူလိုက်ရတာ။

သော့ခလောက်ဖွင့်သော အသံများအပြီးတွင် တံခါးကိုတွန်းဖွင့်၍ သူဝင်လာသည်။ မှောင်ထဲတွင် ငုတ်တုတ်ကလေးပြူးကြည့်နေသော ကျွန်မကို လှမ်းကြည့်ပြီး ပြုံး၏။

"မအိပ်ဘူးလား"

"ဘယ်လိုလုပ် အိပ်မှာလဲ။ ရှင်တို့က ပြန်မှမလာတာ။ ညေ့စာရင်း စစ်တွေဟုတ်လား။ သေချာရဲ့လားဆိုတာ အဟုတ်ပါတဲ့။ ပြောပဲ မပြောချင်ဘူး။ ကဲ အခု ဘယ်ကပြန်လာတာလဲ"

ပေါ့ပါးစွာ ရယ်လိုက်သည့် သူ့အသံက ကိုယ့်ပါးကိုယ်ပြန်ရိုက်ချင်စိတ် ရုတ်ခြည်းပေါက်သွားစေ၏။ ကဲ…ကြည့်ပါဦး။ ပြောလိုက်တာက-

"တို့ ဟိုး ပန်းဈေးအထိ ရောက်တယ်။ ထမင်းကြော်တစ်ယောက်တစ်ပွဲ စားပြီးပြန်လာတာ။ မဆိုးဘူး။ ပျော်စရာပဲ။ စိတ်ကို ကြည်လင်သွားတာပဲ။ ကိုယ်ခုမှ စဉ်းစားမိတယ် သိလား။ ကိုယ်မြင်လိုက်တာ ဟိုထောင့်က မြို့နယ်ရဲစခန်းထဲကို ဝင်သွားတဲ့ ကင်းစောင့်ရဲတွေဖြစ်မယ် ထင်တယ်နော်"

"သေလိုက်၊ ရှင့်စကား ဘယ်တော့မှ မယုံတော့ဘူး"

ဆောင့်ကြီးအောင့်ကြီးဖြင့် ကျွန်မ အိပ်ရာထဲသို့ ဝင်သွားသည်။ မောင်ငယ်က ကျွန်မ၏ ပုံကိုကြည့်ကာ သဘောကျစွာ ရယ်မော၏။

ရိုးရိုးမအိပ်ရတာ ဘာမှမဟုတ်လောက်သော်လည်း ဆပ်ပြာသည် အဖြစ်မျိုးနှင့် ရက်ဆက်မအိပ်ရလျှင် မကြာခင်သေသွားနိုင်ပါသည်။

မနက်ဖြန် ညေ့စာရင်း တိုင်ကိုတိုင်မည်ဟု ဆုံးဖြတ်လိုက်၏။

[၁၉၉၉ မေလ ကေးမှုမဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

" ထောခြင်းတာကျား

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အသက်ကို နှာခေါင်းဝမှရှူ၍မရ။ ပါးစပ်ကလေး အသာဟကာ ခပ်ဖြည်းဖြည်း လေကိုရှူသွင်းနေရသည်။ ဒါတောင် ရင်ညွန့်ရိုးထိပ် တည့်တည့်ကို လက်သီးဆုပ်ကလေးနှင့် အသာဖိပေးရသေး။ တစ်ချက် တစ်ချက် ထိုးထိုးအောင့်သော ကျော့မှုဝေဒနာကို ကျိတ်မှိတ်ခံစားရင်း မညည်းညူမိအောင် သတိထားရသည်။ မျက်နှာကတော့ တစ်ချက်အောင့် တိုင်း ရှုံ့သွားမည်သာ။

ကိုယ့်ကိုကိုယ် သိပ်ကျန်းမာသည်ဟု ယုံကြည်ခဲ့သော သက်သက်စံသည် သည်လိုဆိုးဝါးသော ဝေဒနာမျိုးကို တစ်နေ့နေ့ တစ်ချိန် ချိန်တွင် ခံစားနားလည်ရမည်ဟု ယောင်၍မျှပင် မတွေးမိပေ။ ညဦးနက်သန်းခေါင် နှစ်နာရီ ရေစက်တင်ချိန် စိတ်ကူးပေါက်သော ခေါင်းထလျှော်ချင်လည်း လျှော်သည်။ စိမ်ပြေနပြေ ရေချိုးချင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချိုးသည်။ ဒါဆိုဒါမှ တဖွတ်ထိုးလုပ်တတ်သော သက်သက်စံကို မေမေသည် အော်ငေါက်ရုံမှတစ်ပါး တားဆီး၍မရခဲ့ပါ။

"သက်သက်စံ သေမယ်၊ မြန်မြန်သေမယ်၊ လေဖြတ် သေမလား အအေးမိ သေမလားတော့ မပြောတတ်ဘူး။ လုပ်ချင်တာကို အချိန်မကြည့်ဘဲ ကြပ်ကြပ်လုပ်၊ ငါနောက်က ဆေးဖိုးမတတ်နိုင်ဘူး သိလား"

တစ်ခါတစ်ခါ ကျောင်းသွားခါနီး ခေါင်းကိုရေလောင်းချိုးကာ လုံးဝရေမသုတ်ဘဲ သည်အတိုင်း စုစည်းချည်ပြီး ၁၂နာရီ နေပူတောက်တောက်တွင် ထီးလုံးဝမပါဘဲ လမ်းလျှောက် ကျောင်းတက်ဖူးသည်။ သည်တုန်းက ဘာဖြစ်လို့ပါလိမ့်။

နေမကောင်းဖြစ်ကာ ကျောင်းမတက်နိုင်ဘဲ အိမ်ထဲမှာပဲနေချင်သည့် ရည်ရွယ်ချက်နှင့်လုပ်ခဲ့သော်လည်း ခေါင်ခေါင်မြည် ကျန်းမာရေးက ခေါင်းကိုက်ခြင်းသော်မှ မဖြစ်ခဲ့ပါချေ။

အိမ်နှင့်အဆင်မပြေဖြစ်သည့်အခါများ၊ ကိုယ့်ဘဝကိုယ်မကျေနပ်သည့်အခါများ၊ စိတ်ဓာတ်ကျ ညစ်ညူးနေသည့်အခါများတွင် ကျန်းမာနေရသည်ကို ဒေါကန်သည်။

လမ်းလျှောက်တိုင်း အများသူငါနှင့်မတူပဲ ပခုံးတစ်ဖက်နိမ့်နိမ့် သွားရသည့်အတွက် အမြဲလိုလိုဝမ်းနည်းခဲ့ရသည်။ ခြေတစ်ဖက်တို၍ ထော့နင်းထော့နင်းဖြစ်နေသော မိန်းခလေးတစ်ယောက်အား ဂရုတစိုက် အားပေးမည့်သူ ဘယ်မှာမှ မရှိပါပေ။

ထူးထူးဆန်းဆန်း ကြည့်သူတိုင်းကလည်း သနားသလိုလိုမျက်ဝန်းများနှင့်ဖြစ်သည်။ သနားသည် ဆိုကတည်းက သူသူငါငါထက် နိမ့်ကျနေလို့ ပေါ့လေ။ သူများ သနားခံဘဝကို အလွန်စက်ဆုပ်သည်။

စောင့်၍ခေါ်ပေးမည့် အဖော်ကိုလည်း သက်သက်စံမလိုချင်။ သူတစ်ပါးကို မှီခိုနေမှရမည့်ဘဝမျိုး သူတစ်ပါးကို ဒုက္ခပေးရမည့် ဘဝမျိုး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မခံနိုင်ပေ။

သက်သက်စံလိုချင်သည်က အများသူငါ လူလူသူသူဘဝမျိုး၊ တန်းတူ လမ်းလျှောက်နိုင်သည့် ဘဝမျိုးကိုမှ လိုချင်သည်။

လူတကာတန်းတူမနေရဘဲ ကိုယ်ဖြစ်ချင်တာ မဖြစ်ရဘဲနှင့် အသက်(၇၀)ကျော်(၈၀)ကျော်အောင် ဘာကိစ္စနေရမှာနည်း။ ကိုယ်ကြိုးစားသလောက်၏ နှမ်းတစ်စေ့မျှကိုပင် မအောင်မြင်သောဘဝ၌ ဘာကိစ္စသေဖို့ အလားအလာတစ်စက်မှ မရှိရပါသနည်း။

လူ့ဘဝတွင် အသက်ရှည်သော်လည်း စိတ်ဆင်းရဲစွာနှင့် ဘယ်တော့မှ မနေရပါလိုဟု ဆုတောင်းသော သက်သက်စံ။ အသက်တိုတိုနှင့် စိတ်ချမ်းချမ်းသာသာနေရပါလို၏ဟု ဆုတောင်းသော သက်သက်စံ။ အသက်(၁၂၀)ရှည်ပါစေဟု လူကြီးတွေဆုပေးတိုင်း...

"အမလေး(၁၂၀)ကြီးများတောင် ဘာလုပ်ဖို့လဲ၊ စိတ်ဆင်းရဲရရင် အလားကားပဲ"ဟု ပြန်ပြောတတ်သော သက်သက်စံ။ ကြိုးစားသမျှ အရှုံးချည်း ပေါ်နေသောအခါ ဘဝကို ရက်ရောစွာ စွန့်လွှတ်ချင်စိတ်ပေါက်လာတော့သည်။

သတင်းစာတွင် နာရေးကြော်ငြာဖတ်ပြီး စိတ်ကူးပေါက်သည့် အခါတွင် မေမေက...

"ငါတော့ သေရမှာသိပ်ကြောက်တာပဲ၊ ငါသေသွားရင် ဒီကလေးတွေတော့ ဒုက္ခပဲ"

မကြာမကြာ ညည်းတတ်သည်။ ထိုစကားသံကြားလျှင် မိသက်စံက ထ,ရယ်တော့၏။

"ဟား...ဟ၊ သေရမှာကို ဘာလို့ကြောက်ရမှာလဲ မေမေရဲ့ လူဆိုတာ တစ်နေ့သေရမှာပဲ၊ ဘယ်နေ့လဲသာ မသိတာ၊ အကုန်လုံး သေဖို့ချည်း တစ်နေ့တစ်နေ့ နီးကပ်လာတာပဲ အသက်တိုမလား၊ ရှည်



www.burmeseclassic.com

www.burmeseclassic.com



မလားပဲ ကွာတာ၊ သမီးတော့ သေချင်သေ စောစောစီးစီးပဲ သေချင်တယ်၊ လုပ်တိုင်းလည်း မဖြစ်တဲ့လောကကြီး ကြိုးစားတိုင်း မထွန်းပေါက်တဲ့ လောကကြီးမှာ လူလုပ်ရတာ တစ်ရက်မှ စိတ်ချမ်းသာစရာမရှိဘူး။ အဲဒီတော့ စောစောစီးစီး သေရတာ အေးတယ်၊ သံယောဇဉ်ကင်းကင်း အနှောင်အဖွဲ့ကင်းကင်းနဲ့ အခြားဘဝတစ်ခုကို ပြောင်းနိုင်တယ်၊ မဟုတ်ရင် သားနဲ့မယားနဲ့ အိမ်ထောင်နဲ့ဆိုရင် သေရမှာ တွန့်သွားရော၊ ကျွတ်မှာ မဟုတ်ဘူး"

"အေးပေါ့...အေးပေါ့၊ ခုတော့လည်း ဒီစကားတွေ ပြောနိုင်သေးတာပေါ့၊ နောက်မှ သေခါနီးမှ အမလေး အမေရေ မသေအောင်လုပ်လို့ မရဘူးလားလို့ မမေးနဲ့"

ကျောင်းစာတွင်လည်း မထူးချွန် ပြင်ပဗဟုသုတလည်း နားမလည်၊ လူတွေနှင့် ပေါင်းသင်းဆက်ဆံရေးလည်း တစ်စက်မှ မတတ်။ ဘာလုပ်လုပ် အဆင်မပြေသော သက်သက်စံသည် မိမိကိုယ်ကို ဆန်ကုန်မြေလေးဟု အောက်မေ့သည်။

ကြိုးလည်း မိုင်ကုန်အောင် ကြိုးစားပြီးပြီ။ ဘယ်လိုကြိုးစားကြိုးစား ဘာတစ်ခုမှ ဖြစ်မြောက်လာခြင်းမရှိ။ တစ်ခါတစ်ရံ ထမင်းပင် မစားချင်။ ထမင်းစားသင့်သည့် လူသားစာရင်းတွင် ကိုယ့်ကိုကိုယ် မပါဝင်ဟု ထင်သည်။

ထို့ကြောင့် ဘယ်လိုလုပ်လုပ် ကျန်းမာရေးကောင်းနေရခြင်းကို စိတ်တိုသည်။ သေချင်သည်။ အမှန်ပင် သေချင်သည်။

ခက်သည်က လယ်ပုဇွန်လုံးနှင့် မှိုစားကြည့်လည်း အန်ပင်မအန်၊ ခေါင်းပင် မမူး။ ဘဲဥနှင့် ဖရဲသီးစားလို့မှ ဗိုက်မနာ။ စိမ်းစားဥတို့ ပဲပြားတို့ ပီလောပီနံဥတို့ အဆိပ်အတောက်စာတွေကို အိမ်တွင် သက်သက်စံ တစ်ဦးတည်းသာ စားသည်။ ဇလုံကြီးနှင့် စိမ်ပြေနပြေ ... တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ပီလောပီနံ့ဥတွေ သိပ်မစားနဲ့နော်၊ မကောင်းဘူး။ ရင်ပြည့်ပြီး အန်လိမ့်မယ်"

မမကြီးတို့ သတိပေးလည်း ခေါင်ခေါင်မြည် ကျန်းမာရေးကို ယုံကြည်ကာ ပြောင်ချော်ချော်ပဲ။

"သေမယ်၊ နင် ဒီလောက် နင်းကန်စားနေရင် မြန်မြန်သေမယ်၊ ဗိုက်ဆာရင် ထမင်းစားတာ မဟုတ်ဘူး။"

"သေ…သေပေါ့ သေလည်းအေးရော"

တကယ်ပင် မမှု ခင်တွယ်စရာမရှိသော ဒီဘဝတွင် စကြာဝဠာထဲ၌ ဗိမ်ရှိရှိ လွင့်မျောနေသော သစ်ရွက်ခြောက်လေးလို ပေါ့ပါးလွတ်လပ်နေသည်။ မေမေတို့ အစ်မ၊ ညီမတို့ကိုလည်း သက်သက်စံ မခင်ဘူးလေ။ ကိုယ်ဖြစ်ချင်တာ ဘာတစ်ခုမှ ဖြစ်မလာနိုင်လျှင် နောက်ဆုံး အေးအေးချမ်းချမ်း နောက်ဆံကင်းကင်း သေဆုံးရခြင်းကို သက်သက်စံ ဆန္ဒရှိသည်။ ဒါမှ နောက်ဘဝအသစ်ကို အမြန်ကူးပြီး တစ်ကနေပြန်ကြိုးစားခွင့်ရမှာလေ။

တစ်ခါတစ်ရံ အိပ်ဆေးငါးလုံးလောက် တစ်ပြိုင်နက်တည်း သောက်ကာသေရလျှင် ကောင်းမလားဟုပင် စဉ်းစားမူသည်။ ကိုယ့်ဘဝ ကိုယ် မကျေနပ်သည့်စိတ်က အနန္တ။ ကိုယ့်ကိုကိုယ် သတ်သေသည်မှာ လူမိုက်အလုပ်ဟု စာအုပ်တွေက ဆုံးမထား၍သာ။ နောက်ပြီး ဘာမှ မှားယွင်းမှုမရှိဘဲ အများသူငါ အထင်လွဲမည်စိုး၍သာ။

သည်နှစ်သည် သက်သက်စံကို အံ့ဩဖွယ်ကောင်းလောက်အောင် ကောင်းချီးပေးသောနှစ်ဖြစ်သည်။ (၄)နှစ်မြေသော ၁၀တန်းစာမေးပွဲကို ပြင်ပမှ ထူးထူးချွန်ချွန်အောင်သည်။

ထော့နေသည့် ခြေဖြင့်လည်း လုပစ္စာလျှောက်တတ်ပြီး သက်သက်စံ စိတ်ထဲကျေနပ်လာသည်။ ပြီး သူဖြစ်ချင်သည့် စာရေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဘက်၌လည်း မဂ္ဂဇင်းတိုက် တော်တော်များများက သဘောကျကာ ထုတ်ဝေသူအချို့နှင့် စကားပင်ပြောစပြုနေပြီ။

"သက်က လုံးချင်းမရေးဖြစ်သေးဘူး၊ အဲဒါ အချိန်ကတော့ နည်းနည်းစောင့်ရမှာပဲ"

"ဟာ···ရပါတယ်၊ ရပါတယ်၊ ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ စောင့်ပါ့မယ်၊ ဒါပေမယ့် မြန်မှတော့ဖြစ်မှာနော်၊ လုံးချင်းဆိုတာက နာမည် တက်နေတုန်း ထုတ်မှဖြစ်မှာ"

"ဆရာမရေ···ကျွန်တော်တို့တိုက်အတွက် တစ်ပုဒ်လောက် လုပ်ပါဗျာ"

ခုတော့ သက်သက်စံသည် ဆန်ကုန်မြေလေးမဟုတ်တော့ပြီ။ ရရှိသော စာမူခတွေနှင့် မေမေ့ကို ကန်တော့နိုင်ပြီး ယခင်က အချိန်များ စွာပို၍ ဘာလုပ်ရမှန်းမသိသော်လည်း ယခုမူနေ့နေ့ညည စာရေးစာဖတ်နှင့် အချိန်မလောက်အောင်ရှိသည်။ စာမူလိုချင်သူတွေကလည်း ဘေးမှတက်ကြို။

ဘာလုပ်လုပ် အောင်မြင်နေသောဘဝကို သက်သက်စံ ကျေနပ်စပြုပြီ။ ငွေအလုံးလိုက် အခဲလိုက်ဝင်နေသော သက်သက်စံကို ဆွေမျိုးတွေက ပိုင်း၍ချီးမြှင့်မြှောက်စားကြ၏။ ယခင်ကဘေးဖယ်ထားသော်လည်း ယခု ဂရုတစိုက်နှင့် အရေးပေးဖော်ရလာပြီ။

ချစ်လှစွာသော ကိုကိုကလည်း သက်သက်စံဆိုလျှင် မိုးမမြင် လေမမြင် ပြာနေအောင် ချစ်တတ်သော ချစ်သူကို မိသက်စံ ပိုင်ဆိုင်ထားရပြီးလေပြီ။ အစစအရာရာ ပြည့်စုံသည့်အပြင် သဘောထားကြီးသော ကြင်နာယုယတတ်သော ကိုကို၏ ချစ်သူဖြစ်ရသည်မှာ သက်သက်စံ ကံကောင်းလှတော့သည်။

"ကိုယ် အိမ်တစ်လုံးဝယ်မယ် သက်၊ မြို့ထဲမှာ တိုက်ခန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရတာ ကြိုက်သလား၊ ဒါမှမဟုတ် ခြံနဲ့ဝင်းနဲ့ကို ကြိုက်သလား၊ လိုတဲ့ ပုံစံကိုတော့ နောက်မှပဲ သွင်းယူရမှာပေါ့၊ ကိုယ်နဲ့သက်အတွက်လေ၊ သက် ဘယ်မှာနေချင်လဲ ပြော"

ကိုကိုက အိမ်ထောင်ရေးလမ်းစပေါ်မှာ ရှင်မြူးတက်ကြွနေသည်။ သက်သက်စံထက် ၁၀နှစ်နီးပါး အသက်ပိုသော်လည်း သူ့ပျော်ရွှင်ပုံကိုကြည့်၍ သက်စံထက် ငယ်သလားပင် မှတ်ရသည်။

"သက်ရယ်...မျက်တွင်းတွေ ကျလိုက်တာ အရမ်းပဲ၊ ည... ည ဘယ်အချိန်မှအိပ်လဲ၊ ဒီလောက်လည်း နင်းကန်စွတ်လုပ်မနေပါနဲ့ သက်ရယ်၊ လဲသွားလိမ့်မယ် သိလား၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ အန့်တို့ကို ပြောထားဦးမှပဲ၊ တော်ကြာ မျက်လုံးကြောင်တောင်နဲ့ ဒီကောင်ပဲ ဒုက္ခများမှာ"

ကိုကို့စကားတို့သည် ရင်ကိုချမ်းမြေ့စေလှသည်။ သက် ကြည်နူး ဝမ်းမြောက်ရ၏။

"သက်ရေ...သမီး၊ မဂ္ဂဇင်းတိုက်ကတဲ့ ဖုန်းလာနေတယ်"

"ဟုတ်ကဲ့...သက်သက်စံ ပြောနေပါတယ်"

"ဩ...ဟုတ်ကဲ့ အန်ကယ်၊ ပြောရမှာ အားနာလိုက်တာ၊ သက်က လုံးဝမအားဘူး ဖြစ်နေတယ်၊ လုံးချင်းထုတ်ဖို့လည်း စီစဉ်နေရ တော့လေ ဘယ်လိုမှ မအားနိုင်ဘူး၊ ဒါကြောင့်ပါ၊ ဒါပေမယ့် ကျွန်မ ကြိုးစားမှာပါ၊ အမြန်ဆုံးဖြစ်အောင် လုပ်ပေးပါမယ်ရှင်"

သက်၏ အောင်မြင်မှုကို ဂုဏ်ယူတတ်လေ့ရှိသော ကိုကိုက လက်မထောင်ပြသည်။ သက်လည်း မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။

နေရောင်ခြည်နုနုလင်းသော ဘဝတွင် အားရကျေနပ်မှုတို့ဖြင့် ပြည့်လျှံလာသည်။ ငါ့ကမ္ဘာမှာ ကုသိုလ်ကံထူးလာပြီဟုဆိုကာ အစွမ်းကုန် ကြိုးစားဖို့ မောင်းတင်သည်။ အရာရာတိုင်းကိုလည်း ပျော်ရွှင်မှုဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နေချင့်စဖွယ် လောကပါလားနော်။

"သက်ရေ·· ညှော်ခန်းကိုတော့ ဒီလောက်နားအထိ ယူမယ်ကွာ ပြီးတော့ အခင်းကို လေးထောင့်ကြမ်းထိုးလေးတွေ အကွက်ဖော်မယ်၊ ကျဉ်းမလားမသိဘူး၊ မကျဉ်းပါဘူးနော် သက်"

ကိုကိုသည် သက် ခါးကို တယုတယဖက်ကာ သူ့ဆောက်လုပ်ဆဲအိမ်ကို လိုက်ပြသည်။ အိမ်ရှေ့မြက်ခင်းပြင်တွင်လည်း သက် နှစ်သက်တတ်သော ညမွှေးပန်းနှင့် ဇီဇဝါတို့ကို စိုက်ပျိုးထားသည်။ သနပ်ခါးပန်းလည်း စိုက်ပေးဦးမည်ဟု ကိုကိုပြောသေးသည်။

"ဒီဘေးထွက်နေတဲ့နေရာကိုတော့ သက်အတွက် စာကြည့်ခန်း၊ ပြတင်းပေါက်ဖွင့်ထားရင် လေဝင်တယ်လေ၊ သက်က ပန်ကာလေလည်း မကြိုက်၊ အဲယားကွန်းလည်း မကြိုက်တော့ သဘာဝလေမှ ဖြစ်မှာ၊ ဒီကနေ လှမ်းကြည့်လိုက်ရင် သက်အချစ်တော်တွေကိုလည်း မြင်နိုင်သေး"

ညမွှေးပန်းနှင့် ဇီဇဝါကို ကိုကို ဆိုလိုသည်။

"ဒါ ဘာလုပ်ဖို့ နေရာကျယ်ကြီးလုပ်ထားတာလဲ ကိုကို"

နံရံထဲတွင် ထွင်းထားပြီးသော လေးထောင့်ကွက်ကြီးကို ညွှန်း၍ ပြောမိသည်။

"ဒါက စာအုပ်တွေထည့်ဖို့ အကာန့်နဲ့ လုပ်မယ်လေ သက်ရဲ့"

"ဟာ· · ·ကျဉ်းတယ်"

သည်တော့ ကိုကို ဟားတိုက်ရယ်တော့သည်။

"ဒီတစ်ခန်းလုံး သက်အတွက် ဗီရိုတွေ ဝယ်ပေးဦးမှာ။ သက် ထည့်ချင်သလောက်ထည့်၊ မဆန့်ဘူးလား၊ နောက်ထပ်ဗီရိုဝယ်အည့်၊ ဒါက အလွယ်တကူ ယူလို့ရအောင် တံခါးမပါဘဲ လုပ်ပေးထားတာ"

ကိုကိုသည် သက်ခေါင်းမှ ဆံပင်တို့ကို လက်နှင့်ခြေမွှပစ်ရင်း

www.burmeseclassic.com



ရယ်နေသည်။ ကြည်လင်သော သူမျက်ဝန်းထဲတွင် ညင်သာသိမ်မွေ့သော အချစ်ကို တံခါးမရှိ ဓားမရှိတွေ့မြင်ရလေသည်။

ကိုကို့မျက်နှာကို ကြည့်ရင်း ကြည့်ရင်း အလိုလိုငိုချင်လာသည်။ ဒီလောက် ကြင်နာယုယတတ်သော သူနှင့် တွေ့လိမ့်မည်ဟု မထင်ခဲ့သဖြင့် ငယ်စဉ်က သေချင်ခဲ့သည်ကို သတိရသည်။

ကံကောင်းထောက်မသဖြင့် ဘယ်လိုလုပ်လုပ် မသေခဲ့၍သော ကိုကို့အရိပ်ကို ခိုဝင်နိုင်ခြင်းဖြစ်သည်။ သေများသေခဲ့လျှင် ကိုကိုနှင့် တွေ့ဖြစ်မည်မဟုတ်ပေ။

"ဟာ…ဘယ်လိုဖြစ်တာတုန်း သက်လေး ဘာဖြစ်လို့ မျက်ရည်တွေကျလာတာလဲ ပြောစမ်း ပြောစမ်း။ ကိုယ့်ကိုပြောစမ်း။ ဘာမကြိုက်လို့လဲ၊ သက် ဘာဖြစ်စေချင်လို့လဲ။"

"ဟင့်အင်း…ဟင့်အင်း။ မဟုတ်ဘူး ကိုကို မဟုတ်ဘူး။

"သက်လေ ငယ်ငယ်တုန်းက သက်လို ခြေထောက်ကို ဘယ်သူမှလည်း ချစ်မယ့်သူမရှိဘူး ဘာလုပ်လုပ် အောင်လည်း မအောင်မြင်ဘူးဆိုပြီး သက်သေဖို့အထိတောင် ကြိုးစားခဲ့ဖူးတယ်၊ အဲဒီတုန်းကများ သက် သေသွားခဲ့ရင် ကိုကို့အချစ်တွေကို ခံစားလိုက်ရမှာ မဟုတ်ဘူးဆိုပြီး ဘယ်လိုလုပ်လုပ် မသေတဲ့ ကာသိုလ်ကို ကျေးဇူးတင်လွန်းလို့ပါ ကိုကိုရယ်၊ သက် ကျေနပ်အံ့ဩလွန်းလို့ပါ"

ကိုကိုသည် ကျောကို သပ်ပေးရင်း နှစ်သိမ့်သည်။ ဪ… အခုတော့လည်း သက်ဘဝဟာ ကျေနပ်စရာအပြည့်နှင့်ပါလားနော်။

ဗိုက်က မခံမရပ်နိုင်အောင် အောင့်ကာ အိပ်ရာက လန့်နိုးလာသည်။ ပထမပိုင်းတွင် ချက်တစ်ပိုက်ဝန်းကျင်မှ စူးခနဲ စူးခနဲ အထဲမှအောင့်ခွဲသလိုအောင့်သည်။ နောက်ပိုင်းတွင် တဖြည်းဖြည်း နယ်ပယ်ကျယ်ပြန့်လာပြီး ဘယ်နားမှ အောင့်နေမှန်း နာနေမှန်း မသိအောင်ပင် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းနှင့်မတူဘဲ အလွန်ဆိုးရွားတာကို သတိပြုမိသော်လည်း ဗောတွေကောာ အရင်လိုပဲ သူ့ဟာသာသူ ပျောက်သွားမည်အထင်နှင့် ခေါင်းအုံးနှင့်ဖိကာ မှောက်လျက်အနေသို့ ပြောင်းလိုက်သည်။

အိပ်ရာနံဘေးရှိ နာရီသည် (၄)နာရီခွဲကို ပြလျက်ရှိသည်။ ညည့်နက်မှ အိပ်ရာဝင်သူအဖို့ သည်အချိန်သည် နိုးနေကျအချိန်မဟုတ်ပေ။ သို့သော် အိပ်လို့မရမည့်အတူတူ စာထိုင်ရေးနေလျှင် သက်သာချင် သက်သာဦးမည်။ မီးခလုတ်ကို ထပ်ခနဲဖွင့်လိုက်ပြီး ရေးလက်စစာအုပ်ကို ယူသည်။

"အား...ကျွတ်...ကျွတ်"

တော်တော်လေးကို မခံမရပ်နိုင်စရာကောင်းတဲ့ ဗိုက်အောင့်နည်းမျိုးပါပဲ။ ထထိုင်ပြီး ဒူးနှင့် နဖူးထိအောင် ကွေးထားလိုက်သည်။ အနာသက်သာလို သက်သာငြား။

မရပါ။ ဗိုက်က လွန်မင်းစွာ နာကျင်လာသည်။ လက်ဖြင့်နှိပ်ရင်း နှိပ်ရင်း တစ်ကိုယ်လုံး ချွေးတွေသီးနေအောင် ထွက်လာ၏။ ထိုထက်ပိုအောင့်လာသောအခါတွင် သက်သက်စံ မျက်ရည်များပင် ကျရလေပြီ။

"အမေလေးလေး...ကျွတ် ကျွတ်"

အသံမျိုးစုံလည်း နှုတ်မှ မပီမသထွက်လာတော့သည်။ ခေါင်းအုံးကိုလည်း တင်းနေအောင် အားပြုထားလိုက်သည်။

"မေမေ...မေမေ၊ မမကြီး...မမကြီး ထပါဦး။"

မအောင်နိုင်သော တိုးညှင်းသည့် အသံကို အားမရ၊ ခုတင်ကို တဝုန်းဝုန်းထုပစ်လိုက်သည်။ သူတစ်ပါးအား အကူအညီတောင်းရသည်ကို အောက်ကျသည်ဟုယူဆသော သက်သက်စံ မခံနိုင်တော့။ တစ်သက်နှင့် တစ်ကိုယ် သည်လောက်ဗိုက်အောင့်တာ တစ်ခါမှ မကြုံဖူးပေ။

"သမီး...မနိုပ်နဲ့လေ မနိပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့သည် သက်ကို ခေါင်းခန့်ပို့မလား၊ ခေါင်းရုံပို့မလား တိုင်ပင်ကြသည်။ လူကိုထူကာ ကြည့်ကောင်းအောင် လုပ်ပေးကြသည်။ အမှန်တော့ သက်မှာ မတ်တတ်ရပ်ဖို့ ဝေးစွ။ ထမ်းပင် အကာပ်မခံနိုင်တော့ပေ။ နောင်သည့်နေရာတွင် လက်နှင့်ရုပြီး ကိုင်ထားရ၏။ လူမှာတော့ မျှောမျှောသာ ကျန်တော့သည်။ မောင်လေးက လမ်းထိပ်ထွက်၍ ကားသွားငှားသည်။

ခဏအကြာ ကားသံကြားရတော့ မေမေနှင့်မမတို့ သက်သက်စံကိုချီကာ အိမ်ရှေ့ထွက်သည်။ ကားဆရာမှာ သိသာစွာ မျက်နှာပျက်လေသည်။

"ဟာ . . . လူနာက တော်တော်အခြေအနေဆိုးနေသလား။ ဖြစ်ပါ့မလားကွာ"

"ဟာ . . . ဦးလေးကလည်း၊ ဘာလို့မဖြစ်ရမှာလဲ၊ ဖြစ်ပါတယ်ဗျ၊ ဟိုမှာ ကျန်တော့် အစ်မသေတော့မယ်၊ လာလေ အမေရဲ့ ဘာလုပ်နေတာလဲ"

"ဟာ . . . မတော် ငါ့ကားပေါ် တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ၊ ဒုက္ခပါပဲကွာ"

တဖျစ်တောက်တောက်နှင့် ကားသမားက အင်တင်တင်၊ သူ့ကားပေါ် သက်သက်စံ အသက်ကြွေကာ ဝိညာဉ်ကပ်နေမည်ကို စိုးဟန်တူပေသည်။

"ဝေါ့"

နှစ်ခါအန်ပြီးသော ထွေးခံသည် အနီပုပ်ရောင်ရည်တို့ဖြင့် ပြည့်သွားသည်။ တစ်ခါအန်လျှင် မောက်ခွက်အကြီးတစ်ဝက်ကျော်မျှ ပါလာသော အရည်တွေသည် ဗိုက်ထဲတွင် ဘယ်သို့ရှိနေသည်မသိ။ မေမေက သေချာစွာကြည့်ကာ ဘာတွေမှန်းလဲ မသိဘူးဟု ပြောသည်။ သက်ရေလည်း ဘာအဖတ်မှမပါသည့် နီကျင့်ကျင့် အရည်တွေကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဒိုက်ထဲက သွေးကြောတွေ ပြတ်ပြီးများ အန်ချလိုက်လေသလား ထင်မိသည်။

စာရေးချင်သည့်စိတ်က ရင်ထဲမှာ ကြီးစိုးနေရာယူနေသည်။ သို့သော် လူက မထနိုင်၊ မလှုပ်နိုင်၊ မထိုင်နိုင်၊ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် လူဖြစ်နေလေပြီ။

"ခြော်…ဒီတစ်ခါတော့ ငါခုတင်ပေါ်မှာ မျောမျောလေး ဖြစ်နေပါလားနော်၊ အင်း…ငါ့စာအုပ်တွေလည်း ဘယ်လိုအခြေအနေရှိသလဲ မသိ၊ ရောင်းရပဲ့မလား။ ပြေးကြည့်ချင်လိုက်တာ၊ ငါ ဒီပေါ်ရောက်နေတာ ကိုကိုရော သိပြီးပြီလား။ မန္တလေးကို မောင်လေး ကြေးနန်းရိုက်ပြီးရောပေါ့။ ကိုကိုတော့ စိတ်ပူနေမှာပဲ"

ရင်ထဲ အောင့်တက်လာပြန်သည်။ လည်ချောင်းတစ်လျှောက် ပူခနဲ ခံစားလိုက်ရပြီး ပါးစပ်မှ အရည်တွေအန်ထွက်လာပြန်သည်။ မေမေလည်းမရှိ။ ထဖို့လည်း အချိန်မမီ။ ခေါင်းအုံးတွေ အကုန်ပေကုန်ပြီ။ မတတ်နိုင်တော့။

ထွက်လာသော အရည်တွေ၏အပုပ်နံ့ကို အရင်ဆုံးရသည်။ မျက်လုံးမှေး၍ မြင်သာအောင် ကြည့်လိုက်၏။

မြတ်စွာဘုရား။ အစိမ်းရောင်တွေပါလား။

နောက်တစ်ချက် ပူခနဲခံစားလိုက်ရကာ အင့်ခနဲထွက်လာပြန်၏။ တစ်ချိန်က အလွန်သေချင်ခဲ့သော ကိုယ့်အဖြစ်ကို သတိရမိသည်။ စားလိုက်ရသည့် မှိုနှင့်ပုဇွန်လုံး၊ စိမ်းစားဥနှင့် ရေခဲချောင်း၊ အိပ်ဆေး ငါးလုံးလောက် တစ်ခါတည်းသောက်ဖို့တောင် စိတ်ကူးမိပါသေးရဲ့။

သည်တုန်းက ကောင်းပင်ကောင်းရဲ့။ ခုမှ ဖောက်ပြန်လာသည်။

ဟင့်အင်း…ငါမသေချင်သေးဘူး။ ငါရေးမယ်လို့ အစီခံထားတဲ့ စာအုပ်တွေ အများကြီးရှိသေးတယ်။ ငါစီစဉ်ထားတဲ့ စိတ်ကူးတွေ ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် လုပ်ရဦးမယ်။ ပြီးတော့ ကိုကိုနဲ့ အတူနေဖို့ ဝယ်ထားတဲ့ အိမ်ကလေး။

ဟင့်အင်း…ဟင့်အင်း ငါမသေချင်သေးဘူး။ ငါမသေပါရစေနဲ့။

"ဟိုဘက်က ကောင်မလေးဆို သနားစရာလေးဟယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စာရေးဆရာမဆိုလားပဲ၊ ကြာကြာမခံဘူးလို့ ပြောနေတာ ငါကြားတယ်၊ အခုလည်း အန်နေလိုက်တာ သူ့အမေလည်း ဘယ်ထွက်သွားမှန်း မသိဘူး"

ဘုရား…ဘုရား ငါ့ကို ပြောနေတာများလား။

"ဘာရောဂါတဲ့လဲ စိန်စိန်ရယ်"

"အဲဒါတော့ ငါလည်း သေချာမသိဘူး၊ ငါ အိမ်သာသွားတုန်း ဟိုနားမှာ သူနာပြုဆရာမနှစ်ယောက် အချင်းချင်းပြောနေတာ ကြားတာပဲ"

ဟင့်အင်း…ဟင့်အင်း။ မလာနဲ့…မလာနဲ့၊ မှောင်မည်းနေတဲ့ တိုက်ကြီး ငါ့ဆီကို မလာနဲ့၊ အို…မလာနဲ့။

အင့်ခနဲ တစ်ချက် အန်ချလိုက်ပြန်သည်။ ခန္ဓာကိုယ်ထဲ ရှိရှိသမျှ အူတွေအသည်းတွေအကုန် ပါးစပ်မှ ထွက်ကုန်သလားမှတ်ရအောင် အခံရခက်နေသည်။ လူတစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်လှ၏။ မောလှသော ရင်ကိုဖိထားရန် လက်ပင်လှုပ်နိုင်စွမ်း မရှိတော့။

ဘုရား…ဘုရား။ ငါ ဒီတစ်ခါတော့ တကယ်ပဲ…။

[၁၉၉၁ ဩဂုတ်လ ပန်းဝေသီမဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

“ အချစ်အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်,မက်တယ်။ အိပ်မက်ထဲမှာ တစ်ယောက်တည်းလျှောက်သွားတယ်။ ဘေးမှာ ဆူမဲ့သူ ပြောမဲ့သူလည်း တစ်ယောက်မှမရှိဘူး။ ဟိုဟာလုပ် ဒီဟာလုပ်လို့ ညွှန်ကြားတဲ့သူလည်းမရှိဘူး။ မြှောက်ပင့်ပြောတဲ့သူလည်းမရှိဘူး။ ကဲ့ရဲ့မယ့်သူ မဲ့ပြုမယ့်သူလည်းမရှိဘူး။

လောကကြီးက အရမ်းသာယာနေတယ်။ ကောင်းကင်ကြီးက ပြာလို့လဲ့လို့ ကြည်စင်နေတာပဲ။ မြေသားညိုညိုတွေပေါ်မှာ မြက်ခင်းစိမ်းစိမ်းတွေရှိတယ်။ ပြီးတော့ အပင်ပုပုလေးတွေလည်း ရှိတယ်။

နှင်းဆီအနီတွေ အဝါတွေကလည်း တအားပဲ၊ စံပယ်ပန်းတွေကလည်း ဖွေးလို့မွှေးလိုက်တာ၊ အားပါး…ရင်ကိုကော့ပြီး လေကိုရှူသွင်းလိုက်တော့ အရိုက်ကိုခံရတဲ့ လေတွေရဲ့ အပြုံးကို တွေ့ရတယ်။

**ဇော်ဒန်၊ အနုပညာမှတ်စုရေး**

www.burmeseclassic.com

www.burmeseclassic.com



နေမင်းကြီးက အရှေ့ဘက်မှာ ပွင့်နေတယ်။ အဝါရောင်နုနုတွေက ကောင်းကင်မှာ သန်းနေတာ၊ စာကလေးတွေက ကျိုကျိုကျိုကျိုနဲ့ စကားတွေ လုပ်းပြောတယ်။

"ကမ္ဘာကြီးဟာ သိပ်သာယာတာပဲ"တဲ့။

"ဟုတ်တယ်၊ ကိုယ်တယ်တော့မှ စိတ်မညစ်ဘူး။ သာယာလှပတဲ့ ကမ္ဘာကြီးမှာ စိတ်ညစ်နေဖို့ နေရာမရှိဘူး။ အချိန်မရှိဘူး။ ကိုယ့်လိုပဲ လူတွေအားလုံး အမြဲပျော်နေစေရမယ်"

မြက်ခင်းပြင်ပေါ်မှာ လှဲအိပ်လိုက်တော့ ဆံပင်စတွေက ဝဲခနဲကျ သွားတယ်။ ကောင်းကင်ကြီးနဲ့ အကြည့်ချင်းပြိုင်ကြတယ်။

"ရှုမငြီးတဲ့ ချစ်သမီး၊ အဓိမြေပြာ နွေးထွေးရဲ့လား"တဲ့။

တိမ်တိုက်ပြာပြာတွေက ဖြတ်သန်းရင်း လက်ပြသွားကြတယ်။

"လိုက်ဦးမလား"တဲ့။

"မေမေ့ ရင်ခွင်ထဲမှာ ငြိုးငွေ့မှုဘဲ လိုက်တော့မယ်" လို့ ပြန်ပြော လိုက်တယ်။ ဒီလောက်သာယာလှပတဲ့ မေမေ့ရင်ခွင်ဟာ ဘယ်တော့မှ ငြီးငွေ့မှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်။ သာယာငြိမ့်ညောင်းတဲ့ ဂီတသံတိုးတိုးလေးကို ကြားတယ်။ ပန်းပွင့် ဝါဝါတွေက လေမှာယိမ်းလို့ အဆုပ်လိုက် အပွင့်လိုက်။

ပန်းပွင့်တွေကို လေတိုးတဲ့ အသံလား။

"ဒို့ကို လေနတ်သားလေး နမ်းရှိုက်သွားရင် ဒီအသံမျိုး ဘယ် ဟုတ်မှာလဲကွာ"တဲ့။ "မင်း သေသေချာချာ နားထောင်ကြည့်ပါလား။ ဒီ အသံက အဆက်မပြတ်ပေါ်နေတာ" တဲ့။

တစ်စုံတစ်ယောက်က နူးညံ့အိစက်တဲ့ မြက်ခင်းစိမ်းပေါ်ကနေ ထပြီး ကြည့်လိုက်တော့ ငွေဘော်ရောင် တလက်လက်ထနေတဲ့ အရာ တစ်ခု။ ခေတ်ပေါ် အင်္ကျီစလိုပဲ၊ ရှိုက်ငြီးသံဟာ သူ့ဆီက လာတာလားယာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဖြစ်နိုင်မှာလဲ။

"အနားတိုးကပ်ကြည့်လေ" တဲ့။

နှင်းဆီဖူးလေးက လှမ်းပြောတယ်။

တဖြည်းဖြည်း နီးလာတော့ အသံကလေးက ပိုပြီးကျယ်လာရော၊ ရင်တွေခုန်လိုက်တာ၊ "မင်းအသံလေးက ဂီတသံလေးလိုပဲ၊ နားထောင်လို့ သိပ်ကောင်းတယ်၊ တို့ကို သင်ပေးမှာလားဟင်"

"သင်ချင်ရင် တို့နဲ့ တစ်သက်လုံးနေမှရမှာပေါ့"

"ဟယ်...ဘာလို့တစ်သက်လုံးနေစေချင်ရတာလဲ၊ တို့က ဘာမှ လုပ်ပေးတတ်တာ မဟုတ်ဘူး"

"မင်းလေးက သိပ်လှတယ်၊ တို့ကို ငုံ့ကြည့်တဲ့မျက်လုံးတွေမှာ ကြင်နာတတ်တဲ့မျက်လုံးတွေနဲ့ တို့ဘဝကလှပ်ရှားလို့ရတာ မဟုတ်ဘူး။ ညှာတာတတ်တဲ့ ချစ်တတ်တဲ့အဖော် တို့လိုချင်လို့ပါ"

သာသာလွင်လွင် ရယ်မိတော့ သူက မျက်လုံးလေးပြူးပြီး ကြည့်တယ်။ ပါးစပ်ကလေးကလည်း ဝိုင်းလို့။ တို့နှစ်ဦးကို မြက်ပင်လေးတွေက ကြည့်နေကြတယ်။ ရောင်စုံပန်းပွင့်တွေကလည်း ငေးနေကြတယ်။ စမ်းချောင်းကလေးက ကြည်လို့စင်လို့၊ သူတို့ သိပ်ချစ်ကြတာပဲတဲ့၊ တို့ကို လည်း သူတို့ကချစ်ကြတယ်။

"တစ်ယောက်တည်းချစ်လို့တော့ ဘယ်ရမှာလဲနော်၊ အချစ်ဆိုတာ အသည်းနှလုံးက တစိမ့်စိမ့်အမြူတေရတဲ့ ရတနာမို့ လွယ်လွယ်နဲ့ ဘယ်ရမလဲ သူကရောတို့ကို ချစ်တတ်မှာတဲ့လား တို့ချစ်သလို ပြန်ချစ်မှာတဲ့လား။ သူ့ဆီကရတဲ့အချစ်နဲ့ တို့နှလုံးသားကို ရေလောင်းပေါင်း သင်ရမှာဆိုတော့ သူ့မှာ အချစ်မရှိရင် ဒါမှမဟုတ် အချစ်မပေးရင် တို့နှလုံးသား သေခုံးသွားမှာပေါ့။ ကဲ...စဉ်းစားနော်"

အိပ်ရာက ဖျတ်ခနဲလန့်နိုးလာတော့ ပါးပြင်မှာမျက်ရည်စက်တွေ နဲ့ မောင်နဲ့စကားများပြီး အိပ်ပျော်သွားတာ သတိရတယ်။ နားကျည်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တဲ့ မောင့်စကားသံတွေက နားထဲမှာစွဲနေတယ်။ ဘာလို့ ဒီလိုပြောရတာတဲ့လေ၊ ဒီလိုပြောရင် စိတ်ဆိုးမိမှာပေါ့။ အပြန်အပြန် စိတ်ဆိုးနေကြရင် ကောင်းမလား။ ကြာလာတော့ စကားမပြောချင် ဖြစ်လာရင်ဘယ်လိုလုပ်မှာလဲ။ အခြားသံယောဇဉ်ကြိုးစမျှင်ကို ကကြီးကနေပြန်ရစ်ဖို့ ရှိနေလို့လား။

ချစ်သူဆိုတာ အော်ဖို့ဝေါက်ဖို့ အပြစ်ရှာဖို့ စိတ်တိုဖို့လား။ ချစ်သူရှိနေတဲ့အတွက် အော်ရမယ်၊ ဝေါက်ရမယ် အပြစ်တွေမြင်နေရမယ် ဆိုရင် ဒီချစ်သူ ဘယ်ကောင်းတော့မလဲ၊ အပင်ပန်းခံ အချိန်ကုန်ခံလို့ ဘာလို့ ချစ်ဟန်ဆောင်မှာလဲ၊ ပင်ပန်းလှပါတယ်။

ချစ်သူရဲ့ အပြုံးအယုယမှာ သာယာကြည်မွေ့ဖို့ စိတ်နှလုံးအေးမြဖို့ နူးညံ့သိမ်မွေ့ဖို့ လောကကြီးကို စိတ်ရှည်လက်ရှည်ကြံ့ခိုင်စွာ ဖြတ်ကူးနိုင်ဖို့ ချစ်သူ တစ်ဦးအဖြစ် ရပ်တည်ပါသည်မောင်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ချစ်ပါသည် မောင်။ နှလုံးသား ပေါက်ကွဲလွင့်စင်သွားတဲ့အခါ ချစ်ခြင်းတွေလည်း နှလုံးသားနဲ့အတူ လွင့်စင်သွားလို့ ချစ်ခြင်းမရှိတဲ့အဖြစ်ကို ရောက်ရမည်ပဲပေါ့။ ချစ်ခြင်းမရှိမှ မောင်ကြည်မွေ့မည်လား။ ချစ်ခြင်းဆိုတာ မလိုလားအပ်တဲ့ အရာတစ်ခုလား။ ချစ်သူဆန္ဒကို ကိုယ့်ဆန္ဒရဲ့ အပုံတစ်ရာပုံရင် တစ်ပုံလောက်မှ တန်ဖိုးမထားတတ်တဲ့ ချစ်ခြင်းမျိုးနဲ့ နှိုင်းယှဉ်လိုက်သည်လား။ မချစ်တတ်ရင်လည်း အသာလေးငြိမ်ပြီး ကျွန်မဆီက အချစ်သင်ယူပေါ့။

ပေးအပ်သည့် အချစ်ကို ဆွဲယူလွင့်ပစ်လိုက်တာကတော့ မောင် ကျွန်မကို အထင်ကရ မောင်းထုတ်လိုက်တာပါ။ မောင့်ကို အနှောင့်အယှက်ဖြစ်စေတဲ့ ဒီချစ်ခြင်းတွေနဲ့အတူ ကျွန်မထွက်သွားပါ တော့မယ်။

ကဲ…ကျွန်မကို ခွင့်ပြုပါတော့လေ။

|အတွဲ(၁) အမှတ်(၄) ဆယ်ကျော်သက်မဂ္ဂဇင်း|

“

စိတ်ကျနာ

www.burmeseclassic.com

www.burmeseclassic.com

# “ စိတ်ကျန္မာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က အိမ်ပြန်ရောက်တော့ သိပ်အပင်ပန်းကြီးမဟုတ်လှ ပါဘူး။ ဟိုနေ့တွေကအတိုင်း "သား" မျက်နှာမြင်လိုက်ရတာနဲ့ မောတာတွေ ပျောက်သွားခဲ့တာပဲ။ ဒါပေမယ့် ခုရက်ပိုင်းအတွင်းမှာ စိတ်တို ရတာတွေ ရှိနေခဲ့တယ်။ စိတ်တိုရတာတွေဆိုတာထက် စိတ်မကျေနပ် ဖြစ်ရတာပါ။ ဘယ်သူ့ကြောင့်မှလည်း မဟုတ်ဘဲ ဘယ်သူကမှလည်း မမှားဘဲ ကိုယ့်ဘာသာကိုယ် အနေမတတ် အထိုင်မတတ် အပြောမတတ် သူတကာကို လိုက်လိုက်လျောလျော ဆက်ဆံနေမိရာက လူတွေရဲ့ပါးဝမှ အပေါ်မှာ မခံရပ်နိုင်တာပါ။ ဘာလို့လူတွေကရော ကြင်ကြင်နာနာ လိုက်လိုက်လျောလျောရှိသူတွေကို အနိုင်ယူယှယ်မူးချင် ရတာတဲ့လဲ။ ကိုယ်က တစ်ကိုယ်ကောင်းစိတ်မထားချင်ပြန်တော့လည်း သူတို့တွေ အားလုံးက တစ်ကိုယ်ကောင်းသမားတွေဖြစ်နေပြန်ရော။ သူ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားဘူးလား။ ငါတို့တွေ ကိုယ်ဖို့ချည်းပဲ ကြည့်နေမိပြီရယ်လို့။

တင်းတင်းမာမာ ဆက်ဆံတတ်သူတွေကိုကျတော့ ဘယ်က လောက် သေးမွှားတဲ့ကိစ္စကိုပဲဖြစ်ဖြစ် သူတို့မှာအရေးတယူ ဆောင်ရွက် ပေးကြတယ်။ သူ့မျက်လုံးတစ်ကြည့် မျက်နှာပေါ်က အကြောင်ယ်လေး တစ်ခု မာသွားတာလောက်နဲ့ ကျွန်တော်တို့တာဝန် ကျွန်တော်တို့ သိပ်ါမယ်လို့ ပြောင့်ချက်ပေးဖြစ်သွားသလိုပဲ။

ခက်နေတာက ငါ့နှလုံးသား၊ ငါ့ရင်ထဲက အသည်း။

လူတွေကြားထဲမှာနေတဲ့ လူသားတစ်ယောက်အနေနဲ့ လူတွေကို ချစ်တယ်၊ သနားတယ်၊ ကြင်နာမြတ်နိုးတယ်။ လူသားတွေရဲ့ ကောင်းခြင်း ဆိုးခြင်းတွေနဲ့ သူတို့ရဲ့ ဇစ်မြစ်တွေကို ငါ့ဘာသာ ဘယ်သူမှမနိုင်းဘဲ တွေးကြည့်စာနာတတ်နေတယ်။ ဒါဘာကြောင့်လဲ...။

ဘာကြောင့်လဲဆိုတာကတော့ ဘယ်သူမှမသိရင်သာနေမယ်၊ ငါ့ဘာသာ ငါတော့ရှင်းပါတယ်။ ငါဟာ လူတိုင်းနဲ့ မတူတဲ့လူတစ်ယောက် လေ။ ခုလက်ရှိ လူတစ်ယောက်ရဲ့ သက်တမ်းဘယ်လောက်လဲ။ လူရယ်လို့ သိစအရွယ်ကနေ ဘဝတစ်ခုလုံးရဲ့ ၃ပုံ၁ပုံလုံးလုံး ယနေ့အထိ ကိုယ့် ခြေထောက်ပေါ်ချည်း ရပ်တည်လာရတယ် မဆိုပါဘူး။ ငါ့မှာ သမီးသုံးယောက်ကို မနိုင်မနင်းပြုစုစောင့်ရှောက်လာရတဲ့ စိတ္တဓာတ် ဝေဒနာသည် အမေရှိတယ်၊ အမေ့ကို ငါကလွဲလို့ ကျန်တဲ့လူတွေ အားလုံးက နိုင်စားတယ်။ အမေက မှုမှန်စိတ်မှ မရှိဘဲလေ။ အမေ့ဘဝရဲ့ အထုအထောင်းတွေက အမေ့စိတ်ကို ကစဥ့်ကလျားဖြစ်သွားစေခဲ့တာ အမေ့ကို အပြစ်ပြောလို့မရဘူးလို့ ငါလုံးဝယုံကြည်ထားတယ်။ အမေ့ အပြစ်ရှိခဲ့တယ်ဆိုရင်လည်း သမီးကလေး ၄ယောက်ကို ဒီခေါင်းစလုံး တည်းနဲ့ ကျွေးမွေးစောင့်ရှောက်လာခဲ့တယ်ဆိုတာ တစ်ခုတည်းနဲ့တင် သင်ပုန်းကျေသွားခဲ့ပါပြီ။

ဆော်ဒန်အနုဧည့်ချစ်ချစ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖေကိုလည်း ငါဘာမှပြောချင်စိတ်မရှိဘူး။ ယနေ့ထိသက်ရှိထင်ရှားရှိလျက်နဲ့ သူရဲ့ တစ်ခုတည်းသော မျိုးဆက်သစ်ငါတို့နဲ့ လုံးဝအဆက်အသွယ်မလုပ်တာ ကြည့်တော့။ ငါ သူ့ကို အပြစ်ပြောဖို့ နေနေသာသာ ခေါင်းထဲဝင်လာရင်တောင်မနည်း ပြန်ခွဲထုတ်ပစ်ရတာယ်။ မိခင်တစ်ယောက်တည်းကိုတောင် ငါလက်မတား ကျေးဇူးဆပ်လို့ ပြည့်စုံလုံလောက်တယ်ရှိလို့လား။ ကိုယ့်အနီးအနားမှာနေပြီး ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်အပေါ် ကောင်းရင်တော်ပါရဲ့။ မတော်မတည့် မကောင်းမကာန်းတွေလုပ်ပြနေမှဖြင့်။

တစ်သက်လုံး မတွေ့ဖူးခဲ့ရတဲ့ ဖခင်အပေါ် အခုလောက်ထက်ပိုစိတ်မကွက်ချင်တာ ငါ့ရဲ့ဝန္ထပဲ။ ရှိထားတဲ့ အမုန်းတွေကို ခြေဖျက်ရင်းရနေတဲ့ ကာသိုလ်ကလေးတစိုးတစိကို ဆန့်ကျင်ဘက် အပြစ်မခံချင်ဘူးလေ။

လူတွေအပေါ် ဇစ်မြစ်ကစပြီး နားလည်ခွင့်လွှတ်တတ်တဲ့ ငါ့ရဲ့စိတ်က ဒီလောက်အကြောင်းအရာနဲ့တော့ အကြောင်းပြဖို့ မလုံလောက်သေးပါဘူး။ ဒါပေမယ့် ဒါတွေက သာမန်လူသားတစ်ဦးနဲ့ မတူတဲ့စိတ်အခြေခံဖြစ်ဖို့ နိုင်မြဲတဲ့အုတ်မြစ်တွေမဲ။ တိုက်တစ်တိုက်ကိုဆောက်လုပ်တဲ့အခါ ဟိုးမြေကြီးထဲတွင်းတူးပြီး ထည့်သွင်းရတဲ့အခြေခံအုတ်မြစ်ခိုင်မြဲရင် ခိုင်မြဲသလို ဒီတိုက်ရဲ့ထုထည်က မိုးထိဘယ်လောက်ထိုးထိုး ကြံ့ခိုင်နေတတ်တယ်လေ။

ငယ်စဉ်တောင်ကျေးက ကြုံလာရတဲ့ အခြေခံစိတ်တွေရဲ့လွှမ်းမိုးမှုကို လူသားတိုင်းဟာ မတွန်းလှန်မပြိုဖျက်နိုင်ကြဘူး။ ကောင်းသောစိတ်အခြေခံရှိရင် တော်ပါရဲ့။ မကောင်းသောအုတ်မြစ်နဲ့ တွေ့လို့ကတော့အဲဒီမကောင်းတဲ့စိတ်ရဲ့ ကြံ့ခိုင်မာကျောတဲ့ထုထည်က သူ့ရဲ့အသည်းနှလုံးမှာ မျက်လုံးရိုင်းတွေ မြုပ်နေတော့တာကလား။ ဒီမျက်လုံးတွေက လူ့စိတ်ပြတွင်းဆိုတဲ့ သူ့မျက်လုံးတွေမှာ အရိပ်လောက်တောင် မသန်း

www.burmeseclassic.com



တတ်လေတော့ သူ့အသည်းနှလုံးမှာ မျက်လုံးရှိင်းရှိတယ်ဆိုတာ ဘယ်သူက သံသယဖြစ်မှာလဲ။ အဖွင့်အပိတ်ပါတဲ့ မော်ဒန်ကားတစ်စီးရှိ ရေထိုးမီးအပိတ်စံလိုပဲ ပိတ်ထားရင် မီးလုံးရှိမှန်း လုံးဝမသိရဘူး မဟုတ်လား။ လုံးဝပိတ်မရအောင်ပွင့်နေကာမှ ရှိမှန်းသိရမှာ။ မှုမှန်စိတ် မရှိသူရဲ့ လိမ်ညာမှုက ပိပိရိရိ ရှိုးသားလွန်းတယ်နော်။ အမှန်တော့ သူက လိမ်ညာတာ မဟုတ်ဘူး။ ဖုံးကွယ်တာမဟုတ်ဘူး။ သူ့ကိုယ်သူတောင် မျက်လုံးရှိင်းရှိမှန်း တကယ်မသိတာပါ။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ အများအားဖြင့်ကတော့ ကိုယ့်ကိုကိုယ်တောင်မသိတတ်ကြဘူးတဲ့။ လူတိုင်းလိုလိုနီးပါးဟာ အခုမျက်စိရှေ့မှာရှိနေတဲ့ ထမင်းပန်းကန်ထဲက ထမင်းတွေကို ငါစားချင်ရဲ့လား မစားချင်တဲ့လားဆိုတဲ့ ပင်ရင်းစိတ်ကို ဘယ်သူက အချိန်ကုန်ခံခွဲခြမ်းစိတ်ဖြာနေလို့လဲ။ စားချင်သည်ဖြစ်စေ၊ မစားချင်သည်ဖြစ်စေ မိမိရဲ့ အသက်ရှင်နေထိုင်မှုအတွက် နောက်ပြီး အစာအိမ်ရဲ့ တောင်းဆိုမှုအတွက် နောက်တစ်ခုက လုပ်နေကျအလုပ်တစ်ခု ဖြစ်တဲ့ အတွက် ပုံမှန်စားသောက်နေထိုင်ခဲ့တယ် မဟုတ်လား။ ဦးနှောက်ဆိုတဲ့ အကြီးအကဲရဲ့ ဆုံးဖြတ်ပေးမှုကြောင့် စိတ်ဆိုတဲ့ ငတိလေးက ဘေးထိုင်မှိုင်ချနေရတော့တာပေါ့။ စိတ်ကို လူတွေမသိနိုင်တတ် ပုံများ ပြောပါတယ်။

ဒီလို မသိတတ်နိုင်လို့လည်း ငါ့မေမေရဲ့ ငါ့အပေါ်ထားခဲ့တဲ့ စိတ်ကစဥ့်ကလျားအခြေအနေတွေကို တမင်သက်သက်လုပ်ကြံတာ ပါရယ်လို့ သံသယဖြစ်စရာမလိုတာပေါ့။

ဟုတ်တယ်၊ ငါ့အပေါ်ဖိနှိပ်ချုပ်ချယ်လွန်းတာ ငါ့ရဲ့ဆန္ဒကို ဗီရိုထဲသော့ခတ်ပြီး သူဖြစ်ချင်တာတွေကိုပဲ အတင်းမောင်းတင်အမိန့်ပေးခဲ့တာ။ ဆူးတောင်ပါတဲ့ အဖိုးရဲ့သံတောင်ဝေးနဲ့ မထင်ရင်မထင်သလို ရိုက်နှက်ဆုံးမတတ်တာ၊ အခြားသူတွေကိုတော့ ကြင်နာပြီး ငါ့အပေါ် လုပ်ချင်သလိုလုပ်ခွင့်ရှိတယ်ဆိုတဲ့ လမ်းကိုကျောင်းပေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါဟာ မရှိတော့တဲ့ ငါ့ဖွားဖွား၊ ဖေ့ဖေ့မိခင်ရဲ့ အချစ်တော်မို့လို့ ဆိုတဲ့စကားဟာ မေမေရဲ့လုပ်ရပ်တွေကို ငါနားလည်နိုင်အောင် မဆောင်ကျဉ်းပေးနိုင်တာ အမှန်ပဲ။

မေမေ စိတ်မှုမမှန်ဘူး ဆိုတာကိုပဲ အားကိုးအားထားပြုပြီး အံကြိတ်ခဲ့ပေမယ့် ရင်ထဲမှာ ပြန်ပြင်လို့မရအောင် နာတာကတော့ စုတ်ပြတ်နေတာပဲ။ မေမေ့လက်အောက်မှာ ဒီပုံနဲ့နေရတဲ့ (၁၅)နှစ်တာ ကာလဟာ နှောင်အနှစ်နှစ်ဆယ်တိုင်သည့်ထိအောင် အကောင်းယောင်ယောင်လေးတောင် ပြန်ဖြစ်မလာခဲ့ဘူး။ ကိုယ်ရည်ကိုယ်သွေး ညှံ့ဖျင်းသူတစ်ယောက်ဟာ သူနဲ့ရှယ်တူကိုမပြောနဲ့ သူ့ထက်ငယ်တဲ့ ကလေးပေါက်စကိုတောင် ပေါင်းသင်းလို့မရဘူး။ လူသားအချင်းချင်းပေါင်းသင်းမှုဆိုတာ လူသားအချင်းချင်း ထိန်းသိမ်းမှုပါ။ အဲဒီလူကို ဘယ်သူမဆို လွှမ်းမိုးလို့ရတယ်ဆိုတာနဲ့ လူတွေအားလုံးက လွှမ်းမိုးအနိုင်ကျင့်ချင်ကြ တော့တာကလား။ လူရယ်လို့ မသိတတ်သေးတဲ့ တစ်နှစ်၊ နှစ်နှစ်ကလေးပေါက်စနလေးတောင် သူ့ကိုအလွှမ်းမိုးခံရင် ပစားပေးရင် ပေးမှန်းသိလွန်းလှပါရဲ့။

အဲဒီကလေးလောက်မရှိအောင်တောင် ကိုယ်ရည်ကိုယ်သွေး ညှံ့ဖျင်းချင်နေတဲ့ ဥစ္စာ၊ အဲဒီကလေးကိုတောင် ထိန်းမနိုင်ဘူးဆိုတဲ့ အခြေအနေမျိုး ရောက်ချင်ရောက်သွားတတ်တာပါ။'

အဲဒီအခါမှာ အခြားလူတွေရဲ့ နှိုင်းစာမှုကို သိသိနဲ့အမြဲမနိုင် အံကြိတ်ခံခဲ့ရတဲ့ ဒီစိတ်က ရုတ်ခြည်းဝုန်းခနဲ ဒီလူမမည်ကလေးအပေါ် ပုံကျ ပါလေရော။

တတ်သလောက် မှတ်သလောက်နဲ့ ဂိုတိုက်ပြီး ပခုံးချင်းပြိုင်နေတဲ့ ဒီကလေးကို ဆောင့်ကန်ချိုးဖဲ့လိုက်ချင်တဲ့ မသိစိတ်က တစ်ဖက်၊ ဥမမည် စာမမြောက်ကလေးပါလား၊ ငါပစားပေးလို့ ရောင့်တက်နေပါလား၊ ငါလည်းမြင် သူခံရမှာပါလားဆိုတာကို သိတဲ့စိတ်က တစ်ဖက်နဲ့ စိတ်နှစ်ခု ရှုပ်ပြင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



ခတ်ဖြစ်ရတော့တယ်။

လူတွေဟာ ငါ သူတို့ကို သိတတ်သလောက် ငါ့အပေါ်ကျတော့ သူတို့အတွက် ကျင့်ချင်ကြတာပဲ။ ဒီကောင်လေးလည်း လူပဲ၊ ဒီကောင်လေးတောင် ငါ့အပေါ် မသိနားမလည်နိုင်တော့တာ၊ ဒီကောင်လေးကို ငါသတ်မယ်။ ပြီးရင် ငါကိုယ်ငါလည်း သတ်သေလိုက်တော့မယ်။ ကြီးလာရင် ဒုက္ခပေးမယ့်ဟာလေး၊ ဒီလောက်ကောင်းကောင်းထားတာတောင် ကောင်းကောင်းမနေချင်တာ၊ ငါကတော့ ချစ်လိုက်ရတာ၊ ငါ့ဘဝနဲ့ယှဉ်ပြီး ဖြည့်ဆည်းလိုက်ရတာ၊ ငါ့ဆန္ဒတွေအားလုံးကို ငါကလွဲလို့ ကျန်တဲ့လူတွေ အကုန်လုံးအတွက် ခွဲခြမ်းစိတ်ဖြာသုံးခဲ့တယ်။

ငါ့မှာ ဘာရှိတော့သလဲ၊ ငါ့မှာ ကျွန်နင်းပြားသာသာလောက်အသုံးဝင်တဲ့ ဒီခန္ဓာကိုယ် ငါစေလိုရာစေလို့မရတော့တဲ့ ဒီအစိုင်အခဲကြီးပဲ ရှိတော့တာပဲ။ ဒီအသက်ရှိနေတဲ့ ခန္ဓာကိုယ်ကြီးရှိနေသမျှ သူတစ်ပါးလိုသမျှ လိုက်ဖြည့်နေရမှာပဲ။ ဘာထူးတော့မှာလဲ။ ဒီတိုက်မြင့်ကြီး ပေါ်က ခုန်ချပြီး ဒီခန္ဓာကိုယ်ကို အဆုံးစီရင်လိုက်တော့မှပဲ။ ဒါမှ ငါ့အတွက်မဟုတ်တဲ့ ငါ့ဘဝငြိမ်းမှာပဲ။

အို···ပြောနေတာကြာပါတယ်လေ။

ဒီကလေးလေးကို ငါတစ်ခုခုမလုပ်မိခင် ပြီးတော့ဘယ်သူမှ ပြန်မလာသေးဘဲ ဒီကလေးနဲ့ ငါနဲ့ နှစ်ယောက်တည်း မီးပျက်လို့ ဘာမှ ဘယ်လိုမမြင်ရခင်လုပ်တာပဲ ကောင်းတယ်။

ဟာ···မဟုတ်သေးပါဘူး။ ဒီကလေးလေး သူ့ဘာသူ တစ်ယောက်တည်း ဘယ်လိုနေရစ်ခဲ့မလဲ။ သေွးရူးသေွးတန်းဖြစ်မယ်တော့ မဟုတ်ပါဘူး။ သူ့ဘာသိသေးတာကျလို့။ ငါ ငယ်ငယ်တုန်းကတောင် ငါ့မိဘတွေက ငါ့ကို ငါ သူ့ကိုထည့်တွက်သလို ထည့်တွက်ခဲ့တာမှ မဟုတ်ဘဲ။ အခု ငါ သူ့ကိုထည့်တွက်လို့ သူ့ကို တစ်ခုခုလုပ်မိမှာစိုးလို့ ငါ့ကိုယ်ငါ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ၊ ဒါဟာ တကယ်တော့ သမားသမတ်အကျဆုံး နည်းလမ်းတစ်ခုပဲ။

ငါ့စိတ်တွေ ထားစရာနေရာမရှိတော့ဘူး။ ငါ့စိတ်တွေ ဟိုး… ဝရန်တာကနေ ဆယ်ကြိမ်လောက်ခုန်ချပြီးနေပြီ။ ဒီခန္ဓာကိုယ်ကြီးက ဘာဖြစ်လို့ လိုက်မပါလာတာလဲ။ ဘယ်တုန်းကမှ မဖြစ်မရှိပေမယ့် အခု တစ်ခါလောက်အဖြစ်ရှိစမ်းပါ။ ဒီကလေးကလည်း ငါ့ကို အရှုပ်တွေပေးလုပြီ၊ နားကိုငြီးနေတာပဲ။ ငိုလိုက်ဆူလိုက်တာ။ မေမေ့ထက် ဆိုးပါသေးလား။ အရာဝတ္ထုတွေရှိသမျှ အကုန်ဖောက်ခွဲမိတော့မယ်။

တစ်ယောက်မှ…တစ်ယောက်မှ

ဟုတ်တယ်…ခုချိန်မှာ ငါ့ကို နားလည်ပေးနိုင်မယ့် တစ်ယောက်မှမရှိတာ။

သိပ်ကို ဆိုးဝါးတဲ့ အခြေအနေတစ်ခုပဲ…။

(၂၀၀၀ မေ ဝိတကမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

# “ အချစ်၏နွေသစ်များ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပေါ်သို့ ကုတ်ကုတ်ကလေးတက်ခဲ့သည်။ မေမေပေးလိုက်သော မုန့်ဖိုးနှင့် ဝယ်လာသည့် လက်ဖက်ထုပ်ကလေးသည် လွယ်အိတ်ထဲ ငြိမ်သက်စွာပါလာသည်။ မောင့် ဖေဖေနှင့် မေမေက တစ်ချက်သာ မော့ကြည့်ပြီး နေမြဲအတိုင်း ပြန်နေ၏။ စိုးလည်း အပြစ်တစ်ခု ကျူးလွန် ဘာသူ့နှယ် ဘာမှမမေး။ ဘာမှမပြော။ ညကျလျှင် လူမသိ သူမသိအောင် အလုပ်တစ်ခုလုပ်ရတော့မည် မဟုတ်ပါလား။

ညဘက်စာကျက်ရင်း ဗိုက်ဆာတတ်သည့် ခုက္ခကြောင့်သာ မုန့် ဝယ်လာရသည်။ လူကြီးတွေက ရိုလွန်း၍ ဝယ်စားသည်ထင်မှာလည်း ပင်၏။ ကိုယ်တော့စားပြီး သူတို့ကျ မကျွေးဘူးဆိုလျှင် မကောင်း။ မိယောက်စလုံးပညာမစုံဘဲ အိမ်ထောင်ပြုခဲ့ပြီးမှ နေစရာနှင့် စားစရာ နေသော ကျေးဇူးသည် တော်ရုံမဟုတ်။ ကိုယ်စားတာ၏ တစ်ဝက်ကို

www.burmeseclassic.com



ကျွေးသင့်မှန်းသိပါ၏။ သို့သော် တစ်ရာဖိုးဟူသော လက်ဖက်သည် မောင်နှင့် စိုးအဖို့ တစ်ထိုင်စာပင် ကောင်းစွာမလုံလောက်ချင်ပါ။

"မောင် ဒီမှာကြည့်စမ်း"

"ဘာတွေလဲ"

"လက်ဖက်တွေလေ လက်ဖက်၊ ညကျရင်သုပ်စားမယ်"

"ဟာ···တယ်ဟုတ်ပါလား၊ ဘယ်ကပိုက်ဆံရတာလဲ"

"အဟဲ···နေ့လည်ခင်းက မေမေ့ဆီ မုန့်ဖိုးဝင်တောင်းလာတာ"

အမှန်တော့ တောင်းလာခြင်းမဟုတ်ပါ။ မတောင်းရဘဲ ပေးလိုက်ခြင်းသာ ဖြစ်ပါသည်။ စကားအရာနှင့် ပတ်သက်၍ မောင့်တွင် ဘာဘာညာညာ မရှိတတ်သည်မို့ "တောင်း"ဟူသည်ကို လွယ်ကူစွာ ယူသုံးဖြစ်သည်။

"ကျောင်းမှာ အဆင်ပြေရဲ့လား စိုး"

"ဟာ··ဟုတ်တယ်၊ အဲဒါ မောင့်ကို ပြောပြရဦးမယ်၊ စိုး အင်္ဂလိပ်စာ ကျူရှင်ယူချင်တာလေ ဝင်းဝင်းက သူတို့ဝိုင်းမှာ လာတက်တဲ့"

လက်ဖက်ထုပ်ကို စားပွဲပေါ်တင်ပြီး ကြမ်းပြင်တွင် ထိုင်ချလိုက်သည်။ မောင်သည် ဘယ်ကသိမ်းထားမှန်းမသိသော ယပ်တောင်တစ်ချောင်းကို ယူလာပေးသည်။

"တစ်လ ဘယ်လောက်လဲ"

"ဝင်းဝင်းက ပိုက်ဆံမပေးနဲ့တဲ့၊ အလကားတဲ့"

"အံမယ် တယ်ဟုတ်ပါလား၊ တကယ်ပြောနေတာမှ ဟုတ်ရဲ့လား"

"တကယ်ပါဆိုမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုဆို ဒိုကော၊ အင်္ဂလိပ်စာနဲ့ချည်းကျနေတဲ့ မိစိုး ဒီနှစ်အောင်တော့မှာပေါ့"

"အဲမယ်၊ လူကိုများ သူက အထင်သေးလို့၊ ကျုပ်ရှင်မပယ္ခလည်း ဒီနှစ် အောင်ပါတယ်နော်"

အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာကြသည်။ ၇နာရီထိုးနေပြီ။ ထမင်းစားဖို့ သူတို့နှစ်ယောက်သာ ကျန်တော့၏။

ဟင်းသည် လုံလောက်အောင် မရှိတော့။ ကပ်စေးနည်းသော မောင့် မေမေသည် အမြဲကွက်တိချက်တတ်သည်။ ထို့ကြောင့် စိုးနှင့် မောင်သည် တစ်ယောက်တစ်လုည့် ဆီဆားနှင့် နှစ်ပါးသွားရတတ်သည်။

"ဟင်. . .ဆီလည်းမရှိဘူး"

ဆီပုလင်းကို ပေါ်ပေါ်ထင်ထင်မြင်ကတည်းက ထင်တော့အမိသား။ ထမင်းကို ဆားဖြူးလိုက်သည်။ ဘဲဥတစ်ခြမ်းသည် ဟင်းရည်မရှိတော့သော်လည်း ထမင်းတစ်ပန်းကန်ကိုကုန်အောင် စွမ်းဆောင်နိုင်လိမ့်မည် ထင်ပါသည်။

"မောင် နောက်ဆိုရင် စိုးကို စောင့်မနေနဲ့တော့၊ မဟုတ်ရင် မောင် စားလောက်မှာ မဟုတ်ဘူး"

"ရပါတယ်ကွာ၊ မရှိလဲအတူပေါ့၊ မေမေကလည်း ဘယ်တော့မှ ဟင်းကို လောက်အောင်မချက်ဘူး၊ စိုးကို တကယ်အားနာတယ်"

စိုးရယ်ပစ်လိုက်သည်။ ဟင်းမရှိတာနှင့် မောင်မျက်နှာ ညှိုးချေပြီ။

"အမလေး မောင်ကလည်း၊ မိန်းမယူပြီး နေစရာ၊ စားစရာ ရှိနေတာပဲ ကျေးဇူးတင်ဦး"

ရင်ထဲမှာ သိပ်မကောင်းလှပေမယ့် ဟန်ဆောင်လိုက်သည်။ မောင် စိတ်ချမ်းသာဖို့သည် အဓိကမဟုတ်ပါလား။

ထမင်းစားပြီးချိန်တွင် ပန်းကန်တစ်ခုနှင့် ထမင်းအနည်းငယ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကာ လူအများဖွင့်လေ့မရှိသော ကြောင်အိမ်တစ်ခုထဲ၌ ဝှက်ထားလိုက်၏။ သေးဘိကြည့်ကာ နိုးကြောင်နိုးဝှက်လုပ်နေသော စိုးကို မောင်ပြုံးကြည့်သည်။

"ဘာလုပ်မလို့လဲ စိုး"

"ရှူး···ညကျရင် လက်ဖက်နဲ့စားဖို့ တိတ်တိတ်နေ"

မောင့် မေမေသည် ထမင်းကိုတော့ ပိုပိုသာသာချက်လေ့ရှိသည်။ မနက်ထမင်းကြော်ရန်အတွက် အားလုံးစားပြီးချိန်တွင် စစ်ဆေးကာ နွေးပြီး သိမ်းထားတတ်သည်။ မနက်ထမင်းလျှော့နေလျှင် လျော့နေမှန်းပြောတတ် သည်။ သူသိအောင် နိုးယူမစားရဲ၊ သူတစ်ပါးအိမ်တွင် နေရသည်မို့ ရိုးရိုး သားသားပြောခြင်းပင် စိုးရင်ကို ထိခိုက်သည်။ ခွင့်တောင်း၍ဆိုလျှင် တစ်ခါ နှစ်ခါသာ ကောင်းသည်။ ခဏခဏဆိုလျှင် မကြားတကြား အပြောခံရ တတ်သည်။ မဖြစ်။

ပြင်၍ မရနိုင်တော့သော လုပ်ပြီးသားအလုပ်ကိုလည်း နောင်တရ မနေတော့။ ဖြစ်ရာဘဝတွင် အဆင်ပြေသလို အလိုက်သင့် နေသွားနိုင်ရန် သာ ကြိုးစားရတော့မည်။ တကယ်တော့ ဒါတွေကို နဂိုကတည်းက စိုး နားလည်ခဲ့ပါ၏။ သို့သော် အသည်းနှလုံးကို အလိုလိုက်ခဲ့ပြီ။ စိုးမှာ ပြင်၍မရတော့။

လူခြေတိတ်ပြီ။ တစ်အိမ်လုံးလည်း အိပ်နေကြပြီ။ မအိပ်သူဆို၍ မောင်နှင့်စိုးသာ ရှိတော့၏။ လက်ဖက်ထုပ်ကိုကိုင်ကာ နှစ်ယောက်သား ခြေဖော့၍ဆင်းလာကြသည်။ လှေကား၏ အောက်ဖက်ခန်းသည် ဖေဖေ မေမေတို့အခန်းဖြစ်၏။ မတော်ခြေသံကြား၍ ဘယ်သူလဲထကြည့်မှ အခက်။

"ခုတ်"

ခုံကို မောင် တိုက်မိပြီ။ သတိထားဖို့လှမ်းကြည့်လိုက်၏။ မျက်



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြုတ်ပြီး ဟာကွာဟု မောင်တိုးတိုးရွတ်သည်။

လက်ဖက်ကို ခပ်မြန်မြန် တိတ်တိတ်ဆိတ်ဆိတ် သုပ်သည်။ ပုစွန်ခြောက်ကိုတော့ ထောင်းမနေတော့။ လက်ကလေးနှင့်ဖဲ့ပြီးသာ ထည့်လိုက်သည်။ ထမင်းစားပြီး ကံအားလျော်စွာ ပုစွန်ခြောက်ထောင်း ခိုင်းစဉ်က "တို" ထားခဲ့သော အမှုန့်အနည်းငယ်ကို ထည့်လိုက်သည်။ ပုစွန်ခြောက်တွေ လိုသည်ထက် ပိုနေ၍ ဆီမလိုက်နိုင်တော့။

တစ်ခါတုန်းက မောင်နှင့်စိုးတို့၏ အဖြစ်အပျက်ကို သတိရကာ ပြုံးမိ၏။ ထိုနေ့ကအိမ်တွင် ငှက်ပျောသီးအုန်းနို့ဆမ်း လုပ်သည်။ မေမေက နည်းနည်းသာထည့်ပေး၏။ မောင်က မကျေနပ်။ သူကြိုက်သည့် မုန့်ကို ဘပ်စေးနည်းရမလားဆိုကာ ကျိတ်စိတ်ဆိုးသည်။

"သွားတောင်းကြည့်ပါလား"

"မတောင်းချင်ဘူးကွာ၊ တော်ကြာ စိုး တောင်းခိုင်းတယ် ထင်နေဦးမယ်"

မောင့်အစ်မသည် စိုးကို မကြာမကြာ ပုတ်ခတ်တတ်သည်။ မောင်က စိုးအတွက် ကြားဝင်ပြောလျှင် စိုးကထောင်လို့၊ မုန့်ထပ်တောင်းလျှင် စိုးစားချင်လို့၊ စိုးကြောင့် မောင်သည် အရင်မောင်လေး မဟုတ်တော့ဟု သူဆိုသည်။ ဒါကို မောင် နာတတ်ပြန်သည်။

နှစ်ယောက်တိုင်ပင်ကာ မီးဖိုချောင် လှုရှင်းချိန်ကို ကြည့်သည်။ သစ်သည်နှင့် မောင်က ပန်းကန်သေးတစ်ခုနှင့် အိုးဖွင့်ကာ မုန့်ထည့်သည်။ စိုးက လှရိပ်လှခြည်ကြည့်ပေးသည်။

"ညည်းတို့ကလည်းအေး၊ ငါဖြင့် စောင့်လိုက်ရတာ၊ စောစောက သာမယ်ပြောထားပြီး"

အသံစာစာနှင့် စွပ်ရွတ်ဝင်လာသော မောင့်မေမေကို ဘွားခနဲတွေ့လိုက်ရ၏။

**မော်ဒန်အနုပညာဟုဆိုချင်ရေး**

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့်၊ ဟောတော့် မောင်ရေ မောင်ရေ"

လန့်လန့်ဖျပ်ဖျပ်ဖြင့် မောင့်ကို အော်ပြောသည်။

မောင်သည် မုန့်ပန်းကန်နှင့် ဇွန်းကြီးကို ဘယ်နားထားရမှန်း မသိဘဲ ကိုင်လျက် ပြူးတူးပြဲတဲနှင့် သူ့အမေကို လှမ်းကြည့်သည်။ ဘာ ဆက်လုပ်ရမှန်းမသိစွာ ကြောင်နေသော မောင့်ကိုလက်ဆွဲ၍ အိမ်သာထဲ ဝင်ပြေးခဲ့သည်။ ချက်ကိုချလိုက်မှ ဟင်းချနိုင်တော့၏။

"ဟဲ့…ငါ့ဇွန်း ဘယ်ရောက်သွားမှန်း မသိဘူး"

မီးဖိုထဲမှ မေမေ ဇွန်းပျောက်၍ ပွစိပွစိနှင့် ရှာနေသည်။ အိမ်သာထဲ မှ မောင်က ဇွန်းကြီးကိုင်လျက် အသံလည်း မထွက်ရဲ၊ သွားလည်း မပေးရဲ။

အတော်ကြာသည်အထိ မောင့်မေမေနှင့် အစ်မသည် မီးဖိုနားမှ မခွာ။ အိမ်သာထဲနေရသည်ကို စိတ်ညစ်လာသည်။ ကြာလည်းကြာပြီ။

"ထွက်ချင်ပြီကွာ"

"ဒါ ဘယ်လိုလုပ်ရမှာလဲ"

ဖြစ်နိုင်လျှင် မုန့်ပန်းကန်နှင့်ဇွန်းကို အိမ်သာထဲပစ်ချ၍ လူချည်းသာ လွတ်လွတ်လပ်လပ် တက်ပြေးချင်တော့၏။ သို့သော် သည်ပစ္စည်း တွေက အိမ်သာထဲမှာ ကြေပျောက်ပျက်ဆီးသွားမည်မဟုတ်။ ကြိုးစား ပန်းစား ခိုးလာသော မုန့်ကိုလည်း ဇိမ်ရှိရှိ အေးအေးဆေးဆေးစားမှ တန်မည်။

"ဟေ့…အိမ်သာထဲမှာ ဘယ်သူလဲကွ"

မြတ်စွာဘုရား အဖေ့အသံ။ တစ်ယောက်ကိုတစ်ယောက် ပြိုင် တူကြည့်လိုက်သည်။ မောင်က တိတ်တိတ်နေရန် လက်ဟန်နှင့်ပြ၏။

"ကျွန်တော်ပါ ဖေဖေ"

"အေး…မြန်မြန်လုပ်၊ ငါဗိုက်နာလို့"



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချေ။ မုန့်တွေကို အိမ်သာထဲ၌ပင် ပြီးပြတ်အောင် သွင်းလိုက်သည်။ အရသာပင် ဘယ်လိုနေမှန်းမသိ။ ပြီးမှ တံခါးကို ဟဟကလေးနှင့် လူရှိမရှိကြည့်၊ ကုတ်ကုတ်ကလေး ပြေးတက်ပြီး အခန်းထဲရောက်မှ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်တော့သည်။ ကိုယ့်အဖြစ် ကိုယ်တွေးပြီး ရယ်ချင်သလို ငိုချင်သလိုကြီး။ အချိန်အခါမရွေး ကန့်သတ်ချက်မရှိ အစားအသောက်ဆို လွတ်လပ်စွာ သုံးဆောင်ခွင့်ပေးသော အိမ်မှမေမေသာ သူ့သမီးအဖြစ်ကိုသိလျှင်။

"ရော့•••မောင်က မြေပဲအခွံချွတ်"

"ဟဲ•••မောင်တို့လည်း ခုမှ သူခိုးလုံးလုံးဖြစ်ရတော့တယ်နော်"

အမှန်တော့ အမှန်ပင်။ ကိုယ့်ပိုက်ဆံနှင့်ကိုယ် ဝယ်စားသည်ပင် ခိုးကြောင်ခိုးဝှက်။ အို•••ဘယ်တတ်နိုင်မှာလဲ။ မောင့်ကို နှစ်သိမ့်ရန် စကားရှာသည်။ သို့သော် စကားတတ်သော ဦးနှောက်က ထူးထူးခြားခြား တိတ်ဆိတ်နေသည်။ စဉ်းစားရင်း စဉ်းစားရင်းနှင့်သာ အချိန်တွေ ခြားသွားသည်။ မပြောဖြစ်တော့။

"ဟောတော့၊ အခွံတွေ အောက်ချမပစ်နဲ့လေ မောင်ရဲ့ စိုး ပြန်လုံ့ရမှာပေါ့"

"ဟာ•••ဟုတ်သားပဲ၊ နေနေ မောင်လုံ့လိုက်မယ်"

"ပေး•••စိုးလုံ့မယ်၊ မောင်က လုံ့နေမကျဘူး။ တော်ကြာ တစ်ခုကျန်ခဲ့ရင် သူခိုးအလုပ်ပေါ်သွားဦးမယ်"

ကြောင်အိမ်ထဲမှ ထမင်းကြမ်းပန်းကန်ကို ယူသည်။ ငွှန်းတပ်ပေးလိုက်၏။

"ယူပြီးတက်တော့ မောင်၊ စိုး•••လိုက်ခဲ့မယ်"

လက်ဖက်ပန်းကန် လုံခြုံရာရောက်ဖို့က အရေးကြီးသည်။

"မြန်မြန်လာနော် စိုး။ မောင် စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် ပန်းကန်နှစ်ခုယူ၍ အပေါ်သို့ ခပ်မြန်မြန်အသံမမြည် အောင် တက်သွားသည်။ စိုးလည်း တံမြက်စည်းကို ရုတ်ခနဲလဲ့လိုက်၏။ သိမ်းစရာရှိတာသိမ်း၊ သုတ်စရာရှိတာသုတ်၊ အားလုံးပြီးသွားမှ မီးပိတ်ပြီး ခပ်သုတ်သုတ်တက်ခဲ့သည်။ ကိစ္စပြီးသွားပြီဆိုတော့ အသံမြည်မှာ သိပ် မကြောက်တော့။ မောင်ကအပြုံးဖြင့် စောင့်ကြိုကာ အခန်းတံခါးကို ချက်ချသည်။

လက်ဖက်သုပ်နှင့် ထမင်းကြမ်းသည် ကြမ်းပြင်တွင် အခန့်သား စောင့်ကြိုလျက်။ အရသာပဲ ပိုရှိမလား။ ဒါမှမဟုတ် မစားနိုင်လောက် အောင်ဘဲ မောရမလား။

"ကဲ…မောင် စာမေးပွဲပြီးရင် စိုးတို့ လက်ဖက်သုပ်တဲ့အကြောင်း ဝတ္ထုတစ်ပုဒ် ရေးလိုက်ဦး"

• မောင့်အတွက်တော့ အကြောင်းအရာဆန်းလေးတစ်ခု ဖြစ်လာ လိမ့်မည် ထင်ပါသည်။

(၁၉၉၀ အောက်တိုဘာ ပန်းဝေသီမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

"ပြဇိပ်းကျောင် မိုးဝက်မှင့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၄ သန့်ရှင်း၍ အေးမြနွေးထွေးသော လေညှင်းကြောင့် ခန်းဆီးစများ လှမ်းဖယ်ပေးရသည်။ အရောင်မှာ အစိမ်းရောင်မြဖန့်ဖန့်တွင် ပန်းပွင့်တွေ အစုလိုက်အပွင့်လိုက်ရှိနေ၏။ ပျော့ပျောင်းနုနွဲ့ကျလျက်ရှိသော ခန်းဆီးစလေးသည် သူ့မနှင့် သထာန်တူပေသည်။ ကသာ,ကပါ။ ကျွန်တော်တို့၏ ဘဝအတွက် အပင်ပန်းခံကာသရွေ့ အားလုံးက အသည်းနှလုံးဖြင့် ကမ္ပည်းတင်ကြရပါသည်။

အိမ်ရှေ့မှာ ကြီးမားအုံ့ဆိုင်း စိမ်းမြခက်ဖြာ မာလကာပင်တစ်ပင် ရှိသည်။ ဆောင်းအကုန်၊ နွေအကူး ကပြောင်းကပြန်ဆန်သော ဥတုက ရွက်စိမ်းများကို တဖြုတ်ဖြုတ် ကြွေစေခဲ့သည်။

ပြီးခဲ့သည့် ရက်အနည်းငယ်က ကိုင်းချည်သက်သက် မားမားရပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ မလွမ်းချင် မဆွေးချင်ပါ။ အချိန်ပိုလည်း မရှိပါ။ ဒဏ်ရာရသော အသည်းနှလုံးကို နေရောင်ခြည်သစ်များက ကုသပါလိမ့်မည်။ သူတို့ကိုမျှော်ရင်း နေ့နှင့်ညကို မေ့ပျောက်၏။ ဘယ်နနာရီ၊ ဘယ်နရက်၊ ဘယ်နှဥတု ကြာခဲ့သည်မသိခဲ့။ နားတွေလျှံကျ။ အသားတွေနေလောင် အသွေးတွေ ပျော်ဆင်း။ ခြပဲစားစား။ ဘယ်ပဲနားနား ကိုယ်တိုင်ကိုယ်ကျ ပါဝင်တဲ့သု လောက် မခံစားရသေးပါ။ ဘယ်တော့များမှာမှ မင်းကိုတွေ့မြင်ရပါ့မလဲ မြစိမ်းရယ်။

ကိုယ်···မင်းကို တစ်ကြိမ်ပဲ မြင်ဖူးခဲ့၊ တိမ်ညွှတ်စွေစောင်းခြင်း မဲ့စွာ မင်းအပေါ်ထိုးကျနေတဲ့ နေရောင်ခြည်လင်းလင်းအောက်မှာ မင်းခေါင်း ပေါ်မှာ ဘာအကာမှ မရှိပါ။ မင်းကိုယ်ပေါ်မှာ ဘာအရိပ်မှ မရှိပါ။ လူတွေ အများကြီးကြားထဲ ခြေဖျားပင့် ခေါင်းမော့ အရိပ်ကိုဆန့်ကြည့်ရလည်း တစ်ခဏတည်း မျက်နှာလေးမြင်ရုံမျှနဲ့ အသည်းမှာ တစ်သက်မမေ့နိုင် အောင် စွဲသွားခဲ့။

မြက်ခင်းတွေကစိမ်းလန်း သစ်ပင်တွေလည်း စိမ်းမြ၊ တစ် လောကလုံးတောက်ပ ညွှတ်နူးတဲ့အစိမ်းရောင်နဲ့ ငြိမ်းချမ်းချင် စမ်းတော့ တယ်။ ဘာလို့များ "စိမ်း"ဆိုတဲ့ စကားလုံးကို အရောင်ကို စိမ်းကားခြင်း နဲ့ တွဲဖက်ရတာလဲ။ စိမ်းချင်းတူပေမယ့် စိမ်းလန်းငြိမ်းချမ်းမှုဟာ မကြင် နာစိမ်းကားခြင်းနဲ့တော့ ဆန့်ကျင်စွာ။

အချစ်စစ်၊ မေတ္တာစစ်မှန်လျှင် ရယူပိုင်ဆိုင်လိုကြသည်တဲ့။ လက် ဆက်ချင်ကြသည်တဲ့။ မြစိမ်းကို နှစ်သက်စွာမြတ်နိုးသောကြောင့် ကျွန်တော် လက်မထပ်ချင်ပါ။ အသက်ပေး၍ ချစ်ပါသည်ဟုပြော၍ လက်ထပ်မင်္ဂလာ ပြုလုပ်ပြီးကာမှ ပစ်ထားသောသူများထဲတွင် ကျွန်တော်မပါချင်ပါ။ အကြောင်းကြောင်းကြောင့်ဟု အမျိုးမျိုးပြကာ အိမ်ရှေ့ခန်းမှာ အလှ ဆင်ထားသူများထဲတွင်လည်း ကျွန်တော်မပါချင်ပါ။ မိဘပ်က "ချစ်"



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း တဖွဖွပြော နောက်ဖေးညှော်ဆောင်၌ ချောင်ထိုးထားသူများ တွင်လည်း ကျွန်တော်မပါချင်ပါ။ အချစ်သည် ဘာလဲ။

မှန်ကန်စွာ ချစ်တတ်မှုသည် ဘယ်အရာလဲ။

ပူလောင်နေတဲ့ ကမ္ဘာကြီးမှာ အသံတွေ ကျယ်လောင်လွန်းတဲ့ ကိုယ်ပြောချင်ရာကို အော်ဟစ်ပြောဆိုနေကြတဲ့ ဟောဒီကမ္ဘာကြီးမှာ မြစိမ်းရောင်မိုးစက်ပွင့်တွေ ဘာကြောင့်ခေါင်ခိုက်နေရသလဲ။ ဘယ်လို တံချူမြိုးနဲ့ ဆွတ်ယူရမလဲ။ သူက ရှာသွန်းချင်ပါလျက် သူနာမည်ကိုလည်း တသသတမ်းမက်ကြပါလျက် ဘယ်လိုအရာတွေက ဟန့်တားထားသလဲ။ လူသားတွေ တစ်ယောက်ပြီးတစ်ယောက်ဆင့် စည်းလုံးညီညွတ်စွာ ကာပြ ရတဲ့ ပဒေသာပင်အကာ၊ ဆပ်ကာပ်ထဲမှာရှိသည်။ ထိုနည်းဖြင့် မိုးပေါ်က မိုးပွင့်ကိုရခဲ့သည်။

ပင်လယ်ကျွေမှာ မီးတောက်တွေ ပေါက်ကွဲနေပြန်ပြီ။ မီးတောင်မှ ပွက်ပွက်ဆူဆင်းကျနေသည့် ချော်ရည်စများသည် ဆိုင်သူရော၊ မဆိုင်သူ ရော အသည်းနှလုံးတွေကို လောင်ကျွမ်းစေပြန်သည်။ သည်လို မီးတောင် မျိုးတွေ ဘယ်နှစ်ခုရှိနေသည် မသိ။ တစ်ချို့ကလည်း ပွင့်လင်းစွာ၊ တစ် ချို့ကတော့ တအုံအုံမြူနေဆဲ။

ကျွန်တော်ကတော့ မြှုမထားချင်ပါ။ မြစိမ်းကို ချစ်တာရော၊ တစ်ခြားမည်သည်ကိုမှ မြှုထားရန် အကြောင်းမရှိပါ။ ဖုံးကွယ်မထားလို ပါ။ ဖြူစင်မှုနှင့် ရိုးသားသူတိုင်း ထိုသို့ချစ်တတ်လိမ့်မည် ထင်သည်။

အထဲ၌ လူမသိသူမသိ လိုက်စားနေခြင်းက သာ၍ဆိုးပါသည်။ အိမ်တံခါးတွေ အလုံပိတ်ပြီး ကလေးငယ်များကို ပဥ္စလက်ဖြင့် ရိုက်နှက် နေခြင်းက သာ၍ဆိုးပါသည်။ မေမေနှင့်ဖေဖေမှာ ဆိုဆုံးမခွင့် အသေအချာ ရှိနေသော်ငြား ဒေါသ အာဃာတဖြင့် မည်သူမျှမနေပါ။ နင်းတော့ဘဲ တိုးရတိုးရ ရှုံ့နှံ့ကိုပဲ ဖြတ်ရဖြတ်ရနေခြင်းကို အလိုမရှိသော ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အဖို့ အရာအားလုံးကို ကြိုဆိုရန်အဆင်သင့်ဖြစ်နေခဲ့ပြီ။

ဤနည်းဖြင့် စိမ်းလန်းမှု အေးချမ်းငြိမ်းချမ်းမှုကို တမ်းမက်ခဲ့သည်။ အရှုံးအမှုး စွဲလမ်းမြတ်နိုးခဲ့သည်။ သို့ပေမယ့် ပါးစပ်ကတော့ နေ့ညရှိသရွေ့ အေးချမ်းငြိမ်းချမ်းရေးဟု ရွတ်ဆိုအော်ဟစ်မနေပါ။ ပါးစပ်က ဘုရား၊ ဘုရားနှင့် လက်က ကားယားကားယား လုပ်တတ်သောသူများတွင် ကျွန်တော် မပါချင်ပါ။ တစ်လောကလုံး ကြည်စင်ပြာလဲ့ ညွတ်နူးဖွယ်တောက်ပ ဖြာဆင်းလင်းလဲ့နေသည့် လရောင်နှင့်အတူ မြစိမ်းကို မြင်တွေ့ချင်သည်။ မြစိမ်း၏ ဆံထိုးဘေးမှ ဆံနွယ်စသွယ်များ လေတွင် ယိမ်းနွဲ့စွာ ကနေပါစေ။ မျက်လုံးနှင့် နှုတ်ခမ်းသားညိုညိုတို့ နစ်သက်စွာ ပြုံးနေ၊ ပဝါစတို့ လေမှာနွဲ့နွဲ့နှောင်းနှောင်းလွင့်နေ၊ ထိုအချိန်မှာ ဘယ်သူနှင့်မှမတူသော ချစ်ခြင်းဖြင့် ကျွန်တော် မြစိမ်းကို ချစ်နေချင်ပါသည်။ ပွင့်လင်းစွာ ပူလောင်မှုမဲ့စွာ ရေခဲမုတ်အချစ်များဖြင့် ကျွန်တော့်လိုပဲ အခြားသူများလည်း ချစ်တတ်လိမ့်မည် ထင်ပါသည်။

လူတိုင်း၏ ခန္ဓာကိုယ်ထဲတွင် အသည်းနှလုံးရှိသည်။ ချစ်ခြင်းဝတ္ထုရားကို ထမ်းဆောင်သည်ဟု ပြောကြသည်။ ခွဲစိတ်ခန်းသို့ ထည့်သွင်း၍ သုတေသနပြုသင့်သည်။ ထိုအခါမှသာ ချစ်တတ်သူနှင့် မချစ်တတ်သူ၊ အကြင်နာတရားရှိသူနှင့် အကြင်နာတရားမဲ့သူ၊ ရက်စက်ကြမ်းကြုတ်သူ၊ အမုန်းအာဃာတကြီးမားသူတို့ ကွဲပြားခြားနားခွဲခြားဖို့ လမ်းစရမည်ထင်ပါသည်။ ထို့နောက် ချစ်တတ်သူတို့ ပါးစပ်တွင် ပုလဲရောင်သွားလေးများ တပ်ပေး၍ ရက်စက်တတ်သူ၌ သွေးစိမ်းရောင်သွားများ တပ်ဆင်ပေးသင့်သည်။ စားရန်၊ စကားပြောရန်၊ ရယ်မောရန် ပါးစပ်ဟလိုက်တိုင်း သန္တေကို သိရှိရပါမည်။

သို့မဟုတ် အစိမ်းနှင့်အနီ အသွေးရောင် အသားရောင်များ ခွဲခြားတည်ရှိစေချင်သည်။ အနီရောင် လူသားများ လိုက်လံရှာဖွေသောအခါ

www.burmeseclassic.com



တောတောင်စိမ့်စမ်းများထဲတွင် ပျောက်ကွယ်သွားလိမ့်မည်။

စိမ်းဖန့်ဖန့် အသားအရေ၊ ကြင်နာနီစွေးသော နှုတ်ခမ်းသားများ ပတ်လည်ဝိုင်းလျက် ဆင်စွယ်ပုလဲရောင် သွားများရှိတဲ့ မြစိမ်းရေ၊ စင်ရော် ငှက်တစ်ကောင်ရဲ့ ရိုးသားဖြူစင်မှုများနဲ့ ကြယ်ပွင့်တို့ရဲ့ ရဲဝင့်ထက်မြက်ခြင်းတွေ ရင်မှာပိုက်လို့ မြစိမ်းရောင်မိုးစက်ပွင့်သံစဉ်များနဲ့အတူ အနာဂတ် လူသားမျိုးနွယ်စုများအတွက် တစ်သက်တာထာဝရ အေးမြမြကမ္ဘာသစ်ကြီး ပေါ်ထွန်းစေချင်တဲ့ မင်းရဲ့မျှော်လင့်ချက်တွေ မှတ်သုန်မိုးအဖြစ် ရွာသွန်းပါစေလို့။

ဆုမွန်ကောင်း တောင်းနေရတာကြာတယ် မြစိမ်းရယ်။ တစ်ခါတည်းသာ နှုတ်ရေကန်ထဲ ခုန်ချလိုက်ချင်တော့တယ်။

(၂၀၀၀ ဒီဇင်ဘာ အပျိုမမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

# နှင်းပွင့်သံဝဋ်များ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပထမတော့ တိုက်ခိုက်မှုတစ်ခုလို့ပဲ ထင်ခဲ့သည်။ ဒါပေမယ့် အဲဒီတိုက်ခိုက်မှုကလေးကနေ အံ့ဩစရာကောင်းလောက်အောင် မထင်မှတ်တာတွေ ဖြစ်လာတော့ ရင်ခုန်ဖို့ပင် မေ့မတတ်ဖြစ်လာသည်။

အဲဒီ တိုက်ခိုက်မှုသည် မွေးနေ့ပွဲလေးတစ်ခုမှာ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ မိုတို့ သူငယ်ချင်းအချင်းချင်း ကျင်းပသည် [illegible]ပဲမျိုးမဟုတ်ဘဲ မကြာသေးခင်ကမှ အလုပ်ခန့်ပေးထားသော [illegible]ကြီးတစ်ဦး၏ သားငယ်လေး မွေးနေ့ပွဲဖြစ်သည်။ မိုက စာရေးမလေးတစ်ဦးမို့ သေးသိမ် လှပါသည်။ စိတ်ဓာတ်အင်အားသာ မမြင့်မားလျှင် အဲဒီနေရာမှာ ကြာကြာ နေနိုင်ဖို့ ဘယ်လိုမှ မလွယ်ကူပါ။

တကယ်လည်း မိုက တစ်ခဏလေးပဲနေပြီး ပြန်လာမလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲဒီပြန်လိုစိတ်များကို သူက အပြုံးလေးတစ်ခု ပြုံးပြခြင်းဖြင့် စတင်ပြီး ဖဲ့ခြွေခဲ့သည်။ နိုင်ငံကျော်စပြုနေသော မို သိပ်နှစ်သက်တဲ့သူကို မဂ္ဂဇင်းမျက်နှာဖုံးတွေ၊ တွေ့ဆုံမေးမြန်းခြင်းတွေ၊ ကြွေစက္ကူဖြင့်ပုံနှိပ်သော သီချင်းခွေလက်ကမ်းကြော်ငြာကြီးတွေမှာ မှတ်မှတ်သားသား တွေ့မြင်ပြီးသည်မို့ မြင်လျှင်မြင်ချင်း မှတ်မိသိရှိဖြစ်သည်။

အသားလေး နည်းနည်းညိုတယ်၊ အပြုံးပိုလတ်တယ်၊ ဟိတ်ဟန်နည်းပြီး ကလေးဆန်တယ်ဟု စိတ်ထဲက ရေရွတ်ရင်း(ပိုစကာထဲက သူနဲ့ အပြင်သူ ယှဉ်နေတာပေါ့လေ) အအေးဖန်ခွက်ကို အသာကိုင်ကာ သူ့ကို ငေးကြည့်နေမိသည်။

မိုထက် အစစအရာရာ သာလွန်မြင့်မားသည်ဟု ပြောနိုင်သော မိန်းကလေးများ၏ မိတ်ဆက်မှုများအကြား သီချင်းတောင်းခံမှု၊ တွဲဆိုပေးမှုများအကြား သူအလုပ်ရှုပ်နေတာကို ကြည်နူးမိသည်။

ဒါဟာ သူ့အောင်မြင်မှုရဲ့ သက်သေမဟုတ်လား။

အဲဒီလို ခပ်ဝေးဝေးက ကုလားထိုင်မှာထိုင်ပြီး သတိလက်လွတ်မျက်တောင်မခတ်ငေးနေမိတဲ့ အချိန်မှာပဲ သူက မိုဘက် လှမ်းကြည့်ပြီး တစ်ချက်ပြုံးပြတော့ မို အလန့်တကြား ဖြစ်သွားပြီး ဘေးဘီကို ယောင်တောင်တောင်ကြည့်မိသည်။ မိုက တစ်ယောက်တည်း ထိုင်နေတာပါ။ ပြီးတော့ ဘေးဘက်အကျဆုံး စားပွဲမှာပဲဥစ္စာ သူ ဘယ်သူ့ကို ပြုံးပြတာပါလိမ့်။

သူ [illegible] ကို ထပ်မကြည့်တော့ဘဲ ဝိုင်းအုံနေသော မိန်းကလေးတို့နှင့် ရယ်မောနေပြန်သည်။ တေးသီချင်းသီဆိုရင်း စိတ်ပါလက်ပါကရှိပေမယ့် သူ့မျက်နှာက ရွှင်လန်းစွာ ပြုံးနေဆဲ။

အကြောင်းအမျိုးမျိုးကြောင့် စတိတ်ရှိုးနှင့် အလှမ်းဝေးရသူ မိုသည် ဒီနေ့မှာမှ တိုက်တိုက်ဆိုင်ဆိုင် မို သိပ်နှစ်သက်သည့် အဆိုတော်



www.burmeseclassic.com

www.burmeseclassic.com



လေးကို အားပေးခွင့်ရသဖြင့် ပျော်ပြီးပြန့်ဖို့ မေ့နေမိသည်။

သီချင်းငါးပုဒ်ဆိုအပြီးမှာ ချွေးတွေသုတ်ရင်း အပေါ်အင်္ကျီကလေးကို ချွတ်ရင်း တည့်တည့်မတ်မတ်ကြီး လျှောက်လာတော့ ရုက်အားနာပြီး အအေးဖန်ခွက်ကိုပဲ ငုံ့မိုးကြည့်နေလိုက်သည်။ သူလွန်သွားမှ သူ့ကျောပြင်ကို အားပါးတရငေးမည်ဟု စိတ်မှာတွေး၏။

"တို့ကို ထိုင်ခွင့်ပေးမယ် မဟုတ်လား"တဲ့၊ နား အနားမှာကပ်ပြီး တိုးတိုးလေးဆိုတော့ လန့်သွား၏။

"ရှင်···ဩော်···ဟုတ်ကဲ့···ထိုင်ပါ"

ယောင်အစွာ အထစ်ထစ် အငေါ့ငေါ့ထွက်ပြီး မျက်လုံးလေးဝိုင်းနေသော မိုကို သူပြုံးပြီး ကြည့်နေပါသည်။ တိုးတိတ်သော စကားပြောသံနှင့်လိုက်အောင် ပြုမူလေသော သူသည် မို့ရင်တွေကို တဒိန်းဒိန်းခုန်လှုပ်နေစေသည်။

"တို့သီချင်းတွေက ကောင်းရဲ့လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်"

သူ့မျက်နှာ ပြုံးချိုနူးညံ့နေမည်ကိုလည်း သိနေ၏။ မြန်မြန်ပြောပြီး မြန်မြန်ထသွားပါတော့ သူ့ရယ်၊ မို စိတ်တွေ လှုပ်ရှားလှပြီ။

ဒါပေမယ့် မို ဆုတောင်းမပြည့်ခဲ့ပါ။ သူက တစ်ချိန်လုံး အနားမှာပဲထိုင်နေပြီး ခင်တွယ်စရာကောင်းသော စကားများကိုပြောကာ ရက်တတ်သော မိုနှင့် ရင်းနှီးအောင် လုပ်ခဲ့သည်။

သူ့ကားနှင့် အိမ်ပြန်ရောက်သော မိုသည် အဲဒီညက အူလည်လည်ကြောင်တောင်တောင်လေးဖြစ်လျက် အိပ်မပျော်နိုင်ဘဲ မိုးလင်းခဲ့ရသည်။

နာမည်တက်စ အဆိုတော်လေးတစ်ယောက်၏ အပျော်လုပ်ခင်မင်ခြင်းကို သည်မျှနှင့်စခန်းရပ်ပြီ ထင်ခဲ့ပေမယ့် မဟုတ်ခဲ့။ အဲဒီမွေးနေ့ပွဲအဖြစ်အပျက်ကလေးကို မို ရင်ထဲသတိရဆဲဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မမျှော်လင့်ရဲသည့် သူက တစ်ပတ်ခန့်အကြာမှာ ရုံးရှေ့မှာ ရပ်စောင့်နေခဲ့သည်။

မို သူ့ကိုမြင်ပေမယ့် မခေါ်ရဲဘဲ ခေါင်းငုံ့လိုက်တော့ အနားကို ရောက်လာကာ...

"မမိုက ဟန်ဆောင်ကတတ်တယ်နော်"တဲ့

လက်ထဲမှ ဆွဲခြင်းကို ပိုင်စိုးစွာလှမ်းယူတော့ ဘာမှမပြောဘဲ လွှတ်ပေးမိပြန်သည်။ ပြီးတော့ သူပြောတဲ့ စကားချိုချိုတွေမှာ မျောပါ လို့။

အဲဒီအချိန်ကစလို့ သူ့နှုတ်ခမ်းတစ်ဖွင့်၊ သူ့မျက်လုံးတစ်ကြည့် သူ့ခေါင်းတစ်ငဲ့နှင့် မိုက အရုပ်ကလေးလိုဖြစ်နေတော့သည်။

သူ့အမည်က အလွန်လှပသည့် အမည်ကလေးဖြစ်သည်။ တစ်လုံး တည်း။ ချစ်စရာကောင်းသော သူ့ကို မိုက မိန်းကလေးများစွာထက် ပိုသော ခင်မင်မှုဖြင့် ပိုစတာပေါ်မှာကတည်းက ခင်မင်မိတာပါ။

အဲဒီလို အနေအထားမျိုးမှာ မို အရုပ်ကလေးလိုဖြစ်တာ ဆန်း သလား ဟင်...

"ဆန်းတော့ဆန်းတာပဲ မို၊ သူက နာမည်ရနေတဲ့ အဆိုတော် တစ်ယောက်၊ အခုတစ်လောမှ ဟုန်းခနဲ နာမည်တောက်လာတာ၊ မဂ္ဂဇင်း တွေမှာဆိုရင် အင်နဲ့အားနဲ့ တောက်ပစပြုနေတဲ့ ကြယ်တစ်ပွင့်လို့ ရေး ကြတယ်မဟုတ်လား။ ဂီတလောကမှာ ယောက်ျားလေးတစ်ယောက် အောင်မြင်စပြုလာပြီဆိုရင် လမ်းပွင့်သွားပြီပဲ။ သူ့အစ်ကိုက တေးသံသွင်း ပိုင်ရှင်ဆို မို အရမ်းကံကောင်းတာပေါ့"

သူနှင့်အကြောင်းကို ဘယ်သူ့မှ ဖွင့်မပြောရဲဘဲ တစ်ယောက်တည်း ဝန်းဒိုင်းကြဲအောင် ရင်ခုန်နေပြီးမှ ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ အစ်မ ဝမ်းကွဲတစ်ယောက်ကို ထုတ်ပြောမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက မို့အခြေအနေကို သဘောတကျအားပေးပေမယ့် နောက်ပြောင်ရုံသက်သက် လှည့်စားလေမှာလားဆိုတဲ့ အတွေးတွေကြောင့် အားငယ်သည်ထက် ငယ်ပေမယ့် တကယ်တမ်း သူ့ရှေ့ရောက်သောအခါ နုလွှန်နူးညံ့ပျော့ပြောင်းသော ပန်းပွင့်လေးတစ်ပွင့်ပမာ ဖြစ်သွားရပြန်ရော။

ဒါပေမယ့် အံ့ဩစရာကောင်းလောက်အောင် သူ့နှလုံးသားကလည်း သိပ်ပြီးသိမ်မွေ့နေပြန်သည်ကတော့ မို့မှာ ယုံရမလို၊ မယုံရမလိုဖြစ်ပြီး တကယ်ကို ရင်တုန်နေရတာ။

သူ့ဆန္ဒ တောင်းခံပူဆာမှုများဖြင့် စတိတ်ရှိုးတွေ၊ ရန်ပုံငွေပွဲတွေ၊ မွေးနေ့ပွဲတွေ၊ မင်္ဂလာဆောင်တွေကို မကြာမကြာလိုက်ကြည့် အားပေးရပြန်သည်။ မို့မှာ သူနှင့်ဘာမှလည်း မတော်ဘဲ(ချစ်သူရည်းစားတွေလည်း မဟုတ်သေးပါ) သည်လို တွဲသွားနေရတာ ဘယ်လောက်လန်းစရာကောင်းသလဲ။

"မို့...တဲ့"

ဒီလို တိုတောင်းလှတဲ့ မိတ်ဆက်မှုကလေးနဲ့ နာမည်ကြီးအဆိုတော်များစွာနှင့် တစ်ဝိုင်းတည်းထိုင်ခဲ့ ရင်းနှီးခဲ့ဖူးပါပြီ။ ဘယ်သူကမှ စပ်စပ်စုစုမရှိဘဲ သူ့ကိုနှစ်လိုသည်မို့ မို့ကိုလည်း နှစ်လိုစွာ သူနှင့်ယှဉ်ပြီး နေရာပေးကြတာဟာ အလွန်အိပ်မက်ဆန်မနေဘူးလား။

အကောင်းအဆိုးကို ခွဲခြားတတ်ပြီး တည်ငြိမ်တဲ့ နှလုံးသားရှိသူတစ်ယောက်လို ရဲရဲဝံ့ဝံ့ ယုံကြည်ချင်လိုက်တာလို့ သူ့ကွယ်ရာမှာ တွေးဆရင်း လွမ်းဆွတ်ရတာနှင့်အမျှ အတူရှိနေတဲ့အချိန်တိုင်းမှာ တီးဝိုင်းကိစ္စနှင့် အလုပ်များသည့်ကြားက မို စားဖို့သောက်ဖို့ သတိတရလုပ်ပေးတတ်တာတွေ၊ သူ့ပွဲအတွက် ဈေးဝယ်ထွက်ရင်တောင် သူ့မျက်လုံးတွေက မို့အတွက်ပဲ လိုက်လံရှာဖွေနေတတ်တာတွေ၊ သူ့ကို မယုံရဲပေမယ့် သူ့ရဲ့ အကြင်နာများနဲ့ နွေးထွေးတာကြောင့် ဘုရားသခင် စီမံရာအတိုင်း ငြိပါ



www.burmeseclassic.com

www.burmeseclassic.com



စေလို့ ဆုံးဖြတ်လိုက်တာ မို မှားသလား ဟင်...

သူ့ကို မိန်းကလေးပရိသတ်က သိပ်ချစ်ကြတော့ အမြဲတမ်း သူ့ဘေးကနေ ကန့်လန့်ကန့်လန့်နဲ့ သူ့ဂရုတစိုက်ရှိလှတဲ့ မို့ကို တမင်ကြီး ခြေထောက်တက်နင်းတာမျိုး၊ လက်ခွဲနုတ်ဆက်သလိုလိုနဲ့ ဖျစ်ညှစ်နာကျင်အောင် လုပ်တာမျိုးတွေ၊ ပုပ်ပုပ်စပ်စပ် ပျစ်ပျစ်နှစ်နှစ် နာကျင်အောင် ပြောတာတွေကို သည်းခံခဲ့ရတာ သူ့သိမှာ မဟုတ်ဘူးဟု ထင်ခဲ့သည်။

မနာလိုဖြစ်ပြီး ခပ်ကျိတ်ကျိတ် ကိုယ်ထိလက်ရောက် စော်ကားပေမယ့် ပရိသတ်အပေါ် သူ့မေတ္တာပြိုမှာစိုး၍ ထုတ်ဖော်ပြောဖို့ အသာထားလို့ အရိပ်ပင်မမြင်အောင် ဖုံးဖုံးကွယ်ကွယ်ဖြစ်စေရသည်။ သူနှင့်ပတ်သက်လို့ကတော့ ဖြစ်လာသမျှ အဆိုးအကောင်း ရင်ကော့ပြီးခံရဲတာ နာမည်ကြီးအဆိုတော်တစ်ယောက်မို့ သူ့ထင်လေမှာလား အတွေးနဲ့ ရင်မှာချိုလှသည်တော့မဟုတ်။

သုံးနှစ်မြောက်ပြည့်တဲ့နေ့မှာတော့ အထူးအစီအစဉ်တစ်ခုဆိုပြီး သူ့အိမ်ကိုခေါ်သွားတော့ ကြောက်ကြောက်လန့်လန့် ယက်ကန်ယက်ကန်နဲ့ ပါသွားရတယ်။ မိတို့ထက် များစွာသာလွန်မြင့်မားသည်ကြောင့် ဘယ်လိုတည်ငြိမ်နေနိုင်ပါ့မလဲ။

အဆိုးနဲ့အကောင်း နှစ်မျိုးစလုံး ရင်ဆိုင်ဖို့ ပြင်ဆင်ပြီးပေမယ့် တကယ်တမ်း အဆိုးကိုတွေ့ကြုံရတဲ့အခါများမှာ ရပ်တည်နိုင်တဲ့အင်အားပါးလျားရပြန်သည်။ သူကတော့ ဘာမှမခံစားရသလိုပါပဲ။

တကယ်လည်း သူက သူ့ဘဝကို လှလှပပတည်ဆောက်နိုင်သူဖြစ်နေပြီမို့ မတုန်လှုပ်တာထက် မို့အပေါ် အလျော့ပါးမခံနိုင်တာ ပိုသိသာသည်။ သူက ဘယ်သူ့မှ အသိအမှတ်မပြုလည်း တစ်ချက်မှမလွှဲဘဲ ခပ်ဝံ့ဝံ့ မို့ကို ဆက်ဆံခဲ့တာ။

အဲဒီ အပြုအမူဆုံးဖြတ်ချက်တွေအပေါ် မို အံ့ကြီးတာ ခုထိ။



www.burmeseclassic.com

www.burmeseclassic.com



"မိုက သိပ်သည်းခံတတ်တာပဲနော်"

လေးနှစ်ပြည့်ပြောက်တဲ့နေ့မှာ ထုတ်ဖော်ချီးကျူးလေတော့ သာမန်ပြောဆိုမှုလေးတစ်ခုဟု မို ထင်မိပြန်သည်။ သည်တစ်သက် ဒီလိုပဲ နေသွားတော့မယ် ထင်ပါရဲ့ဟု တွေးနေဆဲ···

(သူ ဒီလိုပဲ နေလျှင်လည်း မိုက ဒီလိုပဲနေပေးသွားဖို့ အဆင်သင့်ပါ။)

"ကျွန်တော့် ဘဝတစ်လျှောက်လုံးမှာ မိုက အမြဲဘေးမှာ ရှိမှာလား" တဲ့။

"ဒီစကားဟာ မို မေးရမယ့် စကားပါ။ ဘာဖြစ်လို့လဲဆိုတော့ အိပ်မက်လှလှလေးတွေကို မက်ခွင့်ပေးတဲ့သူက မို့အတွက် တန်ခိုးရှင်ဖြစ်နေလို့ပါပဲ။ မို အိပ်မက်ဆက်မက်ချင်ပါသေးတယ်"

စကားအဆုံးမှာ တစ်လုံးတည်းရှိသော သူ့အမည်လေးကို ထည့်ပြောရင်းဆိုတော့ သူက အနားသို့ မျက်နှာချင်းဆိုင် ထိလုအောင်တိုးကပ်ကာ···

"အိပ်မက်မဟုတ်ပါဘူး မို။ တကယ်ပါ လေးနှစ်တောင် ဖြတ်သန်းခဲ့မှပဲ။ အိပ်မက်ဖြစ်မှာလား။ မနက်ဖြန်ကျရင် ကျွန်တော်တို့ လက်ထပ်ကြရအောင်နော်။ ကျွန်တော့်ကို တစ်သက်လုံးအတွက် ယုံကြည်ခွင့်ပေးမှာလားဟင်"တဲ့။

သူ့ရဲ့ နှလုံးသား နူးညံ့မှုအင်အားဟာ ဘာနဲ့မှ နှိုင်းဆလို့မရအောင် ကျယ်ပြန့်ကြီးမားတယ်ဆိုတာ လုပတဲ့သံစဉ်များနဲ့ ထုံမွှမ်းတဲ့နှလုံးသားမှာ မို ထာဝရ အိပ်မက်ခွင့်ရခဲ့ပြီပေါ့။

(၁၉၉၄ ရှုထိုင် ထုံမလေးမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

# “ မရနိုင်တော့သော လိုအပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းဆွတ်သတိရလှပါသည် ဖေဖေ…။

ခုလိုညချမ်းဆိုလျှင် ဂျပန်မှာ နေ့ဖြစ်နေမည်လား။ ဂျပန်တို့ အမြတ်တနိုးထားလွန်းတဲ့ နေဝန်းပြည့်ပြည့်ကို ဖေဖေမြင်ဖူးပြီးပြီလား။ သမီးတို့ တစ်ခါမျှ မမြင်ဖူးသေးတဲ့ ချယ်ရီပွင့်။

ဖေဖေ ပျော်နေနိုင်လိမ့်မည် ထင်ပါသည်။

မှောင်ရိပ်ကျလာသော သိတင်းကျွတ်လပြည့်ညသည် ဝင်းပသော ဆီမီးရောင်စုံတို့ဖြင့် ထိန်လင်းနေပါပြီ။ ပျော်ရွှင်စွာ မီးပန်းကစားနေသော ကလေးများသည်လည်းကောင်း၊ မုန့်ဘူးလေးတွေကိုယ်စီနှင့် ထုံးတမ်းစဉ်လာအရ လူကြီးမိဘကို ကန်တော့ရန်လာသော လူငယ်တို့သည်လည်းကောင်း၊ ငေးမှိုင်နေသူ သမီးကဲ့သို့ အဝေးရောက် ဖခင်တစ်ဦးကိုလွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်နေလိမ့်မည် မထင်ပါ။

သမီးကတော့ သီးခြားကမ္ဘာထဲကို တစ်ဦးတည်းရောက်နေရပါသည် ဖေဖေ။ ဂျပန်ပြည်မှာ ဖေဖေ့ဇနီးအသစ်နှင့် ပျော်ရွှင်နေခြင်းကို သမီး မဖျက်ဆီးရက်ပါ။ ဖေဖေ သမီးကို သတိမရပါနဲ့။ ဖေဖေ ပျော်နေမြဲ ပျော်နေပါစေ။

သီတင်းကျွတ်လကို ရောက်စဉ်ရောက်တိုင်း ခံစားရမြဲဖြစ်သော ဝေဒနာကို သမီးတော့ နှစ်စဉ်ခံစားသွားရမှာပါ။ ဘာဖြစ်ခဲ့သည်ဆိုသည်ကို ဖေဖေက သိလိမ့်မည်မဟုတ်ပါ။ ထိုနှစ်က ဖေဖေ သမီးတို့ကို စွန့်ပစ်သွားလို့ ခုနစ်နှစ်မြောက်ဖြစ်ပါသည်။ နှစ်စဉ်နှစ်စဉ် ဖခင်မပါဘဲ မိခင်နှင့်သာ ဘိုးဘွားတို့ကို ကန်တော့ရခြင်း၊ ဖခင်မရှိခြင်းကြောင့် အခြားသော ဝမ်းကွဲမောင်နှမများ၏ အနိုင်အကျင့်ကို ခံရခြင်း၊ အစဉ်အမြဲ အားငယ်ဝမ်းနည်းစိတ်ဖြင့် ပျော်ရွှင်မှုကင်းမဲ့ခြင်းတို့ သမီးရင်ကို လွှမ်းမိုးအားယူ၍ ပြည့်လျှံနေပြီဖြစ်ပါသည်။

ထိုအချိန်တွင် ဂျပန်ပြည်သွားဖို့ ဖေဖေ အိပ်မက်ပင် မက်လိမ့်ဦးမည် မဟုတ်ပါ။ ဖေဖေ မြန်မာနိုင်ငံမှာ ရှိနေပါသေးသည်။ မြန်မာနိုင်ငံမှာပင် ရှိနေသေးသည့် ဖေဖေ့ကို ထိုနှစ်က သမီးရှိက်ကြီးတငင်ငိုကာ တမ်းတခဲ့ပါသည်။ ငိုရလွန်း၍ သမီးကိုယ်သမီးပင် မေ့သွားလုအောင် ဖြစ်ခဲ့ရသည်။ အသက်တွေ ဘယ်မျှရ၍ လူ့ဘဝ အတွေ့အကြုံ ဘယ်လောက်ပင် များပါစေ၊ မည်သည့်အရာနှင့်မျှ အစားထိုးမရသည့် ဖခင်၏ မေတ္တာကို ဘယ်သို့မျှ ဥပေက္ခာမပြုနိုင်ပါ။

ဖေဖေနှင့်ပတ်သက်၍ မမေ့နိုင်သည့် ကိစ္စရပ်တွေ များစွာရှိနေပါသည် ဖေဖေ။

ထိုနေ့က ဖေဖေ အိမ်သို့ပြန်မလာပါ။ လာနိုး လာနိုးနှင့် စောင့်



www.burmeseclassic.com

www.burmeseclassic.com



မျှော်၍ သမီး အိပ်ပျော်သွားခဲ့ပါသည်။ မေမေနိုး၍ လန့်နိုးချိန်တွင် အပြင်၌ မိုးများသည်းထန်စွာ ရွာနေသည်။

"သမီး...သမီး ထစမ်း မေမေကြောက်လို့"

"ဟင်..."

မျက်စိကို ပွတ်ကြည့်လိုက်သည်။ အိပ်ချင်မူးတူးလုပ်နေ၍ မရ တော့မှန်း နားလည်ချိန်တွင် ဖေဖေ့ကို ပြေး၍သတိရသည်။ လူမမည် ကလေးတစ်ယောက်အနားတွင်ရှိနေရုံဖြင့် မေမေအကြောက်ပြေနိုင်လိမ့် မည် မဟုတ်ပါ။

"ဖေဖေ ပြန်မလာသေးဘူးလား မေမေ"

"မလာသေးလို့ပေါ့ သမီးရယ်၊ အပြင်မှာလည်း မိုးတွေက သည်း လိုက်တာ အရမ်းပဲ။ တံခါးတွေတော့ လုံအောင်ပိတ်ထားတယ်။ သူခိုး တွေ ဘာတွေများ တက်လာရင်ဒုက္ခ"

ထိုနေ့ညက သမီးဘယ်လိုမှ အိပ်မရခဲ့ပါ ဖေဖေ။ သိပ်မကြာသေး သော ဖေဖေရှိစဉ် ဖေဖေနှင့် ကလိထိုးကစားခဲ့ပုံများ၊ ခြံထဲတွင် သမီး ဒန်းစီးချင်တယ်ဆို၍ ဖေဖေပြုလုပ်ပေးခဲ့စဉ် ဒန်းစီးရင်း ခွေးကိုတိုက်မိ၍ အိမ်ထဲကြောက်လန့်တကြား သမီးပြေးဝင်လာတော့...

"ဘာဖြစ်သလဲ သမီး၊ ဘာဖြစ်တာလဲ၊ ဖေဖေ့ကို ပြောစမ်း၊ ဖေဖေ့ ကို ပြောစမ်း"

ဆိုကာ ပြေးပွေ့ခဲ့ပုံ၊ ညအိပ်ရာဝင်ခါနီးတိုင်း သမီး မဖတ်တတ် သည့် အင်္ဂလိပ်လိုရေးထားသည့် ပုံဝတ္ထုတွေကို ဖေဖေပြောပြ ချော့သိပ်ခဲ့ပုံ၊ ပုံပြင်ထဲမှာ ကြောက်စရာပါ၍ ကြောက်နေခဲ့လျှင် ဖေဖေက တဟားဟား အော်ရယ်ကာ...

"ကဲ...ဖေဖေ ဖက်ထားပြီ သမီး ဘာကိုကြောက်ဦးမှာလဲ အလကား ကလေးဆန်တယ်။ စာအုပ်ထဲမှာရှိနေတာ စာလုံးတွေ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့ ဘာမှမလုပ်နိုင်ဘူး။ သမီးကမှ အသက်ရှိလူသား။ လူသားဆိုတာ အရာရာကို တွန်းလှန်နိုင်စွမ်းအားရှိတယ်။ ကမ္ဘာပေါ်မှာ လူဆိုတာ တန်ခိုးအကြီးဆုံးပဲ၊ ဘာကို သမီးကြောက်ရဦးမှာလဲ။"

အတွေးဖြင့် တစိမ့်စိမ့်ခံစားရင်း သမီး ဝမ်းနည်းနေခဲ့ပါသည်။

"ဟင်···သမီးငိုနေတယ်၊ ဟုတ်လား သမီး၊ ဘာဖြစ်လို့ ငိုနေရတာလဲ၊ ကြည့်စမ်း။ မေမေ့ကို ကြည့်စမ်း"

သည်တော့မှ မျက်ရည်ကျမိသည်ကို ရုတ်ချည်းနောင်တရသည်။ သမီး ဘာဖြစ်လို့ ငိုနေခဲ့မိတာလဲ။

❖ ❖ ❖

လေးတန်းနှစ်၏ နေ့တစ်နေ့တွင် ဖြစ်သည်။

ဖေဖေသည် ကျောင်းဖွင့်သည့်နေ့တိုင်း ကျောင်းကားပြန်ပို့မည့် အချိန်ကိုမှန်းကာ လမ်းထိပ်သို့ထွက်စောင့်နေတတ်သည်။ ကျောင်းကားမှ ဦးလေးကြီးကလည်း ဖေဖေ့ကို မှတ်မိသိရှိနေကာ ဖေဖေ့ရှေ့တည့်တည့်တွင် ကားကို ရပ်ပေးသည်။

"အာ···ဖေ့သမီးလေး"

ကားပေါ်မှ ချီချရင်း မွှေးမွှေးပေးသည်။ ပြီးနောက် လွယ်အိတ်ကို ယူလွယ်သည်။

"အမယ်လေး · · ·ငါ့သမီး လေးတန်းလွယ်အိတ်ကလည်း အလေးကြီးပါလား။ လိုမှ ယူနော် သမီး၊ မလိုဘဲ ယူမသွားနဲ့၊ သမီး အသက်အရွယ်နဲ့ ဒီလောက်လေးတာကြီး မလွယ်ရဘူး၊ ပခုံးတွေ နာနေလိမ့်မယ်"

မကြာခဏ ပြောနေကျဖြစ်သော စကားတစ်ခွန်းကို ဖေဖေပြော ပြီး သမီးပြောချင်သော စကားတွေကို ဂရုတစိုက်နားထောင်တတ်သည်။ လမ်းထိပ်အိမ်တွင်ရောင်းသော ရေခဲချောင်းကိုလည်း ဖေဖေ မကြာမကြာ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ကျွေးတတ်သည်။

"အိမ်ရောက်ရောက်ချင်း ရေချိုးခန်းဝင်ရမယ်နော် သမီး၊ ဒီနေ့တော့ သမီးဘာသာ ချိုးတော့"

"ဟင်…ဖေဖေက မချိုးတော့ဘူးလား"

အခါတိုင်း ဖေဖေနှင့်အတူ ရေချိုးနေကျဖြစ်၍ နှုတ်ခမ်းစူပြီး မေးမိသည်။

"ဖေဖေ ရေချိုးပြီးပြီ မီးလေးရဲ့၊ ငါ့သမီးက လူကြီးဖြစ်နေပြီပဲ။ ဖေဖေ ချိုးပေးစရာ မလိုတော့ပါဘူးကွာ…နော်"

ထမင်းစားပြီးချိန်တွင် ဖေဖေ့ ထုံးစံအတိုင်း စာကျက်ဖို့ စားပွဲပြင်ပေးသည်။ ထိုင်ခုံချပေးသည်။

"သမီး မပြီးသေးဘူးလား။ ပန်းကန် မေမေ ဆေးလိမ့်မယ် ဒီမှာ မြေနာရီခွဲနေပြီ"

အချိန်တိကျမှုကို လေးစားသော ဖေဖေသည် မလာမချင်း အိမ်ရှေ့မှ အော်ခေါ်တော့သည်။

"အလုပ်ကို သူ့အချိန်နဲ့သူ လုပ်တတ်အောင် ကြိုးစားစမ်း သမီး။ ဖေဖေ မခေါ်ပါရစေနဲ့။ မြေနာရီခွဲကို အမြဲကြည့်ပြီး စာကြည့်စားပွဲမှာ လာထိုင်ရမယ်၊ ကြားလား သမီး"

"ဟာ…ဖေဖေ့ကို ပြရဦးမယ်"

လွယ်အိတ်ထဲတွင် ဒီအတိုင်း ပစ်ထည့်လာသော ပစ္စည်းလေးကို စာအုပ်တစ်အုပ်ချင်း ယူကြည့်နေသည့် ဖေဖေ မမြင်သေးပေ။ သည်ပစ္စည်းလေးကိုမြင်လျှင် ဖေဖေလည်း သဘောကျလိမ့်မည်။

"ဒီမှာ ဖေဖေ"

"သမီး အဲဒါကို ဘောလ်ပင်အောက်မေ့လို့၊ နောက်မှ ခဲတံတဲ့လုတယ်နော် ဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းကို သမီး ဘယ်ကရတာလဲ"

"သမီးလိုချင်လို့ ကောက်လာတာပါ ဖေဖေ"

"ဘယ်က ကောက်လာတာလဲ၊ ဘယ်သူ့ပစ္စည်းလဲ၊ မှန်မှန်ပြော နော်"

အနားရောက်လာကာ တစ်ခုခုမေးဟန်ပြင်သော မေမေ့ကို လက်ကာပြရင်း မေးသည်။ မေမေက ဘာမှမပြောတော့။

"အဲဒါ သန္တာအောင့်ဟာပါ ဖေဖေ၊ သူ့အဖေ နိုင်ငံခြားက ဝယ်လာ တာတဲ့၊ မုန့်စားကျောင်းဆင်းတော့ အဲဒီဟာလေးက သမီးစားပွဲအောက်ကို ကျလာတယ်။ သမီးက သူပြန်ယူမလားလို့ ကြည့်ပါသေးတယ် ဖေဖေ။ ကျောင်းဆင်းတဲ့အထိ ပြန်မယူတော့ သမီး ယူလာခဲ့တာပေါ့"

"သမီး လုပ်ပုံဟာ ဒီပစ္စည်းကို ခိုးတာနဲ့အတူတူပဲ၊ ဒီဟာလေး ပျောက်သွားတာ သူ့ဘယ်လောက် နမြောလိမ့်မလဲ။ ဒါဟာ သူ့အဖေ နိုင်ငံခြားက ပို့လိုက်တာ။ သမီးကို ဖေပေးတဲ့ ပစ္စည်းလေးပျောက်ရင် သမီး ဘယ်လိုနေမလဲ။ ကိုယ်ချင်းစာကြည့်မှပေါ့။ မနက်ဖြန် ကျောင်း တက်ရင် သူ့ကို ပြန်ပေးလိုက် ကြားလား"

"ဟင်...သမီး မပေးချင်ဘူး ဖေဖေ။ ဖေမကြိုက်ရင် လွှင့်ပစ် ဆို သမီး ပစ်လိုက်ပါ့မယ်။ သမီးပြန်ပေးရင် သမီးယူတာ သူသိသွားမှာ ပေါ့။"

ဖေဖေ ပြုံးသည်။

"ဒီလိုပြောပြီး ပြန်ပေးလေ သမီးရဲ့ ကျောင်းဆင်းတုန်းက စားပွဲ အောက်က တွေ့တာပေါ့။ သူဟာ အောက်မေ့ကို သိမ်းထားပေးတယ်ပေါ့ သမီး သူငယ်ချင်း ပိုပြီးတောင် သမီးကို ချစ်သွားဦးမယ်"

"နောက် ဒါမျိုး ဘယ်တော့မှ မလုပ်ရဘူးနော် သမီး။ ပိုင်ရှင် သိရင် ပြန်ပေးရမယ်၊ နောက်တစ်ခါဆိုရင် ဖေဖေ တကယ်စိတ်ဆိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေစိတ်ဆိုးတာ မြင်ဖူးတယ်မဟုတ်လား"

ခုတော့ ဖေဖေ တကယ်စိတ်ဆိုးလို့ ခွဲသွားသည်လား ဖေဖေ။ ဖေဖေပြောကတည်းက သမီး ဒါမျိုးတစ်ခါမှ မလုပ်ခဲ့ပါဘူး။ ဖေဖေ ဘာဖြစ်လို့ သမီးကို ပစ်သွားရတာလဲ။

သမီးကို သိပ်ချစ်သော ဖေဖေသည် တစ်ချိန်ချိန်တွင် အခြား မိန်းမတစ်ယောက်နောက်သို့ပါ၍ သမီးနှင့်ခွဲသွားလိမ့်မည်ဟု ဘယ်တုန်းကမျှ မထင်ခဲ့မိပါ။ (၅)တန်းနှစ် ကျောင်းပြောင်းတက်ချိန်တွင် ဖေဖေ့ရုံးနှင့် အလွန်နီးသဖြင့် သမီး သိပ်ပျော်ခဲ့ရပါသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဖေဖေ့ရုံးသို့ လိုက်သွားကြည့်မည်ဟု စဉ်းစားနေဆဲ။ မေမေနှင့် စိတ်ဆိုး၍ ဖေဖေ အိမ်သို့ ပြန်မလာပါ။

ဖေဖေ့ကို မတွေ့ရ၍ သတိရလှသည်။ ဖေဖေ့ဆီသို့ရောက်အောင် ဒီနေ့တော့ သွားကြည့်မည်။ ဖေဖေ အလွန်ကြိုက်တတ်သော ဒိန်ချဉ်ကို ဝယ်၍ အိမ်သို့ပြန်လာရန် ချော့ခေါ်မည်။ သမီးကို ချစ်လွန်းသော ဖေဖေ သည် သမီးချွဲပြလျှင် ခံနိုင်ပါမည်လား။

ရုံးတွင် ဖေဖေ့အမည်ပြောသည်နှင့် ဌာနသို့ ရောက်အောင် ပို့ပေးကြသည်။ ခဏနေ ဖေဖေ ပြန်လာမည်အထင်နှင့် ထိုင်စောင့်နေသည်။ ကုလားထိုင်တွင် ချိတ်ထားသော ဖေဖေ့တိုက်ပုံပင် မမြင်ရသည်မှာ ကြာလှ ပြီဖြစ်သည်။ မှန်း...ဘာတွေများ ရှိပါလိမ့်။

လက်နှိုက်ကြည့်စဉ် မာတောင့်တောင့်အရာလေး ပါလာသည်။

တစ်ခါမှမမြင်ဘူးသော မိန်းမတစ်ယောက်၏ ဓာတ်ပုံ၊ ဖေဖေနှင့် အတူတူတွဲရိုက်ထားသောပုံ။

ဘာလုပ်ရမလဲ၊ ဘာလုပ်ရရင် ကောင်းမလဲ၊ ဒီပုံကို ဆုတ်ဖြဲပစ် လိုက်ရမလား။

မဖြစ်ပါ။ သူများပစ္စည်းကို မသိဘဲကိုင်လျှင် ခိုးသည်ဟု ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သည်။ သမီး မလုပ်ရဲပါ။

ဝမ်းနည်းနည်းနှင့် ဒိန်ချဉ်ထုပ်တွေ ပြောင်းထဲပစ်ချလိုက်သည်။

ဖေဖေ ရက်စက်လိုက်တာ။

◈ ◈ ◈

"ငါ့သမီးကို ငါခေါ်သွားမယ်။ မင်းဘာမှဒုက္ခခံစရာ မလိုဘူး။ မင်းမှာ ယောက်ျားရှိနေသမျှ ကလေးယူနိုင်တာပဲ။ ဒီသမီးက ငါ့သမီး။ ဒီကလေးကို မင်း ငါ့ကို ပေးလိုက်ရမယ်"

"မပေးနိုင်ဘူးရှင့် မပေးနိုင်ဘူး။ ကျွန်မ ဝမ်းနဲ့လွယ်ပြီး မွေးထားရတာ။ ရှင်ချစ်တာထက် ဆယ်ဆပိုချစ်တယ်။ သမီးကို မိထွေးနဲ့ ဘယ်နည်းနဲ့မှ မထားနိုင်ဘူး။ ရှင် ခေါ်မသွားရဘူး"

မေမေနှင့် ဖေဖေ အောက်ထပ်တွင် အကြီးအကျယ်စကားများနေကြသည်။ ဖေဖေသည် သမီးကို သိပ်ချစ်သည်။ ဖေဖေ့ တစ်သက်တွင် နောက်ထပ် သားသမီးမရတော့ဟု မေမေဆိုသည်။ ထို့ကြောင့် သမီးကို ဖေဖေခေါ်၍ မရလျှင် မေမေ့ဆီ မှချပြန်လာလိမ့်မည်။ တို့မိသားစုမကွဲ၊ သမီး ဖေဖေနှင့် လိုက်မသွားရဟု မေမေ သင်ထားသည်။

"ငါလည်း ငါ့သမီးကို ပထွေးနဲ့ မထားခဲ့နိုင်ဘူးကွ။ မင်းမှာ နောက်ထပ်ရနိုင်သေးတယ်၊ ငါက・・・ငါက・・・ဟာကွာ・・・တောက်"

"ဒီမျက်နှာကို သေသေချာချာ ကြည့်ထား။ သမီးမှာ ဘယ်တော့မှ ပထွေးမရှိစေရဘူး။ ရှင့်လို မှတ်နေသလား"

အောက်ထပ်မှ ဆူညံနေသော အသံတွေ ကြားထဲတွင် သမီး ဝမ်းနည်းစွာ ငိုကြွေးနေမိသည်။ ဖေဖေရယ် သမီးကိုချစ်ရင် သမီးတို့နဲ့ နေပါ။ ဖေဖေ ဟိုမိန်းမနောက် ပါမသွားပါနဲ့။ သမီးတို့သုံးယောက် အရင်ကလို ပျော်ပျော်ရွှင်ရွှင်နေကြရအောင်ပါ။

ရှိုက်ငိုရင်း ရှိုက်ငိုရင်း သမီး အိပ်ပျော်သွားခဲ့သည်။ အိပ်ရာမှ နိုး



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မေမေ့ပေါင်ပေါ်တွင် သမီးရောက်နေပြီ။

နောက်တစ်ရက်တွင် ဖေဖေ့ရုံးသို့ မေမေ မသိအောင် သွားခဲ့ပါသည်။ ဖေဖေ ခွင့်ရက်ရှည်ယူသွားကြောင်း သိရသည်။ ထို့နောက် ဖေဖေ နယ်ရုံးသို့ ပြောင်းသွားသည်။ ဘယ်မြို့ ဘယ်စက်ရုံလဲ သမီး မသိခဲ့ရ။

နောက် ဆယ်နှစ်ကြာသည်အထိ ဖေဖေ ပြန်မလာခဲ့ပါ။ သိပ်ချစ်လှသည်ဆိုသော သမီးကိုပင် ဖေဖေ အတွေ့မခံတော့ပါ။ စိတ်ပြောင်းသွားသော ဖေဖေ့ကို သမီးအံ့ဩမိပါသည်။ ဖေဖေ၏ ခိုင်မြဲသောသံယောဇဉ်ကိုပြတ်အောင် စွမ်းဆောင်နိုင်သောအရာက မည်သည်နည်း။

သမီးတို့အကြောင်းကိုသိသော လူတိုင်းက ဖေဖေသည် နောက်အိမ်ထောင်နှင့်ပြဿနာ အတက်မခံနိုင်၍ ခြေရာဖျောက်သွားသည်ဟု ဆိုသည်။ တချို့ကလည်း သားသမီးအသစ်ရနေ၍ မေ့နိုင်သည်ဟု ပြောသည်။

သမီးအဖို့တော့ အဖေအသစ်ဆိုတာ ဘယ်တော့မှမရှိပါ ဖေဖေ။ ဖေဖေ့ကို သမီး နေ့စဉ်နှင့်အမျှ သတိရပါသည်။ ဖေဖေ့အကြောင်း သတင်းသဲ့သဲ့လောက်သာ ကြားသည်ဖြစ်ပေမယ့် သမီးမှန်းပြီး ရှိခိုးရပါသည် ဖေဖေ။

(၁၉၉၂ ဇွန်လ ထုံမလေးမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူမကို အမြဲတစေ အပြစ်မြင်ခွဲပူနေတတ်သော မီးဖိုဆောင်ထဲတွင်သာ ကူညီလုပ်ကိုင်စေလိုသော မေမေကြောင့် စိတ်မှာ ထိခိုက်နာကျင်ရစမြဲ။ သူမဆန္ဒက မနက်မိုးလင်း အချိန်ရသရွေ့ စာကျက်ချင်နေသည်။ ပညာရေးမှာ ထိပ်တန်းရောက်ချင်သည်။ မိဘဖြစ်သူကလည်း ကိုယ့်သားသမီးကို ပံ့ပိုးလိုသည့်ဆန္ဒ ရှိစေလိုသည်။ မေမေကတော့ သူမကို အမြဲတမ်း အနားမှာပဲခေါ်ထားကာ စာကျက်ဖို့ထက် သူ့ရဲ့စိတ်ထွက်ပေါက်ကို ဖွင့်အန်ချဖို့အတွက် ကူညီနားထောင်ပေးမည့် သက်ရှိလူသားတစ်ဦးအဖြစ် အသုံးချလေသည်။

သူမသည် စိတ်ညစ်စေမှု တစ်ခုံတစ်ရာကို အနည်းငယ်မျှ ခံစားလို့မရပေ။ ပူပန်စိုးရိမ်စရာများသည် သူမဆီကို ထိပ်တိုက်မလာဘဲ မိခင်၏



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းသော နှုတ်ဖျားမှ တစ်ဆင့်သာ ရောက်လာစေကာမူ အနည်းငယ်မျှနှင့် စိတ်ရှုပ်ထွေး ဦးနှောက်ခြောက် ထွေပြားသွားတော့သည်။ ထိုအချိန်တွင် စာကျက်မိလိုက်ပါက ဖတ်စာအုပ်ပေါ်မှ စာကြောင်းတွေကိုသာ အသံကျယ်ကျယ်နှင့် တတွတ်တွတ်ရွတ်နေပြီး တစ်လုံးတစ်ပါဒမှ နားလည်ခြင်း ခေါင်းထဲရောက်ခြင်းမရှိပေ။ ဘာကိုဆိုလိုမှန်းလည်း သတိမထားမိလိုက်။

ပြီးမှ ဟာ ဘာတွေမှန်းလည်း မသိဘူးကွာဟု စိတ်ရှုပ်စွာ အော်ဟစ်လိုက်မိကာ ဝမ်းပန်းတနည်း စားပွဲပေါ်မှောက်၍ မျက်ရည်မကျဘဲ ရှိုက်မိပေမည်။ နောက် သူမ၏ စာကျက်ချိန်တွေမှာ စိတ်အနှောင့်အယှက်ဖြစ်စေမည့် အကြောင်းအရာတို့အပေါ်သို့ သူမ၏အငြိုးက ဦးတည်သည်။ စိတ်ညစ်စရာတို့ကို ငယ်ရွယ်သူ သမီးဖြစ်သူအပေါ် မျှ၍ပေးလိုသော မိခင်ကို နားလည်အောင် မကြိုးစားနိုင်ဘဲ ပျော့ညံ့လွန်းသည့် စိတ်နှလုံးကိုလည်း အဖြစ်တင်မိကာ အလိုမကျခြင်းတို့ ရင်မှာပြည့်လျှံလာစေသည်။

ဘာဖြစ်လို့ ငါဒီလိုဘဝမျိုးမှာ ရောက်နေရတာတဲ့လဲ။ ငါလို စာသိပ်တော်ချင်တဲ့သူဟာ•••

ကြိုးစားထူးချွန်လိုသော သူမ၏စိတ်သည် ဖြစ်ချက်တစ်ခုတော့မဟုတ်ပေ။ အမြတ်တမ်း လူအများတအံ့တသြ ချီးမွမ်းဂုဏ်ပြုခြင်းကို ရယူခံစားလိုသော ပညာရေးနှင့်ပတ်သက်လျှင် သူတကာထိပ်ဆုံးမှာ နေလိုသော သူမ၏စိတ်ကို သူမ ဘယ်တော့မှ မတန်မရာကို မှန်းသည်ဟု မထင်မိ။ မဖြစ်သေးတာသာရှိမည်။ မဖြစ်နိုင်တာမရှိ။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဟူသော ခေတ်ပုဒ်တို့သည် သူမစိတ်၏ အားမာန်များဖြစ်ကြသည်။

မေမေနှင့်အတူ နေသမျှကာလပတ်တစ်ခုလုံးတော့ သည်အားမာန်တွေကို အမြဲသတိထားပြီး ပြုစုပျိုးထောင်ရဦးမည်။ ဘေးစဉ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က တွေ့ကြုံလာခဲ့သော စိတ်တို့ အညွန့်ကျိုးသွားစေသည့် အကြောင်းရင်းများစွာတို့ကို သူမ ဘယ်သောအခါမှ မမေ့။ တစ်ဖက်သတ် ခံစားမှုပြည့်တက်မို့မောက်သော သူမသည် စိတ်ထိခိုက်စရာတွေအပေါ် အခြားသားချင်းတွေထက် ပို၍စွဲလမ်းမှတ်မိနေတတ်သည်မှာ အဆန်းတော့မဟုတ်ပေ။

မေမေကတော့ သူမ၏စိတ်ကို နားမလည်မသိရှိစွာ (နားလည်ဖို့လည်း ကြိုးစားချင်ဟန်မတူချေ။ သို့မဟုတ် နားလည်လျက်နှင့် တမင်လည်းဖြစ်နိုင်သည်။) ခပ်တည်တည်ပင် သူမစိတ်ထိခိုက်အောင် ကွက်၍လုပ်တတ်သည်။

ပထမဆုံးအကြိမ် ဘယ်လိုမှ မေ့ပျောက်မသွားနိုင်သည့် အဖြစ်အပျက်သည် သုံးတန်းနှစ်တွင် ဖြစ်ပေါ်ခဲ့သည်။ ထိုနေ့က မေမေကသူ၏ သူငယ်ချင်းဆီ သွားစရာရှိသည်ဟုဆိုကာ မမနှင့်ညီမလေးကို ရေမိုးချိုးခိုင်း၏။ ဘာညာဘာညာ ပါးစိပ်ါးစပ်မများဘဲ ကိုယ်ဖြစ်ချင်တာထက်သူများလုပ်ချင်တာကို ပို၍ဦးစားပေးတတ်သော သူမကိုတော့ မေမေက ထားရစ်ခဲ့လေသည်။

"အလတ်မ၊ အိမ်မှာနေခဲ့နော်၊ မေမေတို့ သိပ်မကြာဘူး။ ခဏလေးပဲ ပြန်လာမှာ"

မာ၍ တိကျပြတ်သားသော မေမေ့လေသံကို ငြင်းဆန်ဖို့ ဘယ်တုန်းကမှ မစဉ်းစားပါ။ မိဘ၏စကားကို မြေဝယ်မကျ နားထောင်နိုင်သူတစ်ဦးလည်းဖြစ်ချင်ခဲ့ပါသည်။ မနက်(၈)နာရီထွက်သွားသူသည် မကြာနိုင်ဆို နေ့လယ်(၁၂)နာရီခန့်တွင်တော့ ပြန်ရောက်နိုင်လိမ့်မည်ဟု အပိုင်တွက်ကာ ပြုံးပြုံးရွှင်ရွှင်ပင် ခေါင်းညိတ်နေရစ်ခဲ့သည်။

သို့သော် ညနေ(၄)နာရီအထိ တစ်ယောက်တည်းပဲ ဖြစ်နေသေးသောအခါ အိမ်ရှေ့အုတ်ခုံလေးတွင် ထိုင်စောင့်မျှော်ကြည့်ရင်း ဝမ်းနည်းအားး



www.burmeseclassic.com

www.burmeseclassic.com



ငယ်စိတ်တို့က တိတ်တဆိတ် ပြေးဝင်နေရာယူတော့သည်။ ထိုအရွယ်တွင် အထီးကျန်ခြင်းဆိုသည်ကို ဘာမှန်းမသိသော်လည်း ဘာအလုပ်မှ မလုပ်ဘဲ စိတ်ဇောနှင့် စောင့်မျှော်ရခြင်းက တောင်ကုန်းပေါင်းများစွာကို အပြေးအလွှားတက်နေရသူထက် ပိုမောကြောင်း သိရှိလိုက်ရသည်။

မေမေတို့က ငါ့ကို လိမ်သွားတယ်၊ မေမေတို့က ငါ့ကို လိမ်သွားတယ်။

သူမသည် အချိန်အတော်ကြာ အိမ်ပြင်သို့ ထွက်ထိုင်ပြီးသောအခါ အိမ်တံခါးမ၏ အတွင်းဘက်သို့ပင် ပြန်မဝင်ရဲတော့ပေ။ မဟုတ်မှန်းသိလျက်နှင့် ဘာကိုကြောက်လန့်မှန်းလည်း မသိဘဲ မေမေတို့ပြန်ရောက်လာဖို့သာ အတွေးမှာ ကြီးစိုးနေခဲ့သည်။

သူမ၏စိတ်ထဲမှာ ခုတင်နံရံလေးဘက်ကာထားသော အိမ်ဝန်းအပိုင်းသည် အကျဉ်းတန်လှသည်။ သည်အိမ်ကြီးထဲမှာ သူမတစ်ယောက်တည်းဆိုသော အသိသည် သူမကို ချောက်ချားစေသည်။ ပြန်ဝင်မလားလို့ ပြန်လှည့်ကြည့်သော အိမ်ပေါက်ဝသည် ဝိညာဉ်များစွာ ထည့်သွင်းလှောင်ပိတ်ထားသော တိုက်ခန်းကြီးတစ်ခုနှယ် ဖြစ်နေသည်။

ထိုနေ့က ည(၇)နာရီထိုးသည်အထိ ညနေစာကို မစားဖြစ်၊ နောက်ပိုင်းလည်း မစားဖြစ်ပါ။

မေမေတို့ပြန်ရောက်လျှင်လည်း သူမ အားငယ်စွာ ငိုကြွေးမိခြင်းကြောင့် မေမေ့အပြစ်တင်မှုများကြားတွင် မောမောနှင့် ဝမ်းပန်းတနည်း အိပ်ပျော်သွားခဲ့သည်။

မနက် အိပ်ရာမှနိုးသောအခါ မျက်ဝန်းတစ်ခုလုံး မို့မောက်ရဲတွက်နေတာကို တွေ့ရပြီး ရင်မှာဒဏ်ရာနက်တစ်ခု ဖြစ်ပေါ်ခဲ့သည်။

နောင် မေမေနှင့် အဆင်မပြေဖြစ်သည့်အခါတိုင်း ပထမဦးဆုံး အကြိမ်ရရှိသော နာကျည်းမှုအဖြစ် အသိမှတ်ဉာဏ်တွင် နေရာယူစိုးမိုး



www.burmeseclassic.com

www.burmeseclassic.com



နေကာ ပြန်လည်ခံစားနာကျင်ရစမြဲ။

သူမနှင့် အစ်မဖြစ်သူပဲဖြစ်ဖြစ်၊ ညီမဖြစ်သူပဲဖြစ်ဖြစ် စကားများ ကတောက်ကဆဖြစ်သည့်အခါတိုင်း တရားသူကြီးဖြစ်သည့် မေမေသည် သူမကိုပဲ အနိုမ့်ပေးအရှုံးထား အခုံးအဖြတ်ပေးလေ့ရှိတတ်တာ အငယ်ကို ပိုညှာရမယ်ဆိုသော မေမေ့ကြွေးကြော်သံကို ပြန်လည်ချေပချင်စိတ်တို့ ပြင်းပြမောက်ကြွနေသည်။

အို…မေမေ အမှန်အတိုင်း ဝန်ခံစမ်းပါ။ အားလုံးထဲမှာ သမီးကို ချစ်နှာသာ မပေးဆုံးဆိုတာ…

သူမသည် အကြီးဆုံးလည်း မဟုတ်ပါဘဲ အကြီးဆုံးလုပ်ရလေ့ ရှိသည့် တာဝန်ဝတ္တရားနှင့် အနစ်နာခံမှုတို့ကို ဆောင်ရွက်သည်းခံရကာ တကယ်တမ်းကျ အငယ်မို့ အငယ်သည် အငယ်နေရာမှာသာရှိလေ၏။ ဘယ်အချိန်အခါ ဘယ်နေရာမှာပဲဖြစ်ဖြစ် မေမေသည် ခိုင်းဖို့ဆိုလျှင် သူမကိုသာ နှုတ်တွေ့လေ့ရှိသည်။

သမီးအကြီး တစ်ယောက်လုံးကိုတော့ အနားယူစေပြီး အလတ် မကိုတော့ လေးနာရီထိုးသည်နှင့် ကူလုပ်ဖို့ နှိုးတတ်တာ၊ ဘာကြောင့် များ သားသမီးချင်းအတူတူ တပြေးညီမရှိပါလိမ့်ဟု ရင်မှာ သံသယ ဖြစ်ရမြဲ။ ပင်ပန်းသည်တို့ကို တွေ့ကြုံရပေမယ့် အနည်းငယ်မျှ ဦးစားပေး ခံရလျှင်ပင် ကျေနပ်နိုင်ဖွယ် အပြည့်ရှိသေးသည်။

ခုတော့ သူမကို မေမေသည် ဘယ်လိုများ သဘောထားလေသည် မသိ။ ညီမငယ်အား အားပေးအားမြှောက်ပြုတတ်သည့် စကားတစ်ခွန်း နှင့်ပင် မေမေ့စိတ်ရင်းတို့ ထင်ရှားလေသည်။ အမှန်တော့ သူမက အကြီး သူမ မုန်နေလျက်နှင့် သူမကို မချစ်၍ မထောက်ခံချင်နေပါ။ သည်လို ဆွပေးသည့် စကားကိုတော့ ပညာတတ်မိခင်တစ်ယောက်အနေနှင့် မပြော



www.burmeseclassic.com

www.burmeseclassic.com



သင့်မှန်း နားလည်သင့်၏။

အို...မှန်းတယ်၊ မှန်းတယ်၊ မေမေ့ကို သိပ်မှန်းတာပဲ။

သူမကို ညှာတာအားပေးသူသည် မမကြီးနှင့် ဇော်ဇော်သာ ရှိသေ သည်။ ဒါတောင် မမကြီးက မေမေ့ဘက်ကို အကောင်းလိုက်၍ ပြောတတ်မြဲ။

"နင်ထင်သလို မဟုတ်ပါဘူး ညီမလေးရယ်၊ မေမေက နင့်ကို ချစ်လွန်းလို့ အားမရနိုင်ဖြစ်နေတာပါ"တဲ့။

နာကျည်းပြုံးကို အားပါးတရပြုံးရင်း ခေါင်းကိုခါယမ်းပစ်လိုက် သည်။ စဉ်းစားဆင်ခြင်မှုနှင့် ထိတွေ့ခံစားမှုတို့ ဒွန်တွဲနေသော လူသား တစ်ဦးအဖြစ် အမှန်တရားကို သူမ ရှာဖွေတွေ့ရှိပြီးသားပါ။ တစ်ယူသန် တစ်ဖက်သတ် ကိုယ့်ဘက်ကိုသာ ဆွဲတွေးတတ်သူ ဖြစ်နေမည်စိုး၍ သာ မေမေ့ဘက်ကို အနည်းငယ်လျှော့ပေါ့ စဉ်းစားချင် စဉ်းစားမည်။ သူမ၏နက်ရှိုင်းသော နာကျင်မှုတို့ကိုတော့ လျစ်လျူရှု၍မဖြစ်။

"လာ...ပြန်မပြောနဲ့ ပါးစပ်ပိတ်ထားစမ်း။ ပြန်ပြောရင် သေပြီသာ မှတ်"

ဟု ကြမ်းတမ်းစွာဆိုကာ ကြိမ်လုံးတဆဆနှင့် တကယ်လည်း သူမအပေါ် မညှာမတာ ရိုက်တတ်လေ့ရှိသော မေမေ့ကို မုန်းတီးခါး မှုတို့ လုံးခဲသိပ်သည်းနေတတ်ခဲ့တာ သိပ်ဆန်းမည်လို့တော့ မထင်ပါ လူတစ်ယောက်၏ရင်ထဲမှ ခံစားမှုတို့သည် မျိုသိပ်ထားရလေ ပေါက်ကွဲ ဖို့ ပိုနီးကပ်လေဖြစ်လိမ့်မည်။ မေမေက သားသမီး၏ ချေပချက်ကို မကြားလိုသောကြောင့် ကြိမ်လုံးနှင့် ပိတ်ထားသော်လည်း သူမ၏ မဟုတ်မခံ မှန်ရာကို ဖြန့်ပြလိုသော အတွင်းစိတ်ကိုတော့ ခြေမှုန်းပစ်နိုင် ရာ ရောက်ခဲ့သည်။

လူတွေကြားထဲ အတူရောနှော မထိုင်ဝံ့ဘဲ ဘာကိုကြောက်မှန်း

www.burmeseclassic.com



မသိ အလကားနေရင်း ကြောက်လန့်အားငယ်တတ်အောင် ကိုယ့်ကို ကိုယ် မယုံကြည်ဘဲ သိမ်ငယ်စိုးရွံ့နေတတ်အောင် ပြုစုပျိုးထောင်ခဲ့သော မေမေ့ကို လုံးဝယုံကြည်မိသော်လည်း သူမစိတ်အခြေအနေက ဒီအတိုင်း ပင်ဖြစ်နေသည်။ ဒါဟာ ဘာဖြစ်လို့လဲနော်။

တစ်ခါတစ်ခါတော့လည်း ဒေါက်တာအုံးမောင်ရှိသည့် စိတ်ရောဂါကုဆေးရုံသို့သာ ပြေးသွား၍ ဖွင့်ပြောပစ်ချင်သည်။ အရူးဟုဆိုသာသည့် အဆင့်မဟုတ်သဖြင့် စိတ္တဇဝေဒနာ ခံစားနေရရုံမျှနှင့် စိတ်ရောဂါကု ဆရာဝန်နှင့် ပြသင့်ကြောင်း အဆိုကို သူမ နားလည်စွာ လက်ခံထားသည်။ တကယ်လည်း လူသာမန်တွေထက် သူမရဲ့ခံစားမှု အခြေအနေက ပိုမို ပြင်းထန်နေပြီပဲ မဟုတ်လား။

သို့သော် စိတ်ရောဂါကုဆေးရုံသည် ဘယ်နားမှာရှိမှန်းလဲ မသိ။ ဘယ်လိုသွားရမှန်းလဲ နားမလည်။ ဘယ်လူကြီးသူမကိုမှလည်း ဖွင့်မမေးရဲဘဲ ကြိတ်မှိတ်ခံစားနေဖြစ်ပြန်သည်။ တစ်ခါတစ်ခါ သိပ်ထုထည်ကြီး မားလာသည့်အခါ စိတ်ရောဂါကုဆေးရုံသို့ ပို့ပေးပါ၊ စိတ်ရောဂါကုဆေးရုံသို့ ပို့ပေးပါဟု ရင်ထဲမှာ အခါများစွာ အော်ဟစ်နေတတ်မြဲ။

ထိုနှင့်တစ်ဆက်တည်း "ဟင့်အင်း···ငါမရူးဘူး၊ ငါသွားစရာ မလိုဘူး၊ ငါ့စိတ်ကို ငါကြိုးစားပြီး ဖြေရမယ်၊ ကြည့်စမ်း၊ ပျော့ညံ့လှချေ ကလား" ဟု အားတင်းစိတ်ထိန်းကာ တည်ငြိမ်အောင် ကြိုးစားနေတတ် ပြန်သည်။

ထိုနှစ်သည် ဆယ်တန်းစာသင်နှစ်ဖြစ်ပြီး နေ့စဉ်နှင့်အမျှ ကျောင်းမှာ တစ်ဝက်ခန့်နေရခြင်းသည် သူမ၏ကြီးမားသော စိတ်ထွက်ပေါက်တစ်ခု ဖြစ်သည်။ ကျောင်းကို ရောက်သွားပြီဆိုလျှင် သူမစိတ်တို့ အနည်းငယ် အေးချမ်းစွာ နေသာသွားစမြဲ။ အပေါင်းအဖော် သူငယ်ချင်းလည်း များများ မရှိဘဲ တစ်ဦးတည်းသော စကားပြောဖော်ကတော့ တန်ဖိုးရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်လိုလို ဝမ်းနည်းမှု တစ်ခုမဟုတ်တစ်ခု ကြုံတွေ့နေရသော သူမသည် မပြေလည်သော ခံစားမှုတို့ကို ဖွင့်အန်ပြနေရခြင်းအပေါ် သာယာသည်။

"ဒီမှာကြည့်စမ်း၊ ဒီနေ့ မေမေ့ကို စိတ်ဆိုးနေတာနဲ့ သနပ်ခါး တောင် လိမ်းမလာရဘူး၊ သိလား"

မျက်ရည်စီးချောင်း မခြောက်တတ်သေးသော မျက်နှာညိုကို သူ တစ်ချက်ငေးကြည့်သည်။ သူမကတော့ သူ့အငေးကို ရင်ခုန်နိုင်ခြင်းမရှိ ဘဲ ကိုယ့်အဖြစ်ကိုယ်သာ တွေးရင်းပို၍ ဝမ်းနည်းနေပြန်သည်။

"ငါလေ၊ သိပ်စိတ်ညစ်တာပဲ သိလား၊ မေမေနဲ့ ငါ ဘယ်တော့ မှ မတည့်ဘူး။ မေမေကလည်း ငါ့ကို အမြဲအပြစ်မြင်နေတာ။ ထိုင်·· ထိုင်နေပြန်ပြီ၊ ထ···ထပြန်ပြီ၊ မျက်စိဒေါက်ထောက်ကြည့်နေတာ။ ငါ အမြဲငိုနေရတယ်။ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ။ မေမေက ငါ့ကို လုံးဝ နားမလည်ဘူး"

"ဆရာမတစ်ယောက်က ပြောတယ်။ ဘယ်မိဘမှ ကိုယ့်သားသမီး စာကျက်တာကို မဆူဘူးတဲ့။ ငါ့အမေကတော့ ငါစာအုပ်ကိုင်တာနဲ့ ဆူတာ ပဲ။ ငါ့ကို တစ်ကိုယ်ကောင်းဆန်တယ်တဲ့။ ကိုယ့်အတွက်ပဲ သိတယ်တဲ့။ အလကားပါဟာ၊ မေမေက ငါကောင်းစားမှာမှ မမြင်ချင်တာ။ ကြည့်နေ ဒီလောက်ဖြစ်လှတာ တော်အောင်ကို လုပ်ပြမယ်"

ရင်ထဲတွင် လှိုက်လှိုက်ပြီး ဝမ်းနည်းလာတာကြောင့် စကားကို ဆက်မပြောနိုင်ဘဲ ရပ်ထားလိုက်ရပြန်သည်။ တစ်ဖက်ကပြန်ပြောသော စကားတွေကို သူမနားထဲ ကြားတစ်ချက် မကြားတစ်ချက်၊ ပြီးတော့မှ နားမလည်ဘဲ "ဟင်···ဘာလဲ···ဘာပြောတာလဲ"ဟု ပြန်မေးရသည်။

သူကတော့ တစ်ခါတစ်ခါ စိတ်ညစ်လွန်းစွာ ခေါင်းကုတ်ရင်း ပြန်ပြန်ပြောပြသည်။ သို့သော် ဘယ်နှကြိမ်ထပ်ပြောပြော ဒီဟာမဝင်စား သည်မို့ နားလည်ခြင်းမရှိဘဲ အင်း···အဲသာ လိုက်လုပ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်မဆောင်တတ်တာကြောင့် သူ ရိပ်မိချင် ရိပ်မိမှာပါပဲ။ ဒါပေမဲ့ သူ စိတ်ဆိုးမှာ သူမ မကြောက်။

နေ့စဉ်လိုလို ထိတ်လန့်ကြောက်ရွံ့နေတတ်သည်က ညနေ ကျောင်းဆင်း အိမ်ပြန်ရမှာကိုပဲဖြစ်သည်။ မိန်းကလေးမို့ ကျောင်းနဲ့အိမ် အပြင် ဘယ်မှသွားနေခွင့်မရတာကိုလည်း သူမ မုန်းတီးသည်။

"ငါသာ ယောကျ်ားလေးဖြစ်စမ်းကွာ၊ တစ်ခါတည်း အိမ်ကထွက် သွားပြီ"

တစ်ခါတစ်ခါတော့လည်း မေမေဟာ ငါ့ကိုချစ်တော့ ချစ်မှာပါ ဟု တွေးမိပြီးမှ ဘာကြောင့် ဒီလောက်စိတ်ညစ်စရာကောင်းအောင် လုပ်နေ မှန်း သူမ နားမလည်ပေ။ ခုတော့ မေမေ့ဒဏ်ကို လုံးဝသည်းမခံနိုင်တော့ မှန်း သေချာနေပြီ။ သူမ၏ ခံစားမှု နက်ရှိုင်းတာလည်း ပြစ်ချက်တစ်ခု ဖြစ်လိမ့်မည်။

တစ်နေ့တစ်နေ့ ညအိပ်ရာဝင်စဉ် ငါ ဘာတွေလုပ်ကိုင်ခဲ့သလဲဟု ပြန်ဆန်းစစ်ကြည့်တိုင်း ပုံသဏ္ဍာန်မှုမမှန်သော အစီအစဉ်မကျသည့် လုပ် ရပ်တို့အပေါ် သံသယဖြစ်မိ၏။ တကယ်ဆို သူမဟာ ဒီလောက် ပညာတတ် မြောက်ချင်လျက်နဲ့ စာသင်ချိန်မှာတောင် စကားတွေ အမှူ်မပြတ် ပြော နေတတ်တာဟာ ပထမဆုံး မှားယွင်းသည့် လုပ်ရပ်မဟုတ်ပေဘူးလား။ ပြီးတော့ သူတစ်ပါးပြောတာကျ တစ်ခုမှ နားထဲမဝင်ဘဲ ကိုယ်ကချည်း ကရားရေလွှတ်ပြောနေတတ်တာ၊ တစ်ခါတစ်ခါ မျက်ရည်လွယ်လွန်းပြီး ငိုသံစွတ် အသံအဖျားခိုက်တုန်သွားတာ ဒီကနေ့ ငါ သူ့ကို ဘာတွေများ ပြောမိပါလိမ့်ဟု ပြန်စဉ်းစားလို့ မရတတ်တာ ဒါတွေဟာလည်း လူသာမန် တစ်ဦး လုပ်ကိုင်နေကျ ပုံစံမှုမဟုတ်ဘဲ။

တစ်ခါတစ်ခါ စာသင်ခန်းထဲမှာတောင် အရှေ့ရေအိုးစင်မှာ ရေ သွားသောက်နိုင်ဖို့ အားတင်းကြိုးစား သတ္တိမွေးရတာ "ရေသွားလို့ပြီ



www.burmeseclassic.com

www.burmeseclassic.com



ရေဆာလှုပြီ နေရာက မထရဲဘူး" ဘာကြောင့် ဒီလောက်ကြောက်တတ်သလဲဆိုသည်ကို သူမ စဉ်းစား၍မရ။ လူများစွာရှိသည့်နေရာ လူစည်ကားရာတွေသို့လည်း ဘယ်တော့မှသွားဖို့ စိတ်မရဲ၊ အလှူပွဲမင်္ဂလာဆောင်ပွဲ သူမ ဘယ်တော့မှ လိုက်လေ့မရှိတတ်။ မျက်နှာက မလိုက်ချင်၍ မလိုက်သလို၊ ဟန်ဆောင်ပြောနေဖြစ်သော်လည်း စိတ်ထဲမှာက တစ်စုံတစ်ခု သိမ်ငယ်စိုးရွံ့သလို ခံစားနေရတာ သူမဘာသာ သူမသာသိသည်။ မတော်တဆ ရှယ်တူပျော်ရွှင်လှပသော မိန်းမပျိုလေးများဝိုင်းသို့ မျက်စိလည်လမ်းမှား ရောက်သွားခဲ့လျှင်လည်း သူမသည် နေရာမှ မလှုပ်ဝံ့အောင် ဘယ်နားမှာ နေရမှန်းမသိအောင် အားငယ်ဝမ်းနည်းကာ လက်ဖျားခြေဖျားများ အေးစက်၍ ချွေးတွေပျံနေတတ်သည်။ သို့သော် သူမမျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်မှုတို့ပေါ်နေမည် ထင်ပါသလား။ ထိုအချိန်မျိုးတွင် အံ့သြစရာကောင်းလောက်အောင် ဟန်ဆောင်ကောင်းနေတတ်ပြန်သည်။ စိတ်ကတော့ ညှိုးငယ်ခြင်းနှင့် အားတင်းခြင်းတို့ကြားတွင် လှုပ်ရှားယောက်ယက်ခတ်ကာ ပိုမိုပင်ပန်းရလေသည်။

အပြင်ဘန်း မြင်တွေ့နေကြသူများကတော့ သူမ၏စိတ်ကို နည်းနည်းမှ ရိပ်မိနိုင်မည် မထင်ပေ။ လမ်းထွက်တိုင်း အဖော်ခေါ်လေ့မရှိသော၊ ဘယ်သူ့စော်ကားတာမှ မခံဘူးဆိုသည့် ပုံစံ မျက်နှာထားတင်းသော ခပ်မော့မော့ ခပ်မတ်မတ်လျှောက်တတ်သောဟန်ပန်တို့သည် သူမ၏ အတွင်းစိတ်ကို လုံခြုံစေကြသည်။

ညဘက်ဆိုလျှင်လည်း ဘယ်လောက် မှောင်မည်းသိပ်သည်းနေပါစေ တစ်ဦးတည်း သွားရဲလာရဲ လုပ်ရဲကိုင်ရဲလေ့ရှိသည်။ အိမ်ရှိလူများသည် သူမကို များစွာအထင်ကြီးကြ၏။ ညတစ်ရေးနိုး အောက်ထပ်ဆင်းဖို့ဆိုလျှင် သူမကို ပြေးသတိရတတ်သည်။ သူမက မကြောက်တတ်သူတဲ့။

အမှန်တော့ သူမက ညကိုခင်တွယ်၍ နေ့ကိုရှဲ့သူ၊ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



နီးကြားထကြွသော နေ့အခါကို မှန်းတီးသူ၊ မနက်နေထွက်ပြီဆိုသည်နှင့် သူမစိတ်တို့ လေးလံညစ်ညူးမြ။ ဒီနေ့ ဘယ်သူတွေများ ငါ့ကိုကဲ့ရဲ့မလဲ၊ ဘယ်သူတွေကို ငါရင်ဆိုင်ရမှာလဲ၊ ဘယ်လိုနေရာမျိုးကိုများ ငါရောက်ရဦးမလဲ။

စိုးရိမ်မှုပေါင်းများစွာနှင့် သူမကမ္ဘာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကျဉ်းမြောင်းလာတာတော့ အမှန်ပါပဲ။

(၁၉၉၅ဝန်းကျင် နှင်းဆီမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

# “ ချစ်ပုရွှာအာဂမြေလေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ခြံရှေ့ကတွဲရာလမ်းမပေါ်သို့ လမ်းမီးရောင်မှိန်မှိန်ကျနေသည်။ ညဉ့်နက်လှပြီမို့ လမ်းပေါ်မှာ လူသွားလူလာ လုံးဝမရှိတော့။ လမ်းက တိတ်ဆိတ်နေသည်။ ငြိမ်သက်ခြောက်သွေ့ပြီး ဟာင်းလင်းကြီး ဖြစ်နေသည်။ လေအဝိုက်တွင် ဝေ့နေသည့် သစ်ပင်တို့၏အရိပ်များ၊ မိုးတိုးမတ်တတ် မာတတ်တိုင်တို့၏ အရိပ်များဖြင့် တည်ငြိမ်နေသည်။ ကားသံလူသံမကြားရ။ တီဗွီကာကဲဆက်သံ မကြားရ။ သစ်ရွက်လေတိုးသံကသာ တရှိက်မျှင်းမျှင်း ထွက်ပေါ်နေသည်။

ဝရန်တာမှာ ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေရင်း ချယ် နာကျည်းစွာ ပြုံးလိုက်သည်။ လောကကိုချစ်သော်လည်း မိမိကိုယ်မိမိ နာကျည်းသောအပြုံးဟုဆိုချင်က ဆိုနိုင်ပါသည်။ တစ်လောကလုံး ငြိမ်သက်နေသလို ကိုယ်လည်းငြိမ်သက်နားနေချင်စမ်းပါဘိဟု ချယ် တွေးသည်။ အမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



ချယ်သည် သူမ၏ နှစ်ယောက်အိပ်ခုတင်ပေါ်ရှိ မွေ့ရာထက်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသင့်ပြီ။

လက်မောင်းသားများ အေးစိမ့်လာသည်ကို ခံစားနေရင်း တေပေစွာ စီးကရက်ဆက်ဖွာနေလိုက်သည်။ ပြာမှုန့်တွေကို ခွက်ထဲခြွေမပစ်တဲ့ လေနှင့်အတူ လွင့်ချင်ရာလွင့်သွားရာသို့ ငေးကြည့်နေသည်။

ပြာခွက်ထဲမှာ စီးကရက်ဖင်စီခံတွေ မနည်းတော့။ ဒီနေ့သောက်တာတွေလား။ မနေ့က သောက်တာတွေလား။ မမှတ်မိတော့။ မှတ်မိတာက ဒီည တစ်ရေးမှမအိပ်ရသေးဘဲ စီးကရက်တွေ ထိုင်သောက်နေဖြစ်တာပဲ ဖြစ်သည်။

မှောင်အထဲမှာ ရဲရဲနီနေသော မီးစကလေးကို အသေအချာ စိုက်ကြည့်ရင်း ပိုမိုတပ်မက်လာမိသည်။ အသက်ရှင်နေပေမယ့် လှုပ်ရှားမှုလုံးဝမရှိသောကိုယ်နှင့် ခုအချိန်မှာ အဖော်အဖြစ် မီးကျည်ခဲလေးသာရှိပါသည်။ ဒါတောင် အဲဒီအဖော်ဖြစ်ပေါ်ဖို့ တစ်ခါတစ်ခါ မီးမငြိချင်ပါ။ အခုလို အထီးကျန်ညတွေမှာ အခိုးခုံးပေါ့။ ကိုယ်မညီရာဘဲ သူ့အလိုလို မီးစွဲပြီးသားဖြစ်နေပါက သိပ်ကောင်းမည်ဟု တွေးမိသော အကြိမ်ပေါင်း မနည်းလှ။

ကိုယ်က ကြိုးစားမှုရှိမည့် တစ်စုံတစ်ခုကို စိတ်အပျက်ဆုံး အငြိုးငွေ့ခုံး။

ကြီးမားစွာ စိတ်ကူးခဲ့သည်။ ရည်မှန်းချက်တွေက လမ်းဘေးရှိ ကျောက်စရစ်ခဲစများလို တစ်စစီပြန့်ကျဲသွားပါပြီ။ ဟိုတုန်းကလို ထုနဲ့ထည်နဲ့ ဖြစ်တည်ဖို့ ဘယ်လိုအရာမျိုးနှင့် ပြန်လည်ရရှိပါမည်နည်း။

ဘယ်တုန်းကမှ ကိုယ်လုပ်ခဲ့သည့်အလုပ်တစ်ခုကို မှားသွားသလေးဟု သံသယဖြစ်လေ့မရှိသော ချယ်သည် ခုနောက်ပိုင်း အချိန်တွေမှာ ကိုယ့်ကိုကိုယ် ဂုဏ်မယူနိုင်တော့တာ နှစ်ပေါင်းမည်မျှကြာပြီလဲ။

[illegible]

www.burmeseclassic.com



စိတ်မျက်ဝန်းအိမ်၏ ဝရန်တာထောင့်စွန်းမှာ ပိုင်ပိုင်။

ခပ်ညစ်ညစ် ဂျင်းအင်္ကျီ ဘောင်းဘီနှင့် သူပြုံးနေကျ မထီတရီသော အပြုံးကို ပြုံးနေ၏။

ခုတော့ သိပြီလားဟု မေးသယောင်။

ညာဘက်မျက်လုံးထောင့်မှာ မျက်ရည်စက်တစ်စက် အိတွဲကျ ဆင်းလာ၏။

ပြီးနောက် တစ်စက်・・・နောက် တစ်စက်ပြီး တစ်စက်။

ဟင့်အင်း・・・ပိုင်・・・

အဲဒီလို မကြည့်ပါနဲ့။ မကြည့်နဲ့ကွယ်။

ပိုင့်အပြုံးသည် လတ်ဆတ်စွာ ကြမ်းရှနေသည်။ ခြောက်သွေ့ အက်ကွဲနေသည်။

ဖုံးလွှမ်းထားသော ခပ်လုလုကတ္တီပါစ နောက်ကွယ်မှ ဘယ်လိုမှ ပြန်လည်လုပ်ယူလို့ မရနိုင်တော့သည့် ပေါက်ကွဲပျက်စီးမှုမျိုးကို မြင်နေ ရသည်။ မပြောရက် မပြောထွက်သော်လည်း အချိန်ကျလာသောကြောင့် ပြောရသည်။ မလုပ်ရက်ပေမယ့် လုပ်ဖို့ဖြစ်လာခဲ့သည်ပဲ။

"နင်・・・နင် လုံးဝမပြင်နိုင်တော့ဘူးလား"

သူ့အသံက နဂိုအသံအတိုင်း မဟုတ်။ ပူပြင်းလှသော ပေါက်ကွဲ မီးတောင်ထဲက ပွက်ပွက်ထနေသည့် ချော်ရည်တွေလို ခုန်ထွက်လာ သည်။ ထိုသို့မြင်ရကြားရတော့ ချယ်ရင်မှာ အတိုင်းအဆမဲ့စွာ နာကျင် ရ၏။

သို့သော် ဆုံးဖြတ်ချက်သည် ဆုံးဖြတ်ချက်သာဖြစ်သည်။ နလုံး သားနာကျင်ခံစားရခြင်းနှင့် ဆုံးဖြတ်ချက်တို့ ဘာမှမဆိုင်ပေ။

"ဟုတ်တယ်၊ ငါမပြင်တော့ဘူး"

ထိုသို့ ပြောလိုက်ဖို့ သိပ်ခက်ခဲမည်မဟုတ်ဟု အစကထင်ခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com


လည်း တကာယ်တမ်းပြောဖို့ ဖြစ်လာသောအခါ အတော်လေး အားစိုက်ရကြောင်း တွေ့ရသည်။ ကိုယ့်အသံကိုယ်မမှတ်မိ၊ အံ့အားသင့်ရ၏။

"ဟား...ဟား...ဟား ရယ်ရတယ်၊ ဟား...ဟား နင်က၊ နင်ကလေ ဟား...ဟား"

ရုတ်တရက် ချယ်ကြောင်သွားပြီး ပိုင့်ကို တစ်ခါမှမမြင်ဖူးသူလို စိုက်ကြည့်နေမိသည်။ ကြည့်နေရင်းမှ သူ့ရယ်သံအောက်တွင် ရောခန် ချယ်လဲကျတော့ မလိုလို။

"နင် ဘာရယ်တာလဲ၊ နင် ရယ်တာ ခချက်ချင်းရပ်လိုက်စမ်း ပိုင်။"

ပိုင့်မျက်နှာ တခဏနဲ့ ပြန်တည်ငြိမ်သွား၏။ မယုံနိုင်သော ကြည့်ခြင်းကို တွေ့ရသည်။ ပိုင့်မျက်နှာ အပြောင်းအလဲကို နမြောဝန်တိုလှစွာ ပြန်ကြည့်ရင်း အချိန်များများမရှိတော့ဘူးဟု သိနေသည်။

ချယ့်နှလုံးသွေးတွေဟာ အဲဒီအချိန်ကုန်ဆုံးချိန်မှာ နောက်ဆုံး လက်ကျန်တွေ ဖိတ်စင်ဆုံးရှုံးပြီး ခြောက်သွေ့အက်ကွဲနေတဲ့ နှလုံးသား ကလည်း မြေကြီးပေါ်မှာ ဝပ်ဝပ်ဆင်းတော့မှာပါ။ ခံစားချက်မဲ့မသွားအောင် စိတ်ရပ်တည်နိုင်အောင် အရင်းအနှီးနည်းနည်းနဲ့တော့ မရနိုင်ကြောင်း သိပါသည်။

"ကောင်းပြီလေ အမှတ်ရသွားတာပေါ့။ ဘယ်တော့မှ မေ့မယ် မဟုတ်တဲ့ အမှတ်တရပါပဲ။ ဒါပေမယ့် ငါတစ်ခုပြောမယ်။ ဘယ်အချိန်ဖြစ်ဖြစ် ဘယ်လောက်နှစ်တွေကြာကြာ နင့်ရဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြောင်းလဲချင်လာရင် ငါ့ဘက်က အမြဲအဆင်သင့်ပဲ"

ရင်ထဲမှာလှိုက်ခနဲ မူးမေ့မတတ်ဖြစ်သွား၏။ ကိုင်မိကိုင်ရာ နဘေးရှိ စက္ကူပန်းပင်ကိုင်းကို လှမ်းကိုင်လိုက်သည်။ အဆင်သင့်ပဲဆိုတဲ့စကား လေထုထဲမှာ လွင့်သွားသလို ချယ့်အပေါ်ထားရှိသည့် ပိုင့်အချစ်တွေ



www.burmeseclassic.com

နဘေးမှာ ပြန်ကျဲသွားပြီဟု ချယ်သိလိုက်သည်။

နင် ဘယ်လောက်ချစ်ခဲ့ရတယ်ဆိုတာ ငါသိပါတယ် ပိုင်။ ငါ့ရဲ့ အသည်းနှလုံးနဲ့ရင်းပြီး သိပါတယ်။ ငါတို့နှစ်ယောက် သိပ်...သိပ်ချစ်ခဲ့ကြပေမယ့်...။

ချာခနဲထွက်ခွာသွားသော ပိုင်သည် တစ်စုံတစ်ခု၏ စေ့ဆော်မှုကြောင့် နောက်သို့ပြန်လှည့်မိမည်ဆိုပါလျှင် ချယ်၏ မျက်ဝန်းအိမ်နှစ်ခုမှ အသံမဲ့စွာ ယိုစီးကျနေသော မျက်ရည်များကို တွေ့မြင်ရမည်ဖြစ်သည်။

သို့သော် ပိုင်လည်း ပြန်လှည့်မကြည့်သလို ချယ်ကလည်း သူမနှုတ်ခမ်းမှ ငိုရှိုက်သံ တစိုးတစိမှမထွက်ရန် ပြင်းထန်စွာ ဖိတ်ဆို့ထားပြီးဖြစ်ပါ၏။ တကယ်တော့ ချယ်တို့နှစ်ယောက်စလုံးသည် ခေါင်းမာလွန်းသူများ ဖြစ်ကြသည်။

ခေါင်းမာတာချင်းတူပေမယ့် ခေါင်းမာပုံ မာနည်းချင်းကတော့ တလွဲစီပါ။ ထိုသို့ တလွဲစီသော လူသားနှစ်ယောက် နှလုံးသား တစ်လမ်းထဲမှာမှ ဆုံမိရအောင် ဘယ်လိုကံကြမ္မာက ဖန်တီးပေးသလဲဟု တွေးစရာ။

ခဲတစ်လုံးကို နာကျည်းစွာ ဖိတ်ကန်လျက် ခပ်ပျက်ပျက် အမူအရာနဲ့ လျှောက်သွားသော ပိုင့်နောက်ကျောကို ဝေဝါးစွာကြည့်ရင်း တစ်ဖက်သို့ ငြိမ်းညင်းစွာ လှည့်လိုက်သည်။

ကျောခိုင်းကြပြီ။

တကယ့်ကို ကျောခိုင်းရပါပြီကွယ်။ ဒီလို ကျောခိုင်းရမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်ဆီကို မရောက်ရချင်လို့ စိုးရိမ်တကြီး ဟန့်တားခဲ့ပေမယ့် ဘာမှ အရာမထင်ခဲ့ဘူးလေ။

"ဒီမှာ ပိုင်၊ ဒီနေ့ ငါ နင့်ကို သိပ်အရေးကြီးတဲ့ စကားတစ်ခွန်းပြောစရာရှိတယ်။ ပထမဆုံးအကြိမ်ပေမယ့် နောက်ဆုံးအကြိမ်ပြောခြင်းပဲ ဖြစ်ချင်တယ်။ အချိန်တွေ အများကြီးရှိပါသေးတယ်လေ... နင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေါ့···အဲဒီစကားဟာ ဘာလဲဆိုတော့···"

အဲဒီစကားကို အခုအချိန်မှာ လုံးဝပြန်မတွေးချင်ပါ။ အဲဒီစကားမျိုး မပြောတတ်သူတစ်ယောက်ဖြစ်ခဲ့လျှင် ဘယ်လောက်ကောင်းမလဲဟု တောင့်တစွာ တွေးမိပြန်သည်။ ထိုစကားသည် ပိုင်နှင့်ချယ်ကို ခွဲခွာစေခဲ့သော စကားဖြစ်ပါသည်။

ပိုင်ကို ဘာကြောင့်ချစ်သလဲလို့ မေးလာလျှင် တိတိပပအဖြေ အဆင်သင့်မရှိပေမယ့် ပိုင့်ကို ချစ်တာကတော့ ချစ်ကိုချစ်တာ အမှန်ပဲ ဖြစ်သည်။ သို့သော် တကယ်တမ်းမှာ ပိုင်သည် တစ်စုံတစ်ယောက်၏ ချစ်ခြင်းနှင့် လုံးဝမထိုက်တန်သူသာ ဖြစ်သည်။

ကမ္ဘာပေါ်တွင် လုပ်ကောင်းသော အရာတို့များစွာရှိသည့်အနက် မလုပ်ကောင်းသည့်အရာတွေကိုမှ ရွေးချယ်လုပ်တတ်သူကို ပြပါဆိုလျှင် ပိုင့်ကိုသာ ပြရမည်ဖြစ်ပါသည်။ ဆွေမျိုးအသိုင်းအဝိုင်းကောင်းတွေကြားထဲ ဆင်းတောင့်ဆင်းရဲလည်း မနေရပါဘဲ ပုံပြင်ခုံးမသူတွေ ဒီလောက်များနေသည့်ကြားကမှ အချိန်ပြည့် မဟုတ်တရုတ်တွေ လုပ်နေနိုင်တာ အံ့စရာပါ။

"ငါတော့ နင့်ကို လက်မှုးခါတယ် ပိုင်။ ပြောရပေါင်းလည်း မရေနိုင်တော့ဘူး။ ပြောရလွန်းလို့ ပါးစပ်လည်း ပေါက်နေပြီ။ လူ့ဘဝဆိုတာ ခဏလေး၊ ဒီခဏလေးအတွင်းမှာ လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်း ကိုယ်ရေးကြရတာ။ ငါ့သမိုင်းမှာ နင်ဟာ လုံးဝအမည်းစက်တစ်ခုပဲ။ နင့်ကို ငါဘယ်လိုဖြစ်လို့ ရည်းစားအဖြစ် လက်ခံမိတယ်ဆိုတာ လုံးဝစဉ်းစားလို့ မရဘူး"

လေးနက်လွန်းလို့ ပင်လယ်ပြင်မှာသာဆို ဟိုးရေနက်ထဲ ရောက်ချင်ရောက်သွားမည်။ ပိုင်ကတော့ ဟိုက်ဒရိုဂျင်ထက်တောင် ပေါ့သေး။ ကျောက်တုံးခဲကြီးတောင်မှ ပိုင့်ရှေ့ရောက်ရင် စကြဝဠာထဲ မျောသွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်ထင်သည်။ အဲဒီလောက်တောင်မှ သူက အလကားလုပ်ပစ်နိုင်သူ။

"အဲဒီတော့ နင်က ဘယ်လိုလုပ်ချင်လို့လဲ။ ရတယ်လေ အချိန်မရွေးပဲ၊ ဒီမှာ နင်သိအောင်ပြောလိုက်မယ်၊ မိန်းမတစ်ယောက်ဟာ ငါ့ကိုယောဒီစီးကရက်ကလေး တစ်လိပ်လောက်တောင် စွဲဆောင်မှုမပေးနိုင်ဘူးသိလား"

ကဲ…ဘယ်လောက်များ နာကျည်းဖို့ ကောင်းလိုက်ပါသလဲ။ အလကားပဲ၊ အားလုံး အလကားပဲ။ နင့်အတွက်ပေးခဲ့တဲ့ ငါ့ရဲ့အချိန်တွေလည်း အလကားပဲ၊ ဒါပေမယ့် ငါ…ငါ နင့်ကို မထားခဲ့နိုင်ဘူး။

"အချစ်နဲ့ ဘဝဟာ တစ်ခြားစီပါလေ။ အဲဒီလိုပဲ ချစ်ခြင်းနဲ့ လက်ထပ်ခြင်းဟာ တစ်ထပ်တည်းကျဖို့ ဘယ်လိုမှ မလွယ်ကူနိုင်ဘူး။ ငါ နင့်ကို ချစ်တယ်။ သိပ်ချစ်တယ်၊ နင်လည်း သိပါတယ်။ ငါ့လောက်မှ ဘဝကိုတန်ဖိုးမထားတတ်တဲ့ လူယောကျ်ားတစ်ယောက်ကို အိမ်ဦးခန်းမှာ ထားပြီး မပြုစုနိုင်ဘူး။ ဘဝမှာ ရင်ဆိုင်ရမယ့်ပြဿနာတွေကို အဲဒီလူနဲ့ ဘယ်လိုညှိနှိုင်းမလဲ။ နင့်ကို ငါပေးထားတဲ့အချစ်တွေ လုံလောက်ပြီလို့ ထင်ပါတယ်နော်"

မမေ့နိုင်ပါ။ ဘယ်တော့မှ မေ့ပျောက်နိုင်မည် မဟုတ်ပါ။ လက်မခံနိုင်တဲ့ မျက်နှာနဲ့ အံ့ဩတကြီးပွင့်ဟသွားတဲ့ နှုတ်ခမ်းတို့ကြောင့် နာကျင်လိုက်လှဲနေခဲ့ပါ။ တစ်သက်စာ သိမ်းဆည်းသွားဖို့ တရားမဲ့ မွေးမြူလိုက်ကြခဲ့တာတွေ ခုထိတိုင် လတ်ဆတ်စွာ ခံစားနေရဆဲပါလေ။

နင့်နင့်သီးသီး ချစ်မိတဲ့အချစ်တစ်ခုမှာ ရမက်ဆန္ဒတွေ ရက်ရက်ရောရော ပါဝင်နေခဲ့တာတွေရှိသော်လည်း ကိုယ့်ဆုံးဖြတ်ချက်အတွက် ကိုယ်ခေါင်းမာနေခဲ့သည်။

ဖေဖေ၏ မြဲဆင့်ချယ် ပလပ်စတစ်လုပ်ငန်းအပေါ် ချယ် စိတ်ဝင်စားမှုမရှိခဲ့ပါလျှင် ချယ်နှင့် ကိုမျိုးခင် တွေ့ဖြစ်ကြမည်မထင်ပေ။ ဒေါ



www.burmeseclassic.com

www.burmeseclassic.com



ရာကို နားလည်ကျွမ်းကျင်လိုသော ဆန္ဒကြောင့် ချယ်သည် မေမေပိုင် မြခင့်ချယ် ရွှေဆိုင်ကိုသာမကဘဲ ဖေဖေ့လုပ်ငန်းတွင်ပါ ကူးချည်သန်းချည်လုပ်ကိုင်နေခဲ့သည်။ လုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သော ကော်စေ့ကို ကိုမျိုးခင်ထံမှ ဖေဖေက ဝယ်ယူတင်သွင်းရာမှ ထိုလူနှင့်ချယ် ခင်မင်ရင်းနှီးရသည်။ ပိုင်နှင့် လုံးလုံးဆန့်ကျင်စွာ ခြားနားသူတစ်ဦးဟု သိမှတ်ရုံကလွဲပြီး မိတ်ဆွေအဆင့်ထက် စိတ်ထဲနည်းနည်းမှ မပိုခဲ့ပါ။

တစ်နေ့မှာတော့ စက်ရုံရှိ ဖေဖေထိုင်နေကျ အလုပ်စားပွဲတွင် ချယ်ထိုင်နေဆဲ ကိုမျိုးခင် ငွေစာရင်းရှင်းရန် ရောက်လာသည်။ စာရင်းအတိုင်း ငွေရှင်းပြီးနောက် အအေးသောက်နေသော သူသည် ချယ့်ကို မေးခွန်းတစ်ခုကောက်ကာငင်ကာ မေးသည်။

"မြခင့်ချယ်ရဲ့ အိမ်ထောင်ဖက်ကို ဘယ်လိုလူမျိုးထဲက ရွေးချယ်မယ်ဆိုတဲ့ စိတ်ကူးမျိုးရှိတယ်ဆိုရင် ကျွန်တော် သိပါရစေလား"

ချယ် သူမျက်နှာကို စေ့စေ့ကြည့်ကာ···

"ဘယ်သူ့အတွက်မေးတာလဲ ကိုမျိုးခင်"

မျက်နှာလွှဲထားသော သူက အနည်းငယ်ပြုံးလျက်။

"သူများအတွက် မဟုတ်ပါဘူးဗျာ"

"သူများအတွက် မဟုတ်ဘူးဆိုတော့ ကာယကံရှင် ကိုယ်တိုင်အတွက်လား"

မေးခွန်း၏အဖြေကို သူမျက်လုံးတွင် အချိန်ကြာမြင့်စွာ စစ်ဆေးပြီးမှ ခေါင်းညိတ်လိုက်ကာ

"ကောင်းပြီလေ။ ချယ် စဉ်းစားတဲ့အခါ ထည့်စဉ်းစားပါ့မယ်"

တကယ်တော့ ကိုမျိုးခင်နှင့် စကားပြောဖြစ်သည်မှာ ချယ့်အတွက် ချစ်စကားမဟုတ်ခဲ့ပါ။ မျိုးရိုးဗီဇအစွန်းရှည် တည်တံ့ခိုင်မြဲရေးအတွက် သားသမီးတို့ ဆောင်ရွက်အပ်သော တာဝန်တစ်ခုကို လုပ်ဆောင်ခြင်းဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါသည်။

ချစ်သောပိုင်နှင့် လမ်းခွဲဖို့အရေးကိုသာ ရင်လေးနေမိသည်။ ပိုင်သာ ဆိုးဆိုးဝါးဝါးပျက်ဆီးမနေပါလျှင် အခြားတစ်ပါးသူ အစားထိုးဖို့ လုံးဝ စိတ်ကူးမည်မဟုတ်ပါ။ ငါးနှစ်ဆိုသော အချိန်ကာလသည် လူတစ်ယောက်အတွက် လုံလောက်သင့်ပြီ ထင်ပါသည်။

ညဘက် မအိပ်ဖြစ်တာတွေနှင့် စိတ်ဆင်းရဲရတာတွေ ရင်မှာ မြိုသိပ်ကန့်လန့်ကာချ။ မနက်မိုးလင်းတော့ မျက်နှာကို ပေါင်ဒါဖို့ နှုတ်ခမ်းနီဆိုးပြီး စက်ရုံသွားရသည်သာ။ အတိတ်နှင့် ပစ္စုပ္ပန်ကို အသေးအမွှားကိစ္စလေးကအစ အမြဲချိန်ထိုးနေတတ်သူမို့ အချိန်ကလေး တစ်ချိန်သော်မှ စိတ်ထင်ရာမလုပ်ဖြစ်။ ဂုဏ်သိက္ခာက ချယ့်ကို ချည်နှောင်လွန်းပါသည်။ ထို့ကြောင့်လည်း မကြာခဏဆိုသလို မိမိကိုယ်မိမိ နှစ်သက်မြတ်နိုးရသလို မုန်းတီးစက်ဆုပ်ခြင်းမက မုန်းတီးရသည်လည်းရှိ၏။ ဒီအဖြစ်တွေ ပိုင်သိရင် ခနဲ့သလို လှောင်သလို ရယ်မှာပဲဟု တွေးမိတိုင်း ယူကျုံးမရခြင်းတို့ ဖြစ်မိသည်။ နောက်ဆုံးလမ်းခွဲပြီးကတည်းက ချယ့်ဘဝထဲက ပိုင်ပျောက်သွားတာ ကြာခဲ့ပြီ။ သူ့ကို အနှစ်နာခံ ခွင့်လွှတ်နိုင်သူ တစ်စုံတစ်ယောက်နှင့် လက်ထပ်ပြီးချင်လည်း ပြီးလောက်ပြီ။ တစ်ကြိမ်တစ်ခါက ချစ်ခဲ့ဖူးသော ချယ့်ကို မေ့မည်ဆိုမေ့လောက်ပါပြီလေ။

ပိုင့်အကြောင်းတွေးနေရာမှ စိတ်တို့ကိုလျှော့ချလိုက်သည်။ စီးပွားရေးဘဏ်အဆောက်အအုံရှေ့ ကားရပ်ရန်နေရာကို ရှာဖွေပြီး ကားရပ်ဖို့ နောက်သို့လှည့်ကြည့်လိုက်၏။ အကျီအဖြူရောင် ရှပ်လက်တိုဝတ်ထားသူတစ်ယောက် တံခါးနဘေးမှာ ပေါ်လာသည်။

"တစ်စီးလုံးဝင်မှာ မဟုတ်ဘူးဗျ။ နောက်ပိုင်းလောက်ပဲထိုးထား"

သူ့အသံက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ ချယ် ကိုယ်တိုင်လည်း ထိုသူကို စူးစိုက်ကြည့်လိုက်မိ၏။ ကျင်စက်နှင့် တို့လိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးတို့ တဆတ်ဆတ်ခါသွားသည်။ တစ်ဦးကိုတစ်ဦး မျက်တောင်မခတ်စတမ်း ငေးကြည့်နေမိကြသည်။

"ချယ်"

ဟင့်အင်း...မတွေ့ချင်ဘူး။ မတွေ့ပါရစေနဲ့ကွယ်။ ချယ် ခေါင်းခါလိုက်သည်။ သို့သော် ခေါင်းက လှုပ်မှလှုပ်သွားရဲ့လား မပြောတတ်ပေ။

နေရောင်ကွယ်သော ရောင်ရှေ့ကိုင်းမျက်မှန်ကို မျက်ဝန်းမှခွာ၍ သူကြည့်ပြန်သည်။ နှုတ်မှလည်း...

"ကိုယ်လေး၊ ကိုယ့်ကို မမှတ်မိဘူးလား"တဲ့။

"ဟင့်အင်း...ဟင့်အင်း ဗိုင်"

သို့သော် တကယ်တမ်းကျတော့ အင်မတန်ပြောင်းလဲသွားသော ဗိုင့်ကို စက္ကန့်မလွတ်တမ်း သတိလက်လွတ်ငေးကြည့်နေမိသည်။ ဆေးသုံးသူ၏ ပိန်ကပ်ကပ် အသားအရေမျိုးမဟုတ်တော့ဘဲ လတ်ဆတ်ဝင်းစို၍ ကျန်းမာနေသော သူသည် အင်မတန်ပြောင်းလဲသွားပြီဖြစ်သည်။

"ဗိုင်"

ချယ့်နှုတ်ခမ်းလေး ပွင့်ဟသွားသောအခါ လိုချင်တာရသွားသောကလေးတစ်ယောက်၏ အပြုံးမျိုး သူပြုံးသည်။

"တို့နှစ်ယောက်ကွဲနေတာ ငါးနှစ်ကျော်ပြီနော်။ ချယ်တစ်ယောက်တည်းလား"

ကားပေါ်မှ ဆင်းစေလိုလို့ထင်သည်။ ကားတံခါးရွက်တို့ သူ့လက်ထဲတွင် ပွင့်ဟသွားကြ၏။

အိမ်ထောင်နှင့် အဆင်မပြေသူ တစ်ယောက်သည် အချစ်ဦးနှင့် တစ်ခါပြန်အတွေ့မှာ ကတိမ်းကပါး မဖြစ်သင့်ဘူးဟု ခေါင်းထဲမှာ သိနေသည်။ ခုအချိန်မှာ ဇာတ်လမ်းတစ်ခုတစ်ချဖြစ်တော့မည့် ဘယ်လိုနည်း

www.burmeseclassic.com



နင့်မှ မဖြစ်ချင်ပေ။

"ဟင့်အင်း၊ မဟုတ်ဘူး"

ကယောင်ကတမ်း ဖြေလိုက်ခြင်းကြောင့် မိရိုးမည်မဟုတ်သော်လည်း ပိုင်က

"ဒါဆိုလည်း တွေ့ရတာပေါ့၊ ကိုယ် သူ့ကို မမှတ်မိဘူး ချယ်"

တွေ့လို့လည်း မှတ်မိစရာမရှိပါဘူး ပိုင်ရယ်။ ကိုမျိုးခင်ဟာ ချယ်စိတ်ကြိုက်ရွေးထားတဲ့ အိမ်ထောင်ဖက်ဆိုတာ ဘယ်လိုကျိန်တွယ်ပြောဆိုမှုမျိုးနဲ့မှ ယုံနိုင်မှာမဟုတ်ပါဘူးဟု ချယ်ပြောပြချင်သမျှ မျိုချပစ်နေရသည်။

ဒီတစ်ခုတည်းလား ဘယ်ဟုတ်ရမှာလဲ ပိုင်ရယ်။ နောက်တစ်ခုကိုလည်း ကိုယ်အတင်းမျိုချပစ်နေရတာပဲ။ အဲဒါ ဘာလဲ သိလားဟင်။ မျက်ဝန်းကြည်ထဲမှာ ကြိုးစွန်းလေးတစ်စ ဖော်ပေးလိုက်တာနဲ့ မင်းသိသွားမယ့် အရာပါကွယ်။

လှုပ်ရှားမှုအရာအားလုံး၌ တွယ်တာမျှော်လင့်လိုခြင်းများ အရိပ်ကလေးမျှ မပါရှိအောင် ကြိုးစားထိန်းချုပ်ရမည်ဟု နားလည်လိုက်သည်။

"ပိုင်ရော ဘယ်ကိုလာတာလဲ၊ ဘာတွေလုပ်နေလဲ၊ ပိုင် ကြည့်ရတာ ကျန်းမာတဲ့ပုံပဲနော်"

ထွက်မယ့်ထွက်တော့လည်း မေးခွန်းတွေက ဆက်တိုက်ထွက်ဖြစ်သွားတာမဆန်း။ ဆန်းတာက ပိုင့်မျက်နှာပေါ်မှ နှုတ်ခမ်းသားများ၏ လတ်ဆတ်ချိုမြသော အပြုံးဖြစ်သည်။ ထိုအပြုံးက ချယ့်ရင်ကို ပိုမိုထိခိုက်စေပါသည်။

"ကိုယ် မင်းကို ပြောစရာတွေ အများကြီးရှိတယ် ချယ်၊ ပြီးတော့ ကျေးဇူးတင်စရာတွေလည်း ရှိနေတယ်"

အနည်းငယ် စိတ်လွတ်လပ်ပေါ့ပါးစွာ ရယ်မြစ်သည်။ ပိုင့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ရင်းသိလို စိတ်လည်းပါဝင်စွာ…

"ဘာလဲ ကေနွ ပိုင့်မှာ အိမ်ထောင်ဖက်ကောင်း တွေ့နေပြီထင်တယ် ဟုတ်လား"

မဟုတ်ပါ။ လုံးဝမဟုတ်ပါ။ ကိုယ့်လိုပဲ လူ့ဘဝအစ လမ်းမပေါ် ရောက်နေပြီဟု ရာနှုန်းပြည့်ထင်မှတ်၍ မေးမိခြင်းဖြစ်သည်။ ရေနွေးမှ တစ်ခွက်ဖြင့် အပေက်ခံလိုက်ရသလို ပိုင့်မျက်နှာက အပြုံးသည် ရုတ်ချည်း ပျောက်ကွယ်သွား၏။ ပြီးနောက် ချယ် နားမလည်နိုင်သော စကားများကို သူ့မျက်ဝန်းထဲမှာ တွေ့ရသည်။

"အိမ်ထောင်ဖက်ကောင်း တစ်ယောက်ဟာ ငါ့အတွက် အရေးမပါပါဘူး ချယ်၊ ငါ့အတွက် အရေးပါတာ နင်သိပါတယ်"

ချယ်သည် ပိုင့်မျက်နှာကို နောက်ကာလအချိန်တွေအတွက် သိမ်းဆည်းထားဖို့ အမှတ်တရကြည့်နေ၏။

"ကဲလေ၊ ဒါတွေထားစမ်းပါ။ ကြုံတုန်းခုံတုန်း ဝမ်းသာစရာတွေပဲ ပြောကြရအောင်၊ ငါ နင့်ကို တွေ့ချင်နေတာကြာပြီသိလား။ ဘာဖြစ်လို့လဲဆိုတော့ နင်သိပ်ဖြစ်စေချင်တဲ့ လူကောင်းတစ်ယောက် ငါ အခု ဖြစ်နေပြီလေ၊ နင် ဝမ်းသာမယ် မဟုတ်လား ချယ်"

ချယ် ခေါင်းကို ခပ်အေးအေးသာ ညိတ်ပြလိုက်သည်။ ရင်ထဲမှာ ငိုကြွေးနေကြောင်း ပိုင်သိလိမ့်မည် မဟုတ်ပါ။

"အဲဒါ ဘယ်သူ့ကြောင့်လဲ သိလား"

"ဟင့်အင်း"

"အဲဒါ နင့်ကြောင့်လေ။ နင် ငါ့ကို ခွဲသွားချိန်ကစပြီး ငါ့ကိုယ်ငါ ကောင်းအောင်ကြိုးစားနေဖြစ်တယ်"

ငါ စွန့်ရက်ပြီးနပ်တယ်လို့ နင်ဆိုလိုတာလား ပိုင်ရယ်၊ ဟင့်အင်း အဲဒီလို မဆိုလိုပါနဲ့၊ ပြင်လိုက်စမ်းပါ။ ပြန်ပြင်ပြောလိုက်စမ်းပါ။ တစ်ခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ကြောင့် နှင်ပြောင်းလဲသွားတာလို့လေ။

မဖြစ်နိုင်ဘူး၊ ဘယ်လိုနည်းနဲ့မှ ဒီကိစ္စမဖြစ်နိုင်ဘူးဟု ဦးနှောက်က နလုံးသားကို တတွတ်တွတ်ပြောဆိုရင်း ကားက စက်ရုံကိုရောက်လာသည်။ စက်ကိုသတ်ပြီး ချက်ချင်းမဆင်းဖြစ်။ ပိုင့်စကား ပိုင့်အကြည့်တို့ကို ခွဲခြမ်းစိတ်ဖြာနေမိပြန်သည်။ လွဲမှားစွာ ရွေးချယ်ခဲ့သောဘဝကို ဘယ်လိုမျက်နှာပြောင်းနှင့် ပြောင်းလဲလို့ဖြစ်နိုင်တော့မှာလဲ။ ဖြစ်နိုင်ချင်ဦးတော့ ဘယ်တော့မှ ဖြစ်ကိုမဖြစ်စေရဘူး။ အထူးသဖြင့် ချယ့်ဘဝမှာ လုံးဝမဖြစ်စေရဘူး။

"ပိုင်၊ သစ်ထွင်းပန်းပု"တဲ့။

ရုံးလိပ်စာ၊ အိမ်လိပ်စာ၊ ဖုန်းနံပါတ်တို့ အစုံအလင်ရေးသားထားသော ကဒ်ပြားအဖြူရောင်ကို လှမ်းယူလိုက်သည်။ ကားထဲမှာ အ...အဆင်သင့်ရှိနေသည့် ဂုတ်စ်မီးခြစ်ခလုပ်ကို နှိပ်လိုက်သည်။ မီးတောက...အဝါရောင်ကို တုန်လှုပ်စွာကြည့်ရင်း ရှိုရှမှာနမြောတွန့်တိုနေမိ၏။

"မမ၊ မမချယ် ကိုမျိုးခင် ကားမှောက်လို့ ဆေးရုံရောက်နေတယ်တဲ့ ခုပဲ ဖုန်းလာတယ်၊ မမကို စောင့်နေတာ"

မန်နေဂျာအဖြစ် ဝင်လုပ်နေသူ မောင်စန်းဦးက ထွက်လာရင်း ပြောသည်။ အကြောင်းအရာကို ပီသစွာကြားလိုက်သော်လည်း စိတ်တို့က အမိပ္ပါယ်မဲ့နေသည်။ ဒီသတင်းက ချယ့်ကို မည်သို့မျှ မဖြစ်စေပါ။

"ကိုကြီးက အရက်တွေ တော်တော်မူးနေတယ်လို့ ပြောတယ်၊ ဒဏ်ရာလည်းပြင်းတယ်တဲ့ မမချယ်၊ ကျွန်တော်တို့ အမြန်လိုက်သွားမှ ထင်တယ်"

ချယ် သူ့ကိုကြောင်ကြည့်နေလိုက်သည်။ သူကလည်း နားမလည်နိုင်စွာ ပြန်ငေးကြည့်နေ၏။

"ဒါ သူ့ဖြစ်နေကျ ကိစ္စတစ်ခုပဲဟာ၊ ဘာထူးဆန်းလို့လဲ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



သွားချင်ရင် ကားယူသွား"

တစ်အိမ်တည်းမှာနေလျက် လားရာမတူသူနှစ်ဦး၏ ဆက်ဆံမှုတို့မှာ မည်သို့မှညှိ၍ ရနိုင်မည်မဟုတ်ပါ။ လားရာတူသည်ဟု ယူဆသဖြင့် လက်တွဲခဲ့သော်လည်း လက်တွဲကာမှ တူညီသော လျှပ်စစ်နှစ်ခုလို ပေါင်းစည်း၍မရနိုင်ဘဲ တခြားစီဆန့်ကျင်ရာ လွင့်သွားတာကတော့···

တွက်နည်းမှန်ပေမယ့် အဖြေမထွက်တဲ့ ပုစ္ဆာတစ်ခုလို့ပဲ ချယ်ထင်မိပါသည်။

(၁၉၉၆ ချယ်ရီမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

“ ငြိမ်းချမ်းကျော

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကိုကို သူမကို စမြင်လိုက်ကာစဦးအခါက သူမ စိတ်တွေသည် ရိုးသားနွမ်းပါးသော ရွယ်တူကောင်လေးတစ်ယောက်ထံတွင် စူးဝင်နှစ်မျော်နေသည်။ "မောင်"ဟုခေါ်ချင်သည့် ထိုကောင်လေးကိုတော့ သူမက စမြင်ပြီး သုံးလေးရက်အကြာမှာ စွဲလမ်းခင်မင်သွား၏။ မာနထားသူပီပီ မောင်က မသိယောင်ဆောင် တင်းမာနေတော့ သူမစိတ်တွေ ဝမ်းနည်းကြေကွဲသွားရသည်။

ရည်းစားမထားဘူးပေမယ့် မေတ္တာသက်ဝင်ခြင်းသဘောကို မခံစားနိုင်သော သူမသည် မောင့်လှုပ်ရှားမှုတို့ကို ငေးစိုက်ကြည့်ရင်း မောင့်အလုပ်တွေကို ကူလုပ်ပေးရင်း ပျော်ရွှင်နှစ်သိမ့်နေရသည်။ တာဝန်တူ၊ အလုပ်တူတာကြောင့် နေ့စဉ်အတူရှိနေသည့် အခွင့်အရေးကို သူမက ဆုလာဘ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပမာ အောက်မေ့ကာ ရှင်မြူးတက်ကြွစွာ လှုပ်ရှားသည်။

အစစအရာရာ မောင့်ထက် ပိုမိုမြင့်မားသော သူမက ခင်မင်ရင်းနှီးမှုကို ရဲဝံ့စွာပင် လက်ကမ်းပေးဖြစ်သည်။ လုပ်မှုနှင့် ဣန္ဒြေရှိမှုတို့ကြောင့် ဂုဏ်သတင်းကျော်စောတဲ့ သူမကို မောင်သည် အထင်မသေးရဲသလို လွယ်လွယ်လည်း လက်မတွဲရဲရှာပါ။ အမြဲတမ်းအားငယ်ပြီး "မတို့က ပြည့်စုံပြီးသားပါ" ဆိုသည့် စကားကို မကြာမကြာပြောတတ်မြဲ။

တခြားမိန်းကလေးတွေ ငွေမမက်ဘူး၊ ဂုဏ်မမက်ဘူးဆိုတာ တကယ်ဟုတ်မဟုတ် မသေချာပေမယ့် "လေးတန်းနဲ့ ကျောင်းထွက်ခဲ့တယ်" ဟု ရိုးသားစွာ ဝန်ခံထားတဲ့ မောင့်ကိုတော့ တကယ်လက်မတွဲရဲ၊ အဝတ်အစားကို သပ်ယပ်စွာဝတ်တတ်သူ၊ လက်ဖျံတွင် မွေးညှင်းနုများ သိပ်လှပေမယ့် ဒီချစ်သူဟာ ဆယ်တန်းလောက်တော့ အောင်ခဲ့ဖို့ကောင်းတာဟု သူမတောင့်တမိသည်။

"ကျွန်တော် ဆယ်တန်းဖြေဖို့ ကြိုးစားနေပါတယ်" ဟု သူ လိမ်ပြောလည်း သိမှာမဟုတ်ဘဲ အမှန်အတိုင်းဝန်ခံတော့ သူမချစ်ဖို့ စိတ်မရဲတော့။ ဒီလိုမရဲတဲ့စိတ်နဲ့တောင် အဆုံးစွန်ဆုံးအထိ မောင့်ကို သူမ ချစ်မိသေးသည်။

မနက်(၇)နာရီမှ ညနေ(၄)နာရီအထိ နှစ်ယောက်အတူ ရှိနေခွင့်ရတဲ့အတွက် သူမဟာ မနက်မိုးလင်းတာနဲ့ မောင့်မျက်နှာမြင်ရခြင်းကြောင့် စိတ်ပျော်ရွှင်မှုကို အပြည့်အဝခံစားရသည်။ ပြည့်ဖြိုးဖောင်းကြွပြီး ကြည့်လို့ သိပ်လှတဲ့လက်များနဲ့ အားကြိုးမာန်တက် အလုပ်လုပ်နေတာ တွေ့ရသော အခါ ဘယ်လိုမှ မငြိမ်းကျူးဘဲ မနေနိုင်။ ယောက်ျားလေးတစ်ယောက်ရဲ့ လက်ဖျံပေါ်မှအလှကို မောင်သည်အပြည့်အဝ ပိုင်ဆိုင်ထားသည်။

တစ်ဖက်က ဘာမှမဆွဲဆောင်ဘဲ သူမဘာသာ သိပ်ခံစားနေရတာ မို့ ဒီပြဿနာကို စခဲ့သူ (၁)တရားခံကတော့ သူမသာ။ သို့သော် အနာခံ



www.burmeseclassic.com

www.burmeseclassic.com



လို မောင်ကတော့ မပြစ်မမြင်ကြောင်း သူ့မျက်လုံးများက သက်သေခံနေကြသည်။ ဒါကြောင့်လည်း ခုချိန်မှာ မောင့်ကို တစ်နေရာရာမှာ ပြန်တွေ့ရမယ်ဆိုရင် တောင်းပန်ခြင်းကို ပထမဆုံးလုပ်ရဦးမည်။ သူမ၏သိက္ခာကို သူမထက် ပိုတန်ဖိုးထားခဲ့တဲ့အတွက် နောက်ထပ်ချစ်သူ ဘယ်နှစ်ယောက်တွေ့တွေ့ မောင့်ကိုတော့ အမြဲသတိရနေမိမှာ အမှန်ပါပဲ။

မောင့်ကို တကယ်နှစ်နှစ်ကာကာချစ်ခဲ့တာပါ မောင်ရယ်။

စမြင်ပြီး တစ်ပတ်လောက်အကြာမှာ သူမလို အချောအလှနဲ့ တကွ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတဲ့သူ့ကို သူမကစပြီး အရည်ပျော်တော့သည်။ ဝေယျာဝစ္စပြုစုပေးချင်စိတ်တို့ကို "ငါ့မောင်လေးအရွယ်ပဲ၊ ဘာမှမဖြစ်ပါဘူး"ဆိုသည့်စိတ်နှင့် သူမစတင်မှားတော့သည်။ အိမ်ပြန်ရောက်ပြီး အိပ်ရာဝင်ချိန်အထိ သတိရနေတော့ "ချစ်မိသူတစ်ယောက်ကို ဒီလိုပြုစုခွင့်ရတာဟာ နည်းတဲ့ကုသိုလ်မဟုတ်ဘူး"ဟု ဒဂနှစ်အရွယ် သူမသည် သူမစိတ်ကို အလိုလိုက်မိပြန်သည်။

ထမင်းချိန် ထမင်း၊ ရေချိန် ရေ၊ ဂရုစိုက်လွန်းတဲ့ သူမကို သာမန်မိန်းကလေးနဲ့ ယောက်ျားလေးဆက်ဆံရေးထက် ကျော်လွန်ကြောင်း သူသတိထားမိပေမယ့် ပြန်ပြီးအခွင့်အရေးမယူပေ။ သူမကလည်း ဒီကိစ္စလေးကိုမှ လုပ်ပေးခွင့်မရလျှင် ဘယ်လိုမှနေလို့မရအောင် ခံစားရသည်။ ဘာမျှော်လင့်ချက်မှမပါဘဲ ကိုယ့်စိတ်ဖြေခြင်းတစ်ခုနှင့် ဒါတွေလိုက်လုပ်ပေးနေမှန်း သိသောအခါ နှလုံးသားရှိသူ မောင်ကလည်း ဘယ်လိုမှ မနေနိုင်တော့။

နှုတ်က ဖွင့်ဟမပြောပေမယ့် စိတ်ချင်းပွင့်လင်းစွာ ချစ်မိနေသော သူတို့ကို ချစ်သူများဟု အမိပွါယ်ဖွင့်မည်ဆိုလျှင် သူတို့နှစ်ယောက်လည်း ချစ်သူတွေကြားမှ ချစ်သူတွေများပင်။ မောင့်မျက်လုံးအိမ်များချိုင့်ဝင်ကာ မျက်လုံးတွေနီနေပြီး နာချေသည့်နေ့ကဆို သူဘယ်လိုမှ နေလို့မရ။



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ စေ့စေ့စပ်စပ်ကြည့်ပြီး ပြုစုယုယပေးချင်စိတ်က ရင်နှင့် အပြည့်။

"နေမကောင်းဘူး မဟုတ်လား။ ဆေးသောက်လိုက်ပါလား"

သူမကို စူးစိုက်ကြည့်ပြီး မလှုပ်သည့်အတွက် အားမလိုအားမရ ဖြစ်လာသည်။ ယောက်ျားလေးတစ်ယောက်အပေါ် သိပ်စေတနာ ရေစီးကမ်းပြိုနေတာကြောင့် ရှက်မိပေမယ့် အသာစီးရနေသူမို့ သိပ်တော့ထိန်းမနေဖြစ်။ မောင်ကလည်း သူမကို မကဲ့ရဲ့တာကြောင့် ပိုအတင့်ရဲတာဖြစ်မည်။

"နော်"

သွက်လက်စွာပင် သူမ ဆေးပုလင်းဖွင့်ပြီး စက္ကူတစ်ခုခံကာ အမှုန့်ကြိတ်ပစ်လိုက်၏။ ရေခပ်ပေးပြီးချိန်တွင် အစာမရှိဘဲ ဆေးတိုက်ရသည့်အတွက် စိတ်မှာမကောင်း။ ခုချိန်မှာ မုန့်သာအဆင်သင့်ရှိလျှင် မောင့်ကို အတင်းကျွေးမိမှာ အမှန်။

တစ်သက်မှာ တစ်ယောက်တော့ ချစ်မိကြမှာပဲ မဟုတ်လား။ ဆင်းရဲလွန်းလို့ လက်မတွဲဝံ့ပေမယ့် စိတ်ဖြေသိမ့်ရုံလောက် ချစ်တာတော့ ဘဝမှုပြစ်ချက်ရှိလိမ့်မည်မဟုတ်ဟု သူမ ယုံကြည်သည်။ ဒီလိုမှ မဟုတ်ဘဲ သိပ်ချုပ်တည်းနေရလျှင် အိမ်အပြန်မျက်နှာ ပင်ပန်းနွမ်းနယ်ခြင်း၊ မကျေနပ်ခြင်းတွေနဲ့ ဘာကိုမှ အလိုမကျနိုင်ဘဲ ဖြစ်နေမှာ။

ခုတော့ ကိုယ့်ချစ်သူနဲ့ သန့်သန့်လေး လက်ဖျားချင်းတောင်မထိဘဲ စိတ်ဆန္ဒရှိတာလေးတွေ လုပ်ပေးရုံနဲ့ မြင်သမျှအရာအားလုံးကို သူမ အပြုံးနဲ့ ကြည့်နိုင်သည်။

သူမက ချစ်သူမျက်နှာကို အချိန်အားတိုင်း တစိမ့်စိမ့်ကြည့် ပီတိဖြစ်နေတတ်ပေမယ့် သူကတော့ သူထိုင်သည့် တည့်တည့်မှအကြည့် ကို ဘေးသို့နည်းနည်းလေးမှ တိမ်းဖော်မရ။ သူမချစ်သူနေမကောင်းလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ သိပ်ပြုစုချင်သလို အပြင်မှာလည်း ပြုစုနိုင်သမျှ လုပ်ပေးပေမယ့် မောင်ကတော့ သူမသိပ်ဖျားနေလျှင်တောင် ဘာမှမပေးဘဲ အလုပ်မှန်သမျှ သူကချည်း သိမ်းကြုံးလုပ်သွားတတ်၏။

မောင်သည် သူမထက် ပိုငယ်သော်လည်း ပိုလူကြီးဆန်သည်။ ရင့်ကျက်တည်ကြည်သည်။ စာရင်းတွက်ရာမှာ ဉာဏ်လည်း ပိုကောင်းရဲ့သားနဲ့ တစ်ခါတစ်ခါ ဦးနှောက်မသုံးတတ်သည့်အခါ ပညာရေးကံနည်းလွန်းသည့် မောင့်အတွက် သူမယူကြုံးမရဖြစ်ရသည်။

ပညာရေး ကံနိမ့်ခဲ့ခြင်းကြောင့် ချစ်သူကို အိမ်ထောင်ဖက်အဖြစ်မှ ဖယ်ရှားရခြင်းအတွက် သူမရင်မချိအောင် ခံစားရတာတော့ မောင်သိအောင် ပြောပြချင်လှသော်လည်း ပြင်မရတော့သည့်ကိစ္စမို့ မောင်ဝမ်းနည်းစိတ်မကောင်းခြင်းသာ အဖတ်တင်မှာမို့ သူမ မပြောရက်တော့။

နှစ်ယောက်ပေါင်းသည့် ဘဝတစ်ခုမှာ အမျိုးသားဦးဆောင်ရမည်ဟု ယူဆသူ မောင်ကလည်း သူမကို စိတ်ထဲကသာချစ်ပြီး တကယ်တမ်း လက်မတွဲခဲ့ပါ။ ဆိတ်ငြိမ်နေရာမှာ အတူရှိချင်သည့်ဆန္ဒကို နှစ်ယောက်စလုံး လိုချင်ကြပေမယ့် ရည်းစားတစ်ခါမှ မထားဖူးသည့် သူမဘဝကို မောင်က ထိန်းသိမ်းပေးခဲ့သည်။

"နင်လိုချင်တာရှိရင် ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောနော်" ဟူသည့် သူမစကားကို မောင်နားလည်သော်လည်း မသိကျိုးကျွံပြုခဲ့သည်။ အငွေ့ချစ်ဆိုတာ ဒါပဲဟု သူမခံစားရချိန်မှာ သူမကိုလည်း တကယ်တန်ဖိုးထားသူ၊ သူမကလည်း သိပ်ချစ်မိသူကို သူမ၏ ပါးပြင်ချောချောအား နှာထိပ်ဖျားလေးနှင့် ထိရုံလောက်မွှေးခြင်းကိုတော့ ခွင့်ပြုချင်သည်။ ဘယ်အချိန်အခါမဆို လုလွန်းတဲ့ မောင့်ရဲ့ဆံပင်ပျော့တွေကို သူမလည်း ကိုင်တွယ်ပွတ်သပ်ပေးချင်သည်။ မောင်ရဲ့လှပတဲ့ လက်ချောင်းလေးတွေကို သူမပိုင်နိုင်စွာ ဆုပ်ကိုင်ထားချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမှာ ဒီလိုဆန္ဒမျိုး ပါဝင်သည်ဆိုသော်လည်း မောင်သည် သူမကို သွေးခုန်နှုန်းတိုးအောင် ဘယ်တော့မှမလုပ်ခဲ့။ ညင်သာ၍ တသိမ့်သိမ့် ရင်အေးရသော ချစ်ခြင်းမေတ္တာသာဖြစ်သည်။ မောင်နှင့် ဘယ်အချိန် ဘယ်နေရာပဲနေနေ သူမဘဝ ဘယ်တော့မှ ပျက်မည်မဟုတ် ဘူးဆိုတာ မောင်မပြောပေမယ့် သူမယုံကြည်သည်။ ဒီအကြောင်းတွေ များ သတိရမိလျှင် ချစ်သူကို "မောင်"လို့တောင် နှုတ်မှ ထုတ်ဖော်မခေါ် ဖြစ်ဘဲ လမ်းခွဲခဲ့ရခြင်းအတွက် သူမရင်မှာ နောင်တများနှင့် ပူလောင် ခံစားရသည်။

တကယ်တော့ သူမဟာ မောင့်ကို ဝေဒနာသက်သက်ပေးသူသာ ဖြစ်၏။ သူမက စတင်လမ်းခင်းပြီး ဒီလမ်းကို မယုံရဲယုံရဲဖြင့် ခြေဖွဖွလေး လျှောက်နေသည့် မောင့်ကို သူမသည် မရည်ရွယ်ဘဲ ဆူးလမ်းခင်းပေးမိ ချေပြီ။

မောင်ရေ…ကျွန်မ လှည့်စားတာမဟုတ်ပါဘူး။ နားလည်မယ် ဆိုရင် ခွင့်လွှတ်ပေးပါ မောင်ရယ်။ ကျွန်မ နေရာကနေ တောင်းပန်လိုက် ပါရဲ့။

ငြိမ်းချမ်းသော ချစ်ခြင်းမေတ္တာ၏ တန်ဖိုးကို စေ့စေ့စပ်စပ်မရှုတတ်သော သူမသည် စူးရှသည့်အင်ပါယာ အလင်းတန်းကို သဘာဝမွေးလွှမ့်အမှတ် နှင့် ဆုပ်ကိုင်မိတော့သည်။ ခါတိုင်းတော်ရုံတန်ရုံ သိမ်းသွင်းမှုလောက်ကို အမှတ်ပြုလေ့မရှိသူ သူမသည် ကိုကိုဟု သူမခေါ်ချင်သူ၏ ထူးခြားညို့ တတ်များသော ဆွဲဆောင်မှုကို ရှားပါးပစ္စည်းထင်မှတ်၏။

အနားမှ ဖြတ်သွားတိုင်း ပေါင်ဒါနံ့ ရေမွှေးနံ့များဖြင့် ကြိုင်သင်း ကာ တောက်ပနစ်လိုဖွယ် ဝတ်ဆင်ပြီး သူမကို တဖွဖွတောင်းဆိုနေသည့် သူ့ဘက်ကို စိတ်ညွတ်လာသည်။ ငွေရှိခြင်း၊ ဂုဏ်ရှိခြင်း၊ ပညာတတ်ခြင်း၊ ဂရုစိုက်ခြင်းတို့ ဆွဲဆောင်မှုအမျိုးမျိုးတွင် သူမ စိတ်သာယာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် သူမကို ဘာမှမပြောရှာပါ။ တည်ငြိမ်သော မိန်းကလေးဟူသော မောင်ပုံကြည်ဟန်ရှိသည်။ သံသယမျက်လုံးနှင့် အနေခက်အောင် ဘယ်တော့မှမကြည့်။ သူမကို စိတ်ချထားတာလား။ သိလျက်နဲ့ မသိယောင်ဆောင်နေတာလား သူမ မသိ။

သို့သော် စိတ်တွေက ထိန်းမရတော့ပါ။ တစ်ချိန်ချိန်မှာ မောင့်အား ထားကိုထားပစ်ခဲ့ရမည်မှန်းသိသော သူမသည် ဘဝကို လက်တွေ့ကျကျ စဉ်းစားမှဟူသော အတွေးကလွှမ်းမိုးနေပြီ။ အထုပ်အပိုးကြီးမနိုင်တနိုင် ထမ်း၍ ငွေရှာနေသူများ၊ ဈေးဗန်းခေါင်းတင်ရောင်းနေသော မိန်းမ ငယ်များကိုတွေ့တိုင်း ဘဝကို ခေါင်ကျကျ ပြားကျကျ ရင်ဆိုင်ရခြင်းဒုက္ခကို အကြောက်ကြီးကြောက်မိ၏။

သူမ၏ ကြိုတင်ဆင်ခြင်မှုတို့သည် အပြစ်တစ်ခုမဟုတ်မှန်း သေချာပါသည်။ ဘဝတစ်ခုကို ရေရာသေချာအောင် အုတ်မြစ်မချနိုင်ဘဲ အချစ်ကိုကိုးကွယ်၍ ဘယ်လိုမှမဖြစ်နိုင်ပါ။ ငွေကြေးမကြွယ်ဝ မပြည့်စုံသောမိသားစုမှ ပေါက်ဖွားလာသည့် သူမတွင် နလုံးသားရေးရာ၌ အခွင့်အရေးများစွာ ဆုံးရှုံးပြီးဖြစ်သည်။ အကယ်၍သာ အိမ်ထောင်တစ်ခုကို ချောင်လည်စွာ ဖန်တီးနိုင်သည့်အခွင့်တွင် ရှိသည်ဆိုပါစို့။ မောင့်ကို နှံဘေးမှချန်ထားရစ်ခဲ့ဖို့ အတွေးမျှပင် ခေါင်းထဲဝင်မည်မဟုတ်ပါ။

သူမစိတ်ကလည်း ခုဒါလုပ်မည်ဆို ဒါမှဒါ။ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့စိတ်ကို ဘယ်တော့မှ မတိုက်တွန်းရ။ အခြေအနေကလည်း ပထမလူကိုဖြတ်ဖို့လွယ်ပြီး နောက်လူကလည်း အဆင်သင့်။ အခါတိုင်း သူမကို ချစ်ရေးဆိုသူတွေထက် အဆများစွာ ပိုကဲလွန်းသည်မို့ သူမ သိပ်အံ့ဩနေမိသလို သူဖြတ်သွားတိုင်း ဖြတ်လာတိုင်းမှာ ရင်ကလည်း ခုန်တတ်လာပြန်သည်။

စူးရှလှပသော သူမျက်လုံးအကြည့်များသည် သူမ၏ ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သွေးလည်ပတ်မှုတွင် အက်ဆစ်များ ထည့်သွင်းလိုက်သလို ပွန်းလှုပ်ရှားစေသည်။ အေးဆေးတည်ငြိမ်၍ ဣန္ဒြေရှိသည်ဟု နာမည်ကြီးသော သူမသည် ထိုတစ်ယောက်ကြောင့် ဒုက္ခများရတော့၏။ သူမ သိပ်တွေချင်လွန်းသောအခါ သူပေါ်မလာပြန်။ ပြောင်းလဲမှုပေါင်းများစွာနှင့် နားမလည်နိုင်သော်လည်း စိတ်က သူမှသူ၊ တမ်းတမ်းတတ ဖြစ်နေပြီးဖြစ်သည်။ သူဘာဖြစ်လို့ ငါ့ဆီမလာတာပါလိမ့်၊ အလုပ်များနေလို့လား၊ ငါ့ကိုများ မေ့သွားပြီလား စသည့်စိုးရိမ်မှုပေါင်းများစွာနှင့် ညနက်နက်တွေအထိ အိပ်လို့မရနိုင်အောင် ဖြစ်ရသည်။

သူမ၏အချစ်ကို သူမ ကိုယ်တိုင်နားမလည်။ ဒါပေမယ့် ခုချိန်မှာ သူမချစ်နေသူက သူမကို အလိုလိုက်အလျှော့ပေးနေသူ မဟုတ်တော့ဘဲ သူမကို ဦးနှောက်ခြောက်စေသူ၊ ခုငိုချင်၊ ခုရယ်ချင်အောင် လှည့်ဖျားနေသူ၊ သူ့ကို စိတ်ဆိုးစိတ်ကောက်ကာ မုန်းမေ့တော့မည် ဆုံးဖြတ်ပြီးမှ သူ့မျက်နှာတစ်ချက်အမြင်မှာ အရည်ပျော်ကြွေဆင်းသွားတော့သည်။

ကိုကိုက ခွဲပြန်တော့ သူ့အချော့အမြှူတွေကြားမှာ ငုံ့လျိုးဆင်းရပြန်သည်။ တစ်ခါတစ်ခါ ကိုကိုက သူမရှိလျက်နှင့် သူမရှေ့မှာပင် တခြားမိန်းကလေးတစ်ယောက်နောက်ကို လိုက်ပါချင်သေးသည်။ အမြဲပျော်ရွှင်တက်ကြွနေသည့် သူ့စိတ်အလိုကို လိုက်ချင်တိုင်း လိုက်နိုင်လောက်အောင် အပူအပင်ကင်းသူ၊ ပြည့်စုံသူတစ်ဦးလည်း ဖြစ်ပြန်သည်။

သူမက မိန်းကလေးတစ်ဦး၏ ရှိသင့်ရှိထိုက်သော မာနများနှင့် မုန်းမေ့ဖို့ ကြိုးစားပြန်တော့ သူကခေါင်းငုံ့တောင်းပန်ပြန်ရော။

ဒီချစ်သူသည် သူမရင်ကို ဘယ်တော့မှ မအေးချမ်းစေသည့် ချစ်သူ။ အမြဲပူလောင်သောကများနှင့် ပြည့်နေစေသည့် ချစ်သူ။ ဒီကမ္ဘာပေါ်ရှိ မိန်းကလေးချောချောလှလှများအားလုံး ပျောက်ဆုံးသွားစေချင်လောက်အောင် စိတ်မချရသည့် ချစ်သူ။

**ဇော်ခန့်အနုစဥ္စာရုပ်ရှင်ရေး၊**

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူမကို ပြုစားနေသူပါ။

ရေရှည်ခံသော မေတ္တာမဟုတ်မှန်း သေချာသွားသည့်နေ့က သူမ ရှုမတတ်ခံစားရသည့်နေ့ တစ်နေ့ပင်။ ထိုနေ့က အလုပ်ပိတ်ရက် တနင်္ဂနွေ နေ့ဖြစ်ခြင်းကြောင့် သူငယ်ချင်းမတစ်ယောက်နှင့်အတူ မြို့ထဲထွက်ဖြစ် သည်။ ပြီးတော့ မောမောနှင့် အအေးဆိုင်တစ်ခုမှာ ဝင်ထိုင်ကြ၏။

ဆိုင်ရောက်တော့ ပထမဆုံးစားပွဲမှာ ဝင်ထိုင်လိုက်ကြ၏။ ကျဉ်း မြောင်းသော အခန်းလေးထဲမှာ တစ်ဘက်က ဘားနှင့်ကောင်တာတွဲထား ပြီး သည်ဘက်မှာတော့ ရထားတွဲတွင် ခုံများတန်းထားသလို စားပွဲတွေ ကို အလျားလိုက် တစ်တန်းထဲချထား၏။ သူမတို့ယူသော စားပွဲသည် တစ်ခန်းလုံးကို မြင်ကွင်းကျယ်ကျယ် မြင်ရပြီး ဝင်လာမည့်သူအားလုံးက ရုတ်တရက်မမြင်နိုင်သည့် နေရာဖြစ်သည်။

"မိတယ်နော်၊ ဒီနေရာက အတွဲတွေအတွက် စပါယ်ရှယ်ပဲ ဝင်လာသူရဲ့ နောက်ကျောကိုကြည့်၊ လန့်ရမယ့်သူတွေ့ရင် ချက်ချင်းထ ပြေး"

သူမက ကိုကို့ကို တအားသတိရလာသည်။ ချစ်ခွင့်တောင်းခံ ခြင်းကို ခွင့်ပြုပြီးသည့်တိုင် သူမနှင့် အပြင်ထွက်ဖို့ကို သူတစ်ခါမှ မတောင်း ဆိုခဲ့။

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့ တစ်ချိန်ချိန် သူနှင့်အပြင်ထွက်ခွင့်ရ လျှင် ဒီနေရာလေးကို ခေါ်ပြရဦးမယ်။ ကိုကိုကတော့ ဘယ်လိုထင်မြင် ချက်...

"ဟင်"

ရုတ်တရက် အဝင်ဝ၏ မျက်နှာချင်းဆိုင်နံရံတွင် ကပ်ထားသော မှန်ဗီရိုကို ကြည့်လိုက်မိ၏။ သိပ်မပီသပေမယ့် ဘယ်လိုမှ မမှားနိုင်သော မျက်နှာကြောင့် သူမအလန့်တကြား ဖြစ်သွားသည်။ သူမမြင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျောသည် ဘယ်အချိန်ဘယ်အခါပဲဖြစ်ဖြစ် အင်္ကျီစကလေးမြင်ရင်တောင်မှ မှတ်မိတဲ့ ကိုကိုရဲ့နောက်ကျောပါပဲ။ သူမတစ်ခါမှ မထိတွေ့ဖူးတဲ့ ကိုကို့ရဲ့လက်ဖဝါးက ခုတော့တခြားမိန်းကလေးတစ်ယောက်ကို တွဲဆုပ်ထားပါလား။

ကိုကိုက သူမကို ကျောပေးထိုင်ခြင်းကြောင့် ကိုကို့မိန်းကလေးကို သူမမျက်နှာချင်းဆိုင် မြင်ခွင့်ရသည်။ ရုပ်ရည်ရော အပြင်အဆင်ပါ သူမလို ထိပ်တန်းကရှိ၏။ တတ်လည်းတတ်နိုင်ပါပေ့ဟု သူမ အံ့ဩစွာကြည့်နေစဉ် ကျက်မိနေသော ကိုကို့ရယ်သံက ပေါ်ထွက်လာ၏။ မိန်းကလေးကလည်း ကိုကိုသိမ်းရာ ယိမ်းမည့်ပုံနှင့် နစ်လိုဖွယ်ရယ်မော၏။

"အဲဒါ ငါတို့အိမ်ရှေ့က အစ်ကိုကြီးလေ၊ အရမ်းရုပ်တာ၊ ဒါပေမယ့် သူတွဲသမျှ အညွန့်အဖူးတွေချည်းပဲ အေးလေ ပိုက်ဆံရှိတော့ ကောင်မလေးတွေကလည်း လက်ခံတာပေါ့"

ဖြူစင်သော သူငယ်ချင်းမျက်နှာတွင် အပြုံးရိပ်များထင်နေ၏။ သူမရုက်ချွံခြင်းများဖြင့် တုန်ယင်သွားသည်။ မခံချင်ခြင်းနှင့်အတူ ဘာလုပ်ရမလဲ၊ ဘာလုပ်နိုင်မလဲဟု သူမစဉ်းစားသည်။ ကောင်တာတွင် ကိုယ်တိုင်ငွေသွားရှင်းလျှင် ကိုကို့နံဘေးမှ ဖြတ်နိုင်သည်။ ကိုကို သူမကို မြင်ကိုမြင်လိမ့်မည်။ သည်အခါမှာ သည်အခါမှာ...

သူမ ချက်ချင်းဆုံးဖြတ်ချက်ချလိုက်၏။ သူမကို ကိုကို လုံးဝမမြင်တွေ့စေရ။ သူမကြောင့် သူကြည်နူးမှုလေးများ အနည်းအကျဉ်းမျှပင်မလွင့်စေရ။ ဘယ်လောက် ဣန္ဒြေဆောင်နိုင်တယ်ဆိုဆို စိတ်မှာအနှောင့်အယှက် ဖြစ်ကိုဖြစ်သွားမှာပဲ မဟုတ်လား။ ကောင်းပြီ၊ သူမ ဒီနေရာမှ အမြန်ဆုံး ထွက်သွားမည်။

အအေးသောက်ပြီးနေပြီဖြစ်သော သူငယ်ချင်းကို ခေါ်ကာ တံခါးပြင်ဘက် ဆိုင်အပြင်ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမအိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်။ ငါ ဘာဖြစ်လို့ ဒီနေ့အပြင်ထွက်မိတာပါလိမ့်။ ဒီအဖြစ်ကို ဘာဖြစ်လို့ လာကြုံရတာပါလိမ့်နော်။ မဟုတ်သေးပါဘူး။ မဟုတ်သေးဘူး။ တစ်ခုခုတော့ ဟုတ်ကို မဟုတ်သေးဘူး။ အစကတည်းက နားလည်ခဲ့ဖို့ကောင်းသည်။ အမြဲတစေ သူမကို ဒုက္ခပေးနေသူ၊ သူမဆန္ဒများစွာကို တမင်ဆန့်ကျင်ခဲ့သူ၊ ဦးနှောက် ခြောက် နှလုံး မသာယာအောင် လုပ်တတ်သူ၊ ခုလို အဖြစ်အပျက်သည် ထိုသူကို မုန်းမေ့စေဖို့ အင်အားတစ်ခုဖြစ်လိမ့်မည်။

မုန်းလိုက်တာ၊ မုန်းလိုက်တော့လေ။ မနက်ဖြန်ကစပြီး သူ့ကို တစိမ်းလိုပဲ သဘောထားလိုက်တော့မယ်။ ပိုင်နိုင်သည့်အတွေးနှင့် သူမရယ်ပြုံးလာနိုင်သည်။ အိမ်အမြန်ပြန်ရောက်ပြီး အိပ်ရာထက်တွင် ခေါင်းအုံးဖက်ငိုချင်စိတ်တွေ ပျောက်သွား၏။ ပေါ့ပါးသွက်လက်လာသည်။ ကြည့်စမ်း၊ ဒီလောက်လွယ်ကူလိမ့်မယ်တောင် မထင်ဘူး။

ရူးပဲရူးနေပြီလား မသိ။ နေ့လည်ခင်းက မုန်းမေ့လိုက်နိုင်သူ တစ်ယောက်ကို ခုညနေ အိပ်ရာမှ လန့်နိုးသွားရလောက်အောင် ပြင်းပြင်းထန်ထန် သတိရနေပြန်သည်။ နှလုံးတစ်ခုလုံး အကြီးအကျယ်တွန်းထိုးခံနေရခြင်းက သူမကို အုံ့ညှိသွားစေသည်။ ကြုံခဲ့သော အဖြစ်အပျက်ကို တုန်လှုပ်ချောက်ချားလျက် ဘယ်လိုနေမှန်း မသိလောက်အောင် ဖြစ်နေရသည်။

အိပ်နေရာမှ ဝေါက်ခနဲထထိုင်လိုက်၏။ ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ခြေဖျားလက်ဖျားတွေ အေးစက်နေပြီ။ အခုဖုန်းထဆက်ပြီး ကိုကိုနှင့် အနီးဆုံးနေရာ ရောက်အောင်သွားရမလား။ ကိုကို့နံဘေးမှာ အချိန်ပြည့်ရှိနေချင်ပြီ။ သူမ မသိဘဲ ကိုကို ဘာမှမလုပ်ရ။

တုန်လှုပ်သောရင်ကိုထိန်းပြီး အောက်ထပ်သို့ ပုံမှန်အနေအထားဖြင့် ဆင်းလိုက်၏။ တယ်လီဖုန်းပြောခွက်ကို ကောက်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်အထိ သူမစိတ်ကို ယတိပြတ်မဆုံးဖြတ်နိုင်သေး။ လုပ်ချင်တာနှင့် လုပ်သင့်တာကို ခွဲခြားသိမြင်နေပြီ ဖြစ်သော်လည်း စိတ်ကဒွိဟ။

အို···ဒါပေမယ့် ကိုကိုရဲ့အသံလေးကို ကြားချင်လိုက်တာ။ ကိုကို့ကို ဆင်ခြေတက်ခွင့် ပေးချင်လိုက်တာ။ တစ်ခါပဲလေ။ တစ်ခါပဲ ဆက်ကြည့်မယ်။

သို့သော် ကိုကိုက သူ့ကိုယ်တိုင်ပင် ဆက်ပိုင်ခွင့်မရှိဘူး။ ခရီးထွက်သွားတယ်ဟု ဆိုသည်။ ခုပြောနေတာ ဘယ်သူပါလဲဟု သူမက သံသယဖြင့် မေးသောအခါ မဖြေချင့်ဖြေချင်နှင့် သူ့အစ်ကိုဟု ဖြေ၏။ မဟုတ်ဘူးဆိုတာ အတတ်သိနေသောကြောင့် သူမရှက်ဒေါသဖြင့် နလုံးများ တဆတ်ဆတ်ခုန်နေ၏။

တော်ပြီ ဒီလောက်ပြဿနာများတဲ့လူနဲ့ နောက်မပတ်သက်တော့ဘူး။ မနက်ဖြန်ကစပြီး အိမ်မှာပဲနေမယ်။ ဖုန်းလာရင်လည်း မပြောဘူး။ ဘယ်တော့မှလည်း မဆက်တော့ဘူး။ ငါ့ကို ဒီလောက်ဒုက္ခပေးလှတာ။

ထိုညက အိပ်နိုင်ဖို့ သူမကြိုးစားသေးသည်။ နောက်ဆုံး အိပ်ရာထဲ ကိုယ်လက်တွေကိုက်ခဲလာပြီး လုံးဝသည်းမခံနိုင်တော့သောအခါ စာအုပ်နှင့်ဘောလ်ပင်ကိုယူပြီး အောက်ထပ်ပြေးဆင်းလာခဲ့သည်။ ကက်ဆက်တိုးတိုးဖွင့်ပြီး ရေကန်ကို ရေးဖြည့်သည်။

ထို့နောက် အဝတ်ပေါင်းခြင်း ပြည့်နေသောကြောင့် အဝတ်လျှော်သည်။ လှုပ်လှုပ်ရှားရှားနှင့် စိတ်သက်သာသလိုရှိကာ ဘာရယ်မဟုတ်ဘဲ ရေမိုးချိုးခေါင်းလျှော်လိုက်၏။ လူ့ဘဝကြီးဟာ ဘာများမက်မောစရာရှိသလဲ။ စိတ်ချမ်းသာသလိုနေရခြင်းရဲ့ တန်ဖိုးဟာ သိပ်ကြီးမားတယ်။

သူမကျေနပ်သွားကာ အိပ်ရာသို့ ပေါ့ပေါ့ရှင်ရှင်ဝင်ခဲ့၏။ တစ်ကိုယ်လုံး အေးမြကာ ငြိမ်းချမ်းခြင်းတို့အတိ ဖုံးလွှမ်းသွားလေသည်။

(၁၉၉၃ ဧန်ထ လုံးလေးမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

# ပန်းပျော့နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေနှော့က ကုပ်မှဆံနုတို့ကို တိုးဝှေ့လှုပ်ခတ်သွားစေသည်။ လေကားရင်း စားပွဲရှေ့တွင် ထိုင်နေကြသော ရှယ်တူမိန်းမငယ်တို့ ရှိရာသို့ ခပ်အေးအေးပင် လျှောက်သွားလိုက်သည်။ ညီမငယ်နားမှာ ယှဉ်ရပ်ကာ ပွဲလာအားပေးသူတို့ကို ကြည့်ရှုအကဲခတ်သည်။

"ဟော…ဟိုလူကတော့ သတို့သားဘက်က ထင်တယ်၊ ဟိုအန်တီကြီး ရယ်ပြနေတယ်"

"ဟင်…ဟိုမှာ တို့လမ်းထဲကပါလား။ သွား…သွား ညီမလေး နေရာသွားချပေးလိုက်"

မကြာမကြာ သူမနှုတ်မှ ထွက်တတ်သည့် စကားလုံးတို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



သည့်ရှေ့မှာ ရပ်နေပေမယ့် ဘယ်သူ့ကိုမှ မကြိုခဲ့။ လာပါ၊ ကြွပါ၊ ဒီနားမှာ ထိုင်ပါ ဆိုသည့်စကားလုံးတို့ကို သူမ,မပြောချင်။ နှုတ်သွက်သည့် ညီမငယ်နှင့်သာ လွှဲပေးလိုက်တော့သည်။ ဘာကြောင့် သည့်မှာရပ်နေမှန်း ကိုယ့်ကိုယ်ကို မဆန်းစစ်မိပေမယ့် ရပ်နေရခြင်းအပေါ် ကျေနပ်တာတော့ အမှန်ပါပဲ။

ရုတ်တရက်။

"အို...သူလာတယ်"

အရှေ့မှ လူစုကွယ်ပျောက်သွားသည်နှင့် သူမကို စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံ။ အံ့ဩလွန်းစွာမှင်တက်၍ ကြောင်ငေးနေမိသည်။

ဒီတစ်သက် ပြန်တွေ့ရရင်တောင်မှ မမှတ်မိနိုင်ဘူး ထင်ထားသည့် မျက်နှာကို သူမ၏ အစ်မဖြစ်သူနှင့် ယှဉ်တွဲတွေ့ရသည့်အခါတွင် သူဆိုတာ သေချာသွားပြန်သည်။ အို...မထင်ဘူးကွယ်။ ငါ ဘာလုပ်ရမလဲ။

"ညီမလေး၊ မမကြီးသူငယ်ချင်းတွေနဲ့တူတယ်၊ သွား...သွား နေရာပေးလိုက်"

အလိုအလျောက် လွှတ်ခနဲထွက်သွားသည့် စကားကို ခြေဖျက် ရပ်သိမ်းခွင့်ရလျှင် သိပ်ကောင်းမည်။ ကြည့်စမ်း၊ ငါဘာလို့ ထွက်သွားပါ လိမ့်။ ခုတော့ သူသည် သူ့အစ်မနှင့်အတူ ညီမငယ်နောက်ကို လိုက်ပါသွား ပြီလေ။

သူ့မျက်နှာကို မြင်လိုက်ရခြင်းအတွက် ရရှိသည့်အပျော်သည် ရင်ဝတွင် လုံးခဲလျှက်သည်းနေသည်။ ၃နှစ်နီးပါး ကာလတစ်ခုလုံး နေ့စဉ်နှင့် အမျှ တောင့်တလိုချင်ခဲ့သော ဆန္ဒငယ်လေးတစ်ခု ပြည့်ဝသွားခြင်း အတွက် သူမ၏ သူ့အပေါ် ပျော်ရွှင်မှုသည် ဘာနှင့်မျှလဲ၍ မရနိုင်သော ပျော်ရွှင်မှုတစ်ခုဖြစ်သွားသည်။ ဒါတောင် သူနဲ့ပတ်သက်လို့ မြဲပေါ်နေခဲ့ တဲ့ စိတ်ဆန္ဒတွေထဲက အသေးငယ်ဆုံးဆန္ဒလေး တစ်ခုပါနော်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား…တွေ့လား ညီမလေး။ ခုနက နှင်လိုက်ပို့လိုက်တာ သူလေ၊ ငါ…ငါ သိပ်ပျော်တာပဲ၊ သူပါလာမယ်လို့ လုံးဝမထင်ဘူး"

သူမ၏ အမည်စာလုံးတွေ သိပ်လှသလို မောင့်နာမည်ကလည်း သိပ်ကိုအဓိပ္ပါယ်ပြည့်ဝသည်။ ထင်ပေါ်ကျော်ကြားသူ၊ အောင်မြင်သူဟု မှည့်ခေါ်ထားသော မောင့်နာမည်ကို အကြောင်းရင်းတိုက်ဆိုင်စွာ နှုတ်မှ ရေရွတ်ခွင့်ရလိုက်တာ အို…ဘယ်လိုကြည်နူးမှုန်းကို မသိပါဘူး။

"ဟင်…ဟုတ်လား။ နေဦး။ ငါ နောက်တစ်ခေါက် သွားပြန်ကြည့်လိုက်ဦးမယ်"

ခန်းမဘက်ကို ခြေလှမ်းပြန်လှည့်သော ညီမငယ်ကို လိုက်ပို့ကာ မောင့်ကို ကိုယ်တိုင် ညွှန်ပြလိုစိတ်ပေါက်မိသည်။

"ဒါဟာ ငါရဲ့အချစ်ဆုံး မောင်လေ"ဟု နှုတ်မှ ဗိုင်နိုင်စွာပြောကာ ဝိတိဖြစ်လိုသည့်စိတ်ကြောင့် နှစ်လှမ်းသုံးလှမ်းခန့် ညီမငယ်ကို လက်တွဲ၍ လျှောက်သွားမိပြန်သည်။ အို…မဖြစ်ပါဘူး။ ငါ့မျက်နှာကို သူထပ်မြင်လို့ မဖြစ်ဘူး။ ရှက်စရာ။

ကွဲကွာခဲ့သည့် သုံးနှစ်အတွင်း လုပ်ခဲ့သောကိစ္စရပ်၂ခုအပေါ် အကြောင်းပြု၍ သူမလှည့်ပြန်ပြေးခဲ့သည်။ ဘယ်မိန်းကလေးမှ လုပ်လေ့လုပ်ထမရှိသော အလုပ်ကိုလုပ်ခဲ့မိခြင်းအနေနှင့် သည်လောက်ရှက်မိတာ အစွန်းတစ်ဖက်ကို သိပ်မထွက်လွန်းပါ။

သူမတွင် စိုးမိုးလွန်းအားကြီးသော အရှက်အကြောက်ကြီးခြင်းနှင့် သိမ်ငယ်အားကြီးခြင်းတို့အပြင်၊ မာနကြီးခြင်းတို့၏ဒဏ်ကို သူမ လေးနှစ်ကျော် ငါးနှစ်နီးပါး စူးရဲပြင်းပြစွာ ခံခဲ့ရပြီးမို့ ဒါတွေကို တွန်းလှန်နိုင်သူဖြစ်အောင် အမြဲကြိုးစားနေဖြစ်သည်။ သိပ်လည်း မရှက်မကြောက်တတ်သော၊ မာနကြီးခေါင်းမာလွန်းသူ တစ်ယောက်လည်း မဟုတ်သော၊ ကိုယ့်ကိုယ်ကို သိမ်ငယ်သူ တစ်ယောက်လို့လည်း မထင်သော မိန်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်သပ်ရပ်လဲ၊ မချောဘူးလား။ ဒါမှ သူ့ရဲ့ပင်ကိုယ်ဟန်အစစ်"

တစ်ချိန်က သူနှင့်ပတ်သက်၍ ရှုံနိမ့်ခဲ့ရခြင်းအပေါ် ပြန်လည်အနိုင်ယူကာ ခေါင်းမော့ပြောနေသည့် သူမကို ညီမငယ်ပြုံးကြည့် ခေါင်းညိတ်နေ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ မောင်ဟာ သာမန်ကြည့်ကောင်းတဲ့ ယောက်ျားလေးတွေထက် လက်သုံးလုံးလောက်အဆင့်မှာ ပိုင်နိုင်စွာရှိနေတာ မောင့်အစား သိပ်ကိုဂုဏ်ယူနေမိသည်။ ညီမငယ်နှင့် စကားများခဲ့တုန်းက မောင့်ကို ပြောရကောင်းလားဆိုပြီး ဒေါသထွက် လိုက်တုန်နေခဲ့ပြီး၊ နိုင်အောင်လည်း မပြောနိုင်ခဲ့ခြင်းကြောင့် ညီမငယ်ပါးစပ်များတွင် မောင် တောသားဖြစ်ခဲ့ရခြင်းအပေါ် ပြန်လည်ဂုဏ်တင်ကာ မောင် ချောကြောင်း၊ လှကြောင်း ပြောခွင့်ရသည့်အတွက် အို…းသိပ်ပျော်တာပဲ။

မောင်နှင့် ပတ်သက်၍ဖြစ်ပေါ်ခဲ့ရသည့် သူမ၏စိတ်အခြေအနေကို ကိုယ်တိုင်ပင် အံ့ဩထူးဆန်းလွန်းနေခဲ့ရသည်။ မောင့်ကို တွေ့တွေ့ချင်း ကတ္တရာလမ်းတစ်ခုနှင့် ပလက်ဖောင်းတစ်ခုခြားနေသည့်ကြားက သာမန်ကျောင်းသားတွေ ကြားထဲမှာပင် တစ်ဦးတည်းကွက်ကာ လိုက်ခံနဲ့ခံစားလိုက်ရသည်။

"ဒီတစ်ယောက်မျက်နှာ ငါသိပ်ရင်းနှီးနေတယ်။ ငါသိသလား။ ငါသိသလား။"

အပေါင်းအသင်းနည်းလွန်းသူမို့ မျက်မှန်းတန်းမိသူများလားဟု စဉ်းစားအဖြေရှာရင်း၊ ဟင့်အင်း…ငါမသိဘူးဆိုသည့်ကြားက ရင်းနှီးနွေးထွေးမှုကို အံ့ဩနေမိသည်။

"အဲဒါ သူတို့ ဒီနှစ်မှ ဘန်ကောက်က ပြောင်းလာတာ။ ဟိုရှေ့မှာ ရပ်နေတဲ့ လွယ်အိတ်အနီနဲ့ ဂျာကင်အစိမ်းလေးဟာ သူမောင်ပေါ့"

အို…ဒါဖြင့် ငါကြည့်နေတဲ့ ကောင်လေးဟာ ဒီနှစ်မှကျောင်းကို ရောက်လာတာပေါ့။ အင်း…ငါ သူ့မျက်နှာကို ဘာဖြစ်လို့ ဒီလောက်တောင်

www.burmeseclassic.com



အခြေအနေကို သူမတစ်ဝက်ခန့်တော့ ရရှိထားပြီဖြစ်သည်။

အို…ဒါတောင် သာမန်လူတစ်ယောက်အဖြစ်ကိုရဖို့ အများကြီး လိုနေပါသေးတယ်လေ။ ခုပဲကြည့်စမ်း။ အခြေအနေက ကိုယ့်ဘက်ရပ်တည်နေတာတောင် ရက်အားငယ်ပြီး ဘာလုပ်ရမှန်းမသိဘဲ ကြောင်ရပ်နေမိသေးတာပဲ။

"ဘာမှလဲ မထူးခြားဘူး။ ကလေးလေးလိုပဲ၊ နင်ဘာလို့ သူ့ကို ချစ်တာလဲ"

"အို…မသိဘူး။ ငါ ဘာလို့ချစ်မိမှန်း ခုထက်ထိ ငါ့ဘာသာ ငါတောင်မသိဘူး"

မောင်သည် အရင်ကထက်ပို၍ ကျန်းမာတောင့်တင်းလာသည်။ ပို၍အသားအရည်ပိုပြည် ဖြူဝင်းလာသလို ပိုခန့်ညားကြည့်ကောင်းလာသည်။ အရင်တုန်းကတော့ မောင်ဟာ အချိန်ရှိသရွေ့ ဖျားနာနေပြီး ၁၂ ရာသီ ကျောင်းစာအတွက်ပဲ လုံးပန်းနေခဲ့ရသူ တစ်ယောက်။ တစ်ခါတစ်ခါ ရေမချိုးနိုင်သလို ဘှနစ်လူပျိုပေါက် အရွယ်တန်မဲ့ သူတစ်ပါးထက်ပိုရှည်တဲ့ နှုတ်ခမ်းမွေးနဲ့ ဆံပင်တွေကြောင့် ညှင်းသိုးသိုးရုပ် ထွက်နေတတ်သည်။ ဒဝတန်းစာမေးပွဲဖြေခါနီးမှာ ညီမလေးကို ပြမိတော့ "ဟင်…ဘာကြီးမှန်း လည်း မသိဘူး။ အသားကလည်း မည်းနေတာပဲ။ နှုတ်ခမ်းမွေးတွေနဲ့ သူလိုလူကို နင်အသည်းအသန်ဖြစ်နေတာ ငါအံ့ဩပါရဲ့"တဲ့။

"ဒါ…နင်က ခုချိန်မှာ တွေ့ရတာကိုး။ အခု သူစာမေးပွဲနီးလို့ သူ့ကိုယ်သူ လုံးဝဂရုမစိုက်အားဘူး။ သူ့အသား ငါ့ထက် ပိုဖြူတယ်"

"ဟာ…ဘာမှမဆိုင်ဘူး။ စာမေးပွဲရှိတာမရှိတာ တခြားပဲ။ သပ်သပ်ရပ်ရပ်နေတာမနေတာ တခြားပဲ။"

သည်တုန်းက ညီအစ်မနှစ်ယောက် စကားများရန်ဖြစ်ရသေးသည်။

"တွေ့လား၊ တွေ့လား။ နင် ဘာကြီးမှန်း မသိဘူးပြောခဲ့သူက



www.burmeseclassic.com

www.burmeseclassic.com



သလားမေးပြီး မျက်နှာကလေးကိုမှု တွေ့မြင်ခွင့်ရချင်မိသည်။ မောင် ကျွန်းကျွန်းမာမာရှိဘာ သိရရင်တော်ပြီ။ ရင်ထဲက အပူကိုကြိတ်မှိတ်မျိုသိပ် ပြီး မခံစားနိုင်တော့ဘူးမောင်။ စိတ်ရဲ့ဖြေသိမ့်ရာဟာ ဘယ်မှာလဲကွယ်။

ငိုဖို့ကို လုံးဝသတိမရပါဘဲလျက် မျက်ရည်ပူတွေက နားသယ်စပ် ကို ပြေးဆင်းလာတော့၊ အို...ငါငိုနေမိပါလားဟု အံ့ဩသည်ထက် အေးခဲစ ရေခွေးလို ပူနေသည့်မျက်ရည်တွေက သူမကို ပို၍ထူးဆန်းစေ ခဲ့သည်။ မေမေနှင့် တစ်အိပ်ရာတည်း အတူရှိနေသည့်အတွက် ရှိုက်သံ ကလေးသော်မှ ထွက်ခွင့်မရခြင်းက ရင်ကို သိပ်သည်းနာကျင်စေပြန်သည်။

ဒီတစ်ကြိမ်ကတော့ ဘာပယောဂမှမပါဘဲ မောင့်ကြောင့် စင်စစ် မျက်ရည်ကျမိခြင်းပါပဲ။ အတန်းထဲမှာတုန်းက သူငိုမိတာ မောင့်ကြောင့် အများဆုံး။ ဒါပေမယ့် ၁၀၀မှာ ၁၀ကတော့ အခြားအားငယ်မှုနှင့် စိတ်တို မှုတို့ ပါဝင်ခဲ့သေးသည်။

သည်တုန်းက အစမ်းဖြေပြီးသည့်အမှတ်တွေ တစ်နေ့တည်းထွက် တော့ သုံးဘာသာလုံး သူမကျရှုံးသည်။ သူမကျတာကို အပြစ်ဟု ကိုယ် တိုင်က မမြင်မိသော်လည်း မောင့်အမှတ် ဂဝကျော်တွေနှင့် ယှဉ်ကာကြိုး စားခွင့်မရသည့် ဘဝပေါ် ဝမ်းနည်းအားငယ်နေဖြစ်သည်။

သည်အချိန်မှာ မောင်က သူ့ရှေ့က မိန်းကလေးကို လက်တို့ပြီး သူမ၏ အမှတ်တွေကို မေးခိုင်းတော့...

"ဟော့...နင် ကယ်မစ်ထရီ ဘယ်လောက်ရလဲ"

"နှစ်ဆယ့်ခုနစ်"

ဟု သူမက အတန်းရှေ့နှင့်နောက်ကို အော်ပြီးပြန်ဖြေခဲ့ရသည်။ သည်ကတည်းက သိဖို့ကောင်းတာနော်။ မောင်ဟာ ကိုယ်ချင်း မစာတတ် ဘူး။ တစ်တန်းလုံးကို ကိုယ်ညံ့တာ ပြောပြသလိုဖြစ်ခဲ့ရတာ တို့ဘယ် လောက် ရှက်နေမယ်ဆိုတာ...



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးနေရတာပါလိမ့်။

သည်တုန်းက ကျောင်းဖွင့်ခါစသာရှိသေးသည်။ မောင့်ကို သူမ မျက်မှန်းတန်းမိချေ၏။ မောင်ကလည်း သူတို့ကားနှင့် အိမ်ကကားဆုံမိလျှင် ဘာကြောင့်မှန်းမသိ သူမကိုပဲ စိတ်ဝင်တစား ကြည့်နေတတ်သည်။ တကယ်တော့ သပ်ရပ်စွာ မနေတတ်သော အသားညို ရုပ်သိပ်အချော ကြီးမဟုတ်သော သူမတွင် မောင့်ကို ဆွဲဆောင်နိုင်စရာ ဘာတစ်ခုမှမရှိပါ။

မောင့်ရဲ့ မျက်ဝန်းတွေကို အခုပင် ပြန်တွေးရင်း ကွဲကွာနေရသည့်အတွက် ဝမ်းနည်းကြေကွဲမိသည်။ တကယ်တော့ ဒါတွေဟာ မောင်ကပဲ စခဲ့တာပါကွယ်။ ယောက်ျားလေးတွေအပေါ် မာနနဲ့ စိတ်မကာစားတတ်တဲ့ ခပ်အေးအေးနေတတ်တဲ့ သူမကို နှစ်နှစ်လုံး မောင့်မျက်ဝန်းတွေက ညှို့ယူဖမ်းစားခဲ့တာ မောင်လည်းဝန်ခံရမှာပါ။ ဒါတောင် သုံးနှစ်လုံးလုံး အဆက်အသွယ်မလုပ်ဘဲ ဥပေက္ခာပြု လျစ်လျူရှုရက်သည့် မောင်။

တို့ကတော့ ရှင်းရှင်းပဲ။ ချစ်တာကို မောင့်လို မဟန်မဆောင်တတ်ဘူး မောင်။ ချစ်သူအပေါ် လွမ်းဆွတ်သည့် ခံစားမှု သိပ်သည်းပြင်းထန်နေပုံဟာ ရင်ထဲမှာပဲ ထားလို့မရနိုင်လောက်အောင် ပြည့်သိပ်မွှမောက်နေခဲ့သည်ပဲ။ မိန်းကလေးမို့ ကြိတ်မှိတ်မျိုသိပ်ပြီး လွမ်းခဲ့ရတာ။ သိပ်ခံစားတတ်တဲ့ သူမှပဲ ကိုယ်ချင်းစာနားလည်မှာပါ။

တစ်ခါတုန်းက စာမေးပွဲတန်းဖြေပြီးတဲ့ နွေရာသီမှာ နယ်မြို့တစ်မြို့ကို သွားလည်ချိန် မောင့်ကို အလွန်အမင်း သတိရနေဖြစ်သည်။

ဒီအချိန်မှာ သူသာ တစ်စုံတစ်ခုဖြစ်သွားရင် အို···ငါဘာမှ သိခွင့်ရလိုက်မှာ မဟုတ်ဘူး။ ဘုရား···ဘုရား၊ မောင် နေလို့မှကောင်းရဲ့လား။

ခုချက်ချင်း ပုံပြင်တွေထဲက တန်ခိုးရှင်လို မောင်ရှိသည့် ရန်ကုန်မြို့ထဲက စမ်းချောင်းရပ်ကွက် မောင့်အိမ်ရှေ့ကို ဝုန်းခနဲရောက်၊ မောင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



"ဘာ···ခုနစ်ဆယ့်နှစ် ဟုတ်လား"

သိတာအေးကို သူမ မှန်းလိုက်တာ။ ၂၇ကို ၇၂ကြားရတယ်လို့။

"၂၇ဟော့၊ ၂၇ဟဲ့၊ ကျတယ်၊ ကျတယ်"

ပြောပြီးပြီးချင်းပဲ ငါ့ခရူများသားသမီးကို ရှင်းရှင်းပြောမိပြီ။ ငါ သိပ်စိတ်တိုနေပါလား။ စိတ်လျော့ဖို့ စားပွဲပေါ်ခေါင်းမှောက်အချမှာ ပေါင်ပေါ်သို့ မျက်ရည်တစ်စက် တောက်ခနဲကျမိလေသည်။ သည်တော့မှ သူမစိတ်တိုမိတာထက် ဝမ်းနည်းအားငယ်တာဖြစ်ကြောင်း သိရတော့၏။ အို···မငိုဘူး၊ မငိုဘူး။ ဒါငိုစရာ မဟုတ်ဘူး။

နောက်တစ်ဖက်က တောက်ခနဲ ကျလာပြန်၏။

"ဟော့···နင့်လူကြီးမေးခိုင်းတာ သိလား။ နင့်လူကြီး"

"သိတယ်၊ သိတယ်။ အဲဒါကြောင့် အဲဒါကြောင့်။"

သေးမှ သူငယ်ချင်း၏ စကားသံတို့သည် သူမကို ပို၍နာကျင်စေကာ စကားတစ်ခွန်းကိုပင် ပီပြင်အောင် မပြောနိုင်တော့ပေ။

"ဟင်···နင်ငိုနေတယ် ဟုတ်လား။ ဘာဖြစ်လို့ ငိုတာလဲ"

"ဟင့်အင်း···ဟင့်အင်း။ မသိဘူး၊ မသိဘူး"

သူငယ်ချင်းသည် သူမကို ချော့ဖို့ကြိုးစားသေးသည်။ သို့သော် သူမက ချော့လေပိုဝမ်းနည်းလေ၊ ပိုငိုလေ။

ထိုနေ့ တစ်နေ့လုံး မှိုမောက်နီရဲနေသည့် မျက်လုံးအစုံကို ထူးဆန်းသလို လူကြည့်ခံရသည့်အတွက် သိပ်ရှက်မိတာ မောင့်ကို ပထမဆုံးအကြိမ် စိတ်ခုမိလေသည်။

သို့သော် ထိုနေ့က မောင့်ရဲ့ တောင်းပန်ကြည့်၊ အားနာကြည့်တွေကိုတော့ သူမ ခုထိမမေ့နိုင်ပါ။

အို···သွား။ လာမချော့နဲ့။ နင့်ဆီက ဒီအကြည့်တွေ ရချင်လို့ ငါငိုမိတာ မဟုတ်ဘူး။ ငါ့ဘာသာငါ ဝမ်းနည်းလို့ငိုတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွေးတွေကတော့ သူမရဲ့ မိုက်မဲတဲ့မာနတရားတွေပဲ ဖြစ်မှာ။

မောင်နှင့် သူမကို ကွဲကွာသွားစေသည့် တရားခံကတော့ သူမ၏ အားနည်းချက်များစွာနှင့် မောင်၏ ဥပေက္ခာပြုရက်ခြင်းတို့ ပေါင်းစုံမှုပါပဲ။ သူမသည် ငယ်စဉ်ကတည်းက ဆန့်ကျင်ဘက်များပေါ်တွင် အရက်အကြောက်ပိုကာ ရင်းရင်းနှီးနှီး မနေတတ်ခဲ့။ ထိုမှတ်တစ်ပြိုင်နက် အဖပစ်ခဲ့သမီးတို့ ထုံးစံအတိုင်း နာကြည်းစိတ်နှင့် တစ်ယူသန်မာနကြီးခဲ့သလို၊ အမြဲတမ်း လိုက်နေတတ်သော အားငယ်စိတ်နှင့် ဝမ်းနည်းစိတ်တို့ကြောင့် သိမ်ငယ်ညှိုးနွမ်းနေတတ်ပြန်သည်။ ထိုအချိန်တွင် မောင်က သူမကို လက်ကမ်းလှမ်းလင့်ဖော်မရဘဲ အဝေးမှငေးစိုက်ကြည့်နေဖို့သာ သိလေသည်။

ထိုနှစ်က နှစ်ယောက်စလုံး စာမေးပွဲအောင်ခဲ့သော်လည်း အတန်းတူ မကျသောအခါ မောင်က ပန်းချီကားကို အစိမ်းရင့်ရောင် ထပ်ဖြည့်လိုက်ပြန်သည်။ မကြုံအောင် ရှောင်သလို ကြုံသည့်အခိုက်တွင်လည်း မေ့ချင်ယောင်ဆောင်နေတတ်သည်။

သူမကတော့ စိတ်ကို သိပ်ခံစားနေတတ်လွန်းပြီး၊ ခံစားချက်အတိုင်းလည်း အပြင်မှာပေါ်လွင်နေတတ်သော်လည်း မောင်ကတော့ ဘာဖြစ်လို့ သိပ်ကိုလျှို့ဝှက်တတ်တာလဲဟုတွေးကာ အခါများစွာ သိပ်သိပ်သည်းသည်း ကြေကွဲနေမိသည်။ မောင့်မျက်နှာကိုသာ အကဲပိုအလိုလိုက်တတ်သော သူမအဖို့ မောင်ပစ်ပယ်ထားလျှင် ကြိတ်ဝမ်းနည်းရုံသာ။ မောင်က အတူလိုက်ခွင့်မပေး။ မဖေးမဘူးဆိုပါကလည်း သူမအားနှင့် သူမတတ်သမျှ ကြိုးစားရုန်းကန်ရုံသာ။ အို…မမှုပေါင်ဆိုသည့် ငယ်စဉ်က တစ်ရှက်ချင်း ရှင်သန်ခဲ့သော မာနပင်လည်း မောင်၏နေရောင်ပြင်းပြင်း အောက်တွင် အရိုးသော်မှ ယိုင်နဲ့ချည့်နဲ့ခဲ့လေပြီ။ မောင့်ခြေဖျားဝန်းကျင်တွင် အနင်းခံဖို့ အရည်ပျော်သက်ဆင်းနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်က မောင်သည် ဆုတွေတသီတန်းကြီးနှင့် အောင်ခဲ့သော်လည်း သူမကတော့ တစ်သက်တာတွင် ပထမဆုံးအကြိမ် အတန်းတင်စာမေးပွဲကျရှုံးခြင်းဖြင့် ကျရှုံးခဲ့လေသည်။ သည်တွင် သူမ၏အရက်နှင့်မာနတရားကိုနေကာ အသာပေးအလေးထား မွေးမြူရတော့သည်။ နောင်တစ်ချိန် မောင်က ဆေးပညာရှင်ကြီးတစ်ယောက်ဖြစ်နေပါက သူမဖွတ်ဖြစ်နေ၍ မဖြစ်ပေ။

ဒါပေမယ့် မောင်၊ မောင့်ကို ယှဉ်ပြိုင်အနိုင်လိုချင်လို့ မဟုတ်ဘူးနော်။ မောင်နဲ့အတူ တစ်ခရီးတည်းသွားခွင့်ရဖို့ မောင့်ချစ်သားသမီးတွေကို မနံ့နဲ့စွာ ပြုစုနိုင်ဖို့။

မမြင်ရတာ ကြာလွန်းလှပြီဖြစ်သော မောင့်ကို မသိအောင် အဝေးမှ ငေးစိုက်ကြည့်နေဖြစ်သည်။ မောင်က ကချင်ပုဆိုးနံ့သာနုရောင်နှင့် မီးခိုးပြာရောင် အစင်းသေးအင်္ကျီလက်ရှည်ကို လက်ခေါက်ပြီး ဝတ်ထားလေသည်။ ကျေနပ်စရာ ကောင်းလွန်းတာက သူမသည် လုံးဝမရည်ရွယ်မမျှော်လင့်ထားဘဲနှင့် ထိုပွဲတွင် အလှဆုံးဖြစ်နေသည်။ ထိုနေ့က ဖဲပြားစပုလဲဖြူပန်းဖျော့ရောင်ကို နှင်းဆီပွင့်အခင်း ဇင်းမယ်နှင့် တွဲဝတ်ပြီး လည်တိုင်တွင်လည်း ပုလဲလုံးလေးများ သုံးပင်လိမ် ဆွဲကြိုးကိုဆွဲကာ တင်ပါးနီးနီးရှည်သော ဆံစတို့ကို အရှေ့တာစောင်းကျစ်ချထားသည်။ သူမထက်လှလွန်းသော မိန်းကလေးတို့ကို မောင်ဆုံဖူးမှာဖြစ်ပေမယ့် သူမကတော့ နဂိုယဉ်ပေါ်တွင် အယဉ်ဆင့်သော အကြည့်ခံသည့် မိန်းကလေး။

ဓာတ်ပုံရိုက်ဖို့ စင်မြင့်ပေါ်တက်သွားတော့ မောင်ပြုံးပြီး စိုက်ကြည့်နေတာတွေ့ရ၏။ မျက်ရစ်ထူထူနှင့် မပိုင်းလွန်း မရှည်လွန်းသော မောင့်မျက်ဝန်းများတွင် အံ့ဩရိပ်နှင့် နှမြောရိပ် ဂရုဏာသက်ရိပ်တို့ ပါဝင်နေသည်။

မထူးဆန်းပါဘူး မောင်။



www.burmeseclassic.com

www.burmeseclassic.com



မောင် လက်မတွဲချင်လို့ ထားပစ်ခဲ့သူပါပဲ။ မောင်နဲ့ကွဲကာတည်းက တစိုးတစေ့မှ ဖြတ်တောက်ခြင်းမပြုခဲ့တဲ့ ဆံနက်ရှည်ရှည်တွေပဲ ပိုပါတယ်။

သူမနှင့် မောင်သည် ဟိုးအရင်ကလို ငယ်လွန်းသူများ မဟုတ်တော့တာကိုလည်း မောင် သတိပြုမိနိုင်လိမ့်မည်။

ဒါပေမယ့် မောင် ဒီတစ်ခါတော့ ထားပစ်ခဲ့လို့မဖြစ်ဘူးနော်။

သူမ၏ လေးနက်သည့်သစ္စာနှင့် မေတ္တာတရားက မောင့်ကို ရာသက်ပန် ဖေးမကြင်နာ လက်တွဲခွင့်ပေးလိမ့်မည် ထင်ပါသည်။

(၁၉၉၂ ဧပြီလ ရှုမဝမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျောင်း၏ ခုပေးခမ်းမကျယ်ကြီး၌ ခေါင်းဘောက်နှစ်ခုမှ တေးဂီတသံက ငြိမ့်ညောင်းမြူးကြွစွာ ထွက်ပေါ်နေသည်။ ဝါသနာလည်းပါ လှလည်းလှသော မိန်းကလေး ဆယ့်လေးယောက်ကို ဆရာမကြီးက ရွေးချယ်ကာ အခြားကပွဲများထက် ပိုမိုထူးခြားအောင် ရည်ရွယ်ထားသည်။

လှုငယ်အားကစားပွဲတော်ဆိုတာ တော်တန်ရုံမှ မဟုတ်တာက လား။

"ကဲ သမီးတို့ ခဏနားကြမယ်၊ ပြီးရင် ထမင်းစားကြပေ့ါ။ ဟုတ်ပြီလား။ ထမင်းစားပြီးရင် ထပ်ကကြမယ်နော်။ ဒီသီချင်းက လှုပ်ဖို့ရော့ဖို့လည်း လိုသလို မြူးဖို့သွက်ဖို့လည်းလိုတယ်။ ညီလည်းညီမှ ကြည့်မှာကွဲ့"

အားလုံးရဲ့မျက်နှာတွေက ရွှံ့မဲ့သွားသည်။ သင်ဟာယ်ပြုဟာယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကခဲ့ကြတာ လွန်ခဲ့သည့် အပတ်ကတည်းကမို့ ပျော်စေပျက်စေ အပျင်း ပြေထလုပ်ရ၊ စိတ်လောက်ရှိသူများက ငြီးငွေ့စပြုလာပြီ။

ကတယ်ဆိုတာ လက်တွေခြေတွေ အညောင်းပြေစေသလို အချိန်ကြာလာရင်လည်း မလှုပ်ချင်လောက်အောင် ညောင်းချိလာစေတာပဲလေ။

"ဟင်…ဆရာမကလည်း အခုမညီသေးလို့လားလို့…"

အကနည်းပြဆရာမ ဒေါ်ခင်သန်းဝင်းမျက်နှာလေးက စိတ်ရှည်စွာ ပြုံးသွားသည်။

"သမီးတို့က ကိုယ့်ကကွက်ကို ဂရုစိုက်နေရတော့ ဘယ်သိမလဲ၊ တီချာက အပြင်ကကြည့်နေတာ ဘယ်သူနေးတယ်၊ မြန်တယ်ဆိုတာ သိနေတယ်။ အောင်ဆန်းကွင်းမှာ ကရမှာ သမီးရဲ့၊ ကြည့်မယ့်သူတွေ အများကြီးကြားမှာ တို့ကျောင်းက အကောင်းဆုံးဖြစ်နေစေချင်တယ်ကွယ်"

သီရိနိုင်သည် ဆရာမ၏စကားကို ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ ကနေရမည်ဆိုလျှင် စားချိန်သောက်ချိန်တောင် မေ့လျော့နေတတ်သူဖြစ်တာက တစ်ကြောင်း၊ ငယ်စဉ်ကတည်းကပင် အကပညာကို နှစ်သက်လိုက်စားပြီး သဘောတရားကို နားလည်နေတာက တစ်ကြောင်းကြောင့် ဆရာမကို မငြိုငြင်မိ။

တစ်ခါတစ်ရံ၌ စိတ်အမှတ်သညာသည် အစိုးရနိုင်ခြင်းမဲ့စွာ လွင့်ပါးထွက်ပြေးတတ်သည်။ ထိုအခါမျိုးမှာ လက်တွေခြေတွေ အလှုပ်အရှား ခန္ဓာကိုယ် အယိမ်းအနွဲ့၊ ဦးခေါင်းအငဲ့တို့ ကျင့်သားကျစွာ တစ်ဆင့်ပြီး တစ်ဆင့် အလိုအလျောက် လုပ်သွားပါမှ ကပွဲလှမည်ဖြစ်သည်။

"နှစ်မှတ်…တစ်မှတ်…သုံးမှတ်…နှစ်မှတ်…သုံးမှတ်…သုံးမှတ်…"

သီချင်းသံပီတ်သွားသဖြင့် မျက်နှာချင်းဆိုင်အခန်းမှ ပင်ပေါ်ရိုက်သံတို့ ထွက်ပေါ်လာသည်။ တစ်ကျောင်းလုံးရှိ ကျောင်းသားကျောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံး တက်ကြွစွာလှုပ်ရှားနေသည်က ဘဝသစ်ကလေးတစ်ခုပမာ နှစ်သက်ကြည်နူးစရာကောင်းလှသည်။

"သီရိရေ . . .အပြေးသွားကျင့်တဲ့သူတွေ ပြန်လာနေပြီကွ၊ မင်းမျက်နှာလေး ထွက်ပြလိုက်ဦး"

"သွားစမ်းပါ၊ ငါ့ကို အဲဒီလူကြီးနဲ့ မစ,စမ်းပါနဲ့ဆိုတာ ဘယ်နခါ ပြောရမှာလဲ ကေသွယ်။ ဒီမှာ ပျော်နေတာလေးတောင် ပျောက်သွားပြီ။ ဒီလောက်ရုပ်ဆိုးပြီး အမြဲတမ်းချွေးတလုံးလုံး နံစော်နေတဲ့ အပြေးသမားကို တစ်သက်လုံး စိတ်မကူးဘူးမှတ်"

ရုတ်တရက်ကြီး ခက်ထန်တင်းမာသွားသော မျက်နှာကို ကေသွယ်က စေ့စေ့ကြည့်ရင်း ပြုံးနေသည်။ အပြေးကျင့်မှ ပြန်လာသူတို့၏ စကားသံတွေ တဖြည်းဖြည်းနီးကပ်လာသည်နှင့် တံခါးပေါက်ကို ကျောခိုင်းထိုင်လိုက်သည်။

"မင်းက အချောဆုံးဆိုတော့ ပြောပေ့ါ သီရိရယ်။ တခြားသူတွေက မင့် ကိုခွေကြီးမှ ကိုခွေကြီးပဲ။ မင်းလည်း သိသားပဲလေ။ သူမုန့်စား ဆင်းရင် သူ့မုန့်ဖိုးသူ ဘယ်တော့မှကုန်တာမှ မဟုတ်တာ။ ယောကျ်ား လေးတွေထက် မိန်းကလေးတွေက ပိုဆိုးသေးတယ်။ မင်းစိတ်ကူးမလွဲနဲ့ နော်။ နောက်တစ်နှစ် နှစ်နှစ်နဲ့တင် သူစတားဖြစ်နိုင်တယ်ကွ"

"သေလိုက်ပါလား။ သူ့ဘာသူ စတားမကလို့ စတားဘိုးအောပဲ ဖြစ်ဖြစ်၊ ဘယ်နှစ်ဆုပဲချိတ်ချိတ်၊ ငါတော့ တစ်စက်မှ အထင်မကြီးဘူး။ ကိုယ့်ချစ်သူဟာ ဂျာဘယ်မန်းဖြစ်ရမယ်ကွ၊ အသားက မည်းမည်း၊ ဆံပင်မွေး ထိုးထိုးထောင်ထောင်နဲ့ ဆယ့်နှစ်ရာသီ ညစ်ပတ်နေတာ၊ ရေချိုးပွက်ပွက် ဆူတဲ့အိုးထဲ ထည့်ပြုတ်တာတောင် ဒီလူချေးကျွတ်မှာ မဟုတ်ဘူး။ အိုကွာ အစားစားတုန်းပြောရတာ မမိုက်ပါဘူး"

"မိုက်တာ မမိုက်တာ ပြောမနေနဲ့။ ဟိုမှာ ရွှေကိုယ်တော်က

www.burmeseclassic.com



ကော်ရစ်ဒါမှာထိုင်ပြီး မင်းကိုကြည့်နေပြီ သီရိရဲ့ ဟဲ…ဟဲ ငါတောင် ကြားထဲက မျက်နှာပူလာတယ်။ ဟိုဘက်လှည့်နေမှ…"

"ဟွန့်…"

မျက်နှာကို မဲ့လိုက်ပြီး ခေါင်းကိုဆတ်ခနဲ လှည့်ဖြစ်သွားသည်။ ကေသွယ်က နောက်ပြောင်နေသည် မဟုတ်၊ သူမ မုန်းတီးစက်ဆုပ်ရွံရှာမက ရွံရှာလှစွာသော ကျောင်း၏ အပြေးချန်ပီယံ ကိုမင်းခွေသည် သီရိကို ပြုံးပင် ပြုံးပြလိုက်သေးသည်။

"ရုပ်ကိုက သေတော့မယ့် ရုပ်မျိုး၊ စားရသောက်ရတာတောင် သူ့မျက်နှာကြည့်နေရသေးတယ်"

သီရိ၏ ရက်ရက်စက်စက် တီးတိုးသံကြောင့် ကေသွယ်ရယ်နေသည်။

◈ ◈ ◈

"ချမ်းလိုက်တာကွာ၊ ဒီလောက် ဆွယ်တာကြီး ဝတ်လာတာတောင် မှပဲ၊ မင်းမွေးနေ့မို့သာ ကိုယ် အစောကြီး ထလာတာ မဟုတ်ရင် တော်တော် အိပ်ကောင်းမှာ"

"အေးလေ…ကိုယ့်မွေးနေ့က ဆောင်းတွင်းကြီးဖြစ်နေတာကိုး။ လာ…မြန်မြန်လျှောက်ကြမယ်၊ သွေးလေးဘာလေး ပူလာအောင်လေ၊ မဝေးတော့ဘူးကွ၊ ရောက်တော့မယ်။ ကားရှိရင် ဒီလောက် မပင်ပန်းပါဘူး သူငယ်ချင်းရာ"

ကေသွယ်နှင့် အိမ်ချင်းနီးသဖြင့် သွားအတူလာအတူ ဖြစ်နေသည်။ ဘတ်(စ်)ကား ပြေးဆွဲရာလမ်းနှင့် အလှမ်းကွာသောကြောင့် ဘုရားသွားတိုင်း လမ်းလျှောက်သွားရမြဲ။

"နွေရာသီဆိုရင် ဒီအချိန် ပန်းသည်တွေ ဈေးသည်တွေအပြင် ကိုယ်ပိုင်ကားတွေတောင် တွေ့ရတယ်နော်။ ခုတော့ ဆောင်းတွင်းမို့လား



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ လူတစ်ယောက်နှစ်ယောက်ပဲတွေ့တယ်"

"အင်း…"

သီရိခြေလှမ်းတွေ ရုတ်တရက်ကြီး နှေးစိတ်သွားသည်။ ညာဘက်ဝမ်းဗိုက်ဆီမှ ဆောင့်ကန်လိုက်သလို နာကျင်လှသောဝေဒနာကြောင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွား၏။

"သီရိ ဘာဖြစ်တာလဲ"

"ဗိုက်အောင့်တယ်ဟာ၊ ဘာဖြစ်တာလဲ မသိဘူး"

"ဒါဆို ခဏနားမယ်လေ"

"ဟော့အေး…တစ်ချက်ပဲ။ နေဦး…အား…အောင့်ပြန်ပြီ မြတ်စွာဘုရား။ ဘာဖြစ်တာလဲ မသိဘူး။ နာလိုက်တာ…အမလေး"

"ဟဲ့…ဒုက္ခပဲ၊ ငါဘာလုပ်ရမှာလဲ၊ သီရိ၊ သီရိ…ဟယ်…ဇောချွေးတွေနဲ့ပါလား"

"ကေသွယ်ရေ…လုပ်ပါဦး။ နာတယ်၊ အရမ်းနာလာတယ်၊ အင့်…ဟင့်…"

ပလက်ဖောင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်ရာကနေ ခြေပစ်လက်ပစ်လိမ့်မလိုဖြစ်နေသော သီရိကိုကြည့်ရင်း ကေသွယ်အသက်ရှူတွေ မြန်လာသည်။ အနီးအနားမှာ အကူတောင်းစရာ လူမရှိ၊ ယာဉ်မရှိ။

"ဖျတ်…ဖျတ်…ဖျတ်…"

အသံလာရာသို့ လှည့်ကြည့်လိုက်သည်။ မသဲမကွဲမှုန်ပျပျ အလင်းအောက်မှာ တရိပ်ရိပ်လှုပ်ရှားနေသော အရာတစ်ခု…

"လူတစ်ယောက်ပဲ အပြေးကျင့်နေတာ ထင်တယ်။ တော်ပါသေးရဲ့"

လေသံပျော့လေးနဲ့ တအင့်အင့်ညည်းရင်း ငိုရှိုက်နေသော သီရိကို ပွေ့ထားပြီး အနားသို့ ထိုလူအမြန်ရောက်လာဖို့ ဆုတောင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းချိုးလမ်းကွေ့မရှိတာမို့ ချိုးကွေ့သွားမှာတော့ မပူပင်ရ။

"ခင်ဗျားတို့ ဘာဖြစ်နေ...ဟင်...သီရိပါလား။ သီရိ၊ သီရိ ဘာဖြစ်တာလဲ၊ သီရိ...သီရိ..."

"ဗိုက်အောင့်တယ် ပြောတယ် ကိုမင်းဆွေ လုပ်ပါဦး၊ ကေသွယ် တစ်ယောက်တည်း အားငယ်လိုက်တာ၊ ကိုမင်းဆွေမို့ တော်သေးတာပေါ့"

"ကျွန်တော် ဒီနားတင်ပတ်နေတာ စောစောက တွေ့သားပဲ၊ သီရိနဲ့ကေသွယ်မှန်းတော့ မသိဘူး"

"ကဲ...ကိုမင်းဆွေရေ ခုဘယ်လိုလုပ်ကြမလဲ၊ ဆရာဝန်ဆီ ရောက်ဖို့အရေးကြီးတယ်၊ ကားတွေ ဆိုက်ကားတွေလည်း မတွေ့ဘူး၊ ဒုက္ခပဲ"

ကိုမင်းဆွေက ဘေးဘီကို တစ်ချက်လှည့်ကြည့်ပြီး ဘာမှပြောဆို မနေတော့ဘဲ သီရိခန္ဓာကိုယ်ကို ချီပိုးမြှောက်တင်လိုက်သည်။

"ဟယ်...ကိုမင်းဆွေရယ်"

ကေသွယ် အာမေဋိတ်သံကို ကြားအပြီးမှာ သန်မာသော လက်မောင်း လက်ဖျံများနှင့် ကျယ်ပြန့်သော ရင်ခွင်တစ်ခု၏ နွေးထွေးမှုကို ခံစားရသည်။ ဝေဒနာခံစားနေသည့်ကြားမှ ချွေးရနံ့တစ်ခုကိုလည်း ရရှိနေ၏။

"ဟင့်အင်း...မသွားဘူး။ နင်နဲ့မသွားဘူး၊ လွှတ်စမ်း၊ ငါ့ဘာသာ သေချင်သေပေ့စေ၊ အခုပြန်ချပေး"

သူ့ကိုပြောခဲ့သည့် စကားလုံးတွေ အသိမှာထင်ရှားနေဆဲ တောက် ပစူးလက်သည့် မျက်လုံးစုံနှင့် သူ့ပုံသဏ္ဍာန်ကို မှတ်မိနေဆဲ မုန်းတီးစက် ဆုပ်စွာ အစွမ်းရှိသမျှ ရုန်းကန်ထုနက်လိုက်သည်။

"သီရိ...ဟော့...သီရိ...ကိုမင်းဆွေကို မထုနဲ့၊ မင်း မူးနေ ပြီ၊ ငြိမ်ငြိမ်နေမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ၊ ကျွန်တော် မနာပါဘူး"

"မလိုက်ဘူး...မလိုက်ဘူး"

ရှန်းရင်းကန်ရင်းနှင့် သီရိခန္ဓာကိုယ် မြောက်လိုက်နိမ့်လိုက်ဖြစ်နေသည်။ ပေဘာဟဲလိုက်အောင် မောနေသည့် သူ့တွက်လေဝင်လေမှုများက မကြာခဏ ကိုယ်ပေါ်သို့ လာထိတွေ့သည်။ အသာပွေ့ထားခြင်းဖြစ်သဖြင့် နာကျင်မှုဒဏ်ကို မခံစားရသော်လည်း အသည်းတွင်းမှာ စိမ့်ခနဲစိမ့်ခနဲ အေးနေ၏။

❖ ❖ ❖

အင်းလျားကန်ရေပြင်ကိုကြည့်ရင်း တည်ငြိမ်သောရင်ဖြင့် နက်ရှိုင်းသည့် ခံစားမှုတို့ကို သိနေသည်။ အဝေးမှလှမ်းမြင်နေရသည့် တစ်ဖက်ကမ်းရှိ တိုက်တာတို့နှယ် ကျောက်သားပကတိပမာ မတုန်လှုပ်တတ်လျှင် ကောင်းလေစွဟု တောင့်တမိသည်။

အရွယ်ရောက်ပြီး မိန်းမလှလေးတစ်ယောက်အနေဖြင့် ရင်ခုန်တိမ်းမူးဖွယ် ချစ်သူရည်းစားထားခွင့်ရှိပါလျက် မထားနိုင်သည့်အဖြစ်။

"ကိုယ်တို့ ဒီနှစ်ပြီးရင် ဘွဲ့ရပြီနော်။ သေသေချာချာ စဉ်းစားကြည့်ရင် ကလေးတွေက အန်တီတောင် ခေါ်နေကြပြီကွ။ ကိုယ်တို့အသက်တွေ မငယ်တော့ဘူး။ သီရိ မင်းကရော အိမ်ကရွေးပေးတဲ့လူကိုပဲ လက်ထပ်မှာလားဟင်"

"ဟင့်အင်း"

"ဒါဆို မင်းချစ်သူရှာဦးမှာပေါ့။ ဟုတ်လား။ ကြည့်လည်းလုပ်နော် သူငယ်ချင်း။ ဟိုမရောက် သည်မရောက်နဲ့ ဇော်ကန့်လန့်ဖြစ်နေမယ်နေပါဦး။ မင်းက ဒီအရွယ်ကြီး စိတ်ကူးယဉ်ချင်သေးလို့လား။ အိမ်မှာသဘောမတူရင် ဒုက္ခရောက်မှာနော့"

"ဟင့်အင်း...ကိုယ် ချစ်သူရှာဖို့ စိတ်ကူးမရှိဘူး ကေသွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာ ချစ်သူရှိနေတယ်"

"ဘယ်လို"

ကေသွယ့်မျက်လုံးကြီး ပြူးထွက်လာသည်။ ကြောင်ပြီးကြည့်နေမိ၏။ ကေသွယ့်အစား မြင်နေမိသူကတော့ တစ်ယောက်ဖြစ်ပြီး ထိုတစ်ယောက်သည် သီရိနှလုံးသားကို နားမလည်သူ၊ နားလည်ဖို့လည်း မကြိုးစားသူ၊ သို့မဟုတ် နားမလည်ချင်ယောင်ဆောင်နေသူ…

"မွေးကတည်းက လည်ပင်းဖက်ပြီး ကြီးလာတဲ့ သူငယ်ချင်းတွေပါ၊ မင်း ရည်းစားထားတာ ကိုယ် မသိရပါလား"

"ရည်းစား မဟုတ်ပါဘူး ကေသွယ်၊ ချစ်သူပါ"

"ကိုယ့်ရင်ထဲက ကိုယ့်ချစ်သူပါ။ သူ့ကိုလေ ကိုယ်ချစ်နေမိတာ ခုဆိုရင် သုံးနှစ်နီးပါးရှိတော့မယ်။ ကိုယ်မထင်ဘူး၊ ဘယ်လိုမှ မထင်ခဲ့မိဘူး။ သူ့ကို ဘယ်လိုချစ်သွားမိလဲဆိုတာလည်း ကိုယ့်ဘာသာ စဉ်းစားမရတော့ဘူး။"

"ဒါနဲ့ မင်း ဟိုတုန်းကပြောတုန်းက ကိုမင်းခေွဟာ ဘီလူးရုပ်၊ သူ့ရဲ့ရုပ်၊ သူနဲ့သာ လက်ထပ်ရရင် ညညအိပ်တောင်ပျော်မှာ မဟုတ်ဘူးဆိုဟား…ဟား…ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်"

ရင်ထဲက ဝမ်းနည်းမှုကြောင့် မျက်လုံးအိမ်မှာ မျက်ရည်တွေဝိုင်းလာသည်။ လွတ်လပ်ပေါ့ပါးသော ကေသွယ့်ရယ်မောသံတွေက ရင်နံရံမှာ ပဲ့တင်လျက်တုန်ခါနေ၏။

"ရယ်ပါ ကေသွယ် မင်း ရယ်ပါ။ ကမ္ဘာပေါ်မှာ ကိုယ်ဟာ ရယ်စရာအကောင်းဆုံးပဲ"

"ဟာ・・・သီရိ၊ မငိုနဲ့လေ၊ ဘာငိုစရာရှိလဲ၊ ကိုမင်းခေွက မင်းကို ချစ်တာပဲ…မင်းနားမှာ ရှိနေတာပဲ၊ မင်းအနွံတာလည်း ခံတာပဲ။ ဘာမှငိုစရာ အကြောင်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်း ခေါင်းခါမိတော့သည်။

"သူ ကိုယ့်ကိုချစ်တယ်ဆိုတာ ကိုယ်သိတယ်။ ဒါပေမယ့် သူ ကိုယ့်ကို ရည်းစားစကား မပြောဘူး ကေသွယ်။ သူကလဲ့စားချေနေပြီ"

"အခိပ္ပါယ်မရှိတာ၊ မဖြစ်နိုင်ဘူး သီရိ။ ဒါယုတ်မာသူတွေ အလုပ်ပဲ။ မင်းဆွေ ဘယ်တော့မှလုပ်မှာ မဟုတ်ဘူး။ အင်း…ဒီကိစ္စ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ဘာမှတုံ့ပြန်ပြောဆိုနိုင်အား မရှိ။ အစဉ်အမြဲ သူ့အလုပ်နှင့်သာ နပန်းလုံးနေရသော ချစ်သူ့ပုံရိပ်ကိုမြင်သည်။

အားကစားသည် ပထမ၊ အားကစားသည် ဒုတိယ၊ အားကစားသည် တတိယ။

စိတ်ခံစားမှုကို ဘေးချိတ်ထားတတ်သူတစ်ယောက်၏ဘဝမှာ အချစ်အတွက် နေရာက ဘယ်မှာလဲ။

◈ ◈ ◈

ကျောင်းဆောင်တွေကြား လမ်းသွယ်က အနည်းငယ်မှောင်နေသည်။ အားတင်းပြီး ခပ်သွက်သွက် တစ်ဦးတည်းလျှောက်လာ၏။ အထီးကျန်မှုကြောင့် သူ့ကို သတိရနေသေးသည်။ ချက်ချင်းပဲ ခေါင်းထဲက ဖယ်ထုတ်လိုက်၏။

"ဟော…သီရိ…အတော်ပဲ။ ကိုယ် သီရိကို ပြောစရာရှိနေတာ။ လူရှေ့ပွဲနီးနေတာနဲ့ မအားလို့ မလာရဘူး။ အခု ကိုယ့်ဆီကို လာတာလား"

ကျောင်းအားကစားရုံထဲမှ အဝတ်အိတ်ဆွဲလျက် ထွက်လာသော သူ့ကို ရုတ်တရက် မြင်လိုက်ရသည်။ ပျော့ရွှင်သွားသော စိတ်က ခဏကလေး၊ နာကျည်းမှုတွေ ဖုံးလွှမ်းလာပြီး စိမ်းကားစွာ ကြည့်နေမိသည်။ ရင်ထဲမှာ ဗလောင်ဆူစွာ မကျေနပ်မှုတွေ ဝုန်းဒိုင်းကျဲလာ၏။ ထိန်းချုပ်မထားချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဆီကို ကျွန်မက ဘာလာလုပ်ရမှာလဲ။ ဟိုဘက်မှာ လမ်းပိတ်နေလို့ ဒီဘက်က ဖြတ်လာတာ။ ရှိမှန်းသိရင် လုံးဝမလာဘူး၊ သိလား။ ဒီခြေထောက်ကိုက အလိုက်ကန်းဆိုးမသိ"

"သီရိ···ကိုယ့်ကို စိတ်ဆိုးနေတယ်၊ ဟုတ်လား။ ဘာဖြစ်လို့လဲ ကိုယ်စဉ်းစားလို့ မရဘူး"

မျက်လုံးများမှတစ်ဆင့် ရင်တွင်းသို့ ထိုးဖောက်အဖြေရှာနေသော သူ့မျက်လုံးတွေကို ရင်ဆိုင်နိုင်ခြင်း ကင်းမဲ့စွာ၊ မြက်ပင်များကို အကြောင်းမဲ့ စိုက်ငေးမိသည်။ မျက်ဝန်းမှ မျက်ရည်တွေက အိခနဲကျဆင်းလာ၏။

နားမလည်ချင်ယောင်ဆောင်နေတဲ့သူ့ကို နားလည်အောင် မစွမ်းဆောင်ချင်ဘူးကွယ်၊ ကိုယ် သွားပါရစေတော့။

"မော့ပါဦး သီရိရယ်"

လက်သွယ်နွေးနွေးတို့က မေးဖျားဆီသို့ အသာထိတွေ့လျက်ပင့်မော့လာစေသည်။ ရက်များစွာ လွမ်းဆွတ်နေသော မျက်နှာညှိုညှိုကို မမျှော်ဝံ့ မျှော်ဝံ့။

"သီရိ ငိုနေတယ်၊ ဘာဖြစ်လို့လဲ၊ ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ သီရိ မသိဘူးလား၊ အခု အပင်ပန်းခံကြိုးစားသမျှလည်း သီရိအတွက်ပဲ၊ မောင်အောင်မြင်မှ သီရိ တင့်တင့်တယ်တယ် နေရမှာလေ။ ဖွင့်မပြောသေးတာက အာရုံပြောင်းသွားမှာစိုးလို့ ထိန်းချုပ်ထားရတာ၊ အချိန်နဲ့အမျှ သတိရနေပါတယ်ကွယ်"

"ဟင့်အင်း···"

အင်အားမဲ့သော ငြင်းဆန်သံက နှစ်ဦးကြားတိုးလျှစွာ၊ သူ့ခြေထောက်တွေကို မြတ်နိုးစွာ စိုက်ကြည့်နေမိသည်။ ကျေနပ်ကြည်နူးခြင်းနှင့်အတူ ဆိုးနွဲ့လိုမှုတို့က နှလုံးသားမှာ ပျော့ပြောင်းစွာ နေရာယူနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ချစ်တယ်လို့ပြောလေ သီရိ"

"ဟင့်အင်း"

"ပြောပါ သီရိရဲ့ ဘယ်သူမှမရှိဘူး။ မောင်တို့နှစ်ယောက်တည်းပဲရှိတာ၊ လူရှင်းတုန်း ပြောလေ"

"တော်ပါ၊ ရည်းစားစကားပြောတာကလည်း လမ်းမကြီးမှာ၊ သွားဘာမှန်းလည်းမသိဘူး။ သူများကို ပစ်တုန်းကတော့ ပစ်ထားပြီးတော့။"

"ဒီနေရာလေးက ချစ်စရာကောင်းတယ် သီရိရဲ့၊ ပြီးတော့လေ"

ပါးပြင်၌ ပွန်းရှတသွားသည်။ စိတ်ဆိုးဖို့ မေ့လျော့စွာ ငြိမ်သက်နေမိသည်လား။

(၂၀၀၀ ဩဂုတ်လ ခေတ်သစ်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com



အမည်ရင်း အေးကြည်ပြာဖြစ်သည်။

အဘ- ဦးခင်စိန် အမိ- ဒေါ်အေးအေးမြင့်တို့မှ ၁၉၇၁-ခု၊ ဇူလိုင်လ ၂ ရက်၊ သောကြာနေ့တွင် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့၌ မွေးဖွားသည်။ မွေးချင်း ညီအစ်မ လေးယောက်အနက် ဒုတိယမြောက် ဖြစ်သည်။

ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ဘိရှော့ပှာမ်းကျောင်း (ယခု အလက (၁)ဒဂုံ) တွင် မူလတန်းပညာ သင်ကြားခဲ့ပြီး အထက(၁)ဒဂုံမှ အထက်တန်းအောင်မြင်သည်။ ရန်ကုန် တက္ကသိုလ် ကြည့်မြင်တိုင် နယ်မြေတွင် ပထမနှစ်၊ ဒုတိယနှစ် နှစ်,နှစ် တက်ရောက်ခဲ့ပြီး တတိယ နှစ်နှင့် စတုတ္ထနှစ်ကို ရန်ကုန်တက္ကသိုလ်(ပင်မ) တွင် တက်ရောက်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် သချာအဓိကဖြင့် သိပ္ပံဘွဲ့ ရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉ဂဂ-ခု၊ ဇူလိုင်လထုတ် ပန်းဝေသီမဂ္ဂဇင်းတွင် "ပြေ ၇-ရက် နိုင်ယာရီ" ဝတ္ထုတိုဖြင့် စာပေလောကသို့ စတင်ဝင်ရောက်သည်။

ပေဖူးလွှာ၊ ရှုမဝ၊ ကလျာ၊ ရွှေသမင်၊ ရင်ခုန်ပွင့်၊ ခေတ်သစ်၊ လုံမလေး၊ ချယ်ရီ၊ နှင်းဆီ၊ အပျိုမ၊ ဇီဝက၊ ဆယ်ကျော်သက်၊ ရတနာသစ် မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးများ အပုဒ်ရေ ၅၀ ကျော် ရေးသားခဲ့ပြီး ဖြစ်သည်။

"နှုတ်ခမ်းဖြူဖြူ၏ အနားသတ်မျဉ်း" (နှမ်ရှာသိုင်းနှင့်)၊ "ချစ်ခြင်း၏ စာမျက်နှာများ" (ငြိမ်းကျော်နှင့်)၊ "ရင်ကို ချမ်းမြေ့စေသောအရာသည်" (ကလျာ-ဝိဇ္ဇာ/သိပ္ပံနှင့်) လုံးချင်းဝတ္ထုများ အပါအဝင် ပင်ကိုရေး လုံးချင်း ၉ ပုဒ် ရေးသားခဲ့သည်။

၁၉၉၀-ခုနှစ်တွင် မော်ဒန်စာအုပ်တိုက်ကို ထူထောင်သည်။ အခြား စာရေးဆရာများ၏ လုံးချင်းဝတ္ထုများနှင့် စာအုပ်များ ထုတ်ဝေဖြန့်ချိခဲ့ သည်။

၁၉၉၅ ခုနှစ်တွင် ပူတူတူးလေးရုပ်စုံ(လစဉ်)စာအုပ်ကို ခင်ပွန်း သည်နှင့်အတူ ပူးတွဲစီစဉ်ဖြန့်ချိထုတ်ဝေခဲ့သည်။

ယခုအချိန်၌ ပူတူတူးလေး ကလေးမဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်လျက်ရှိသည်။

www.burmeseclassic.com